www.burmeseclassic.com

ဆေးတက္ကသိုလ်

# မနက်ဖြန်တို့ရဲ့ အဆုံးမဲ့ခရီးရှည်



BURMESE CLASSIC .com

www.burmeseclassic.com

Finger Tip Art Group

www.burmeseclassic.com

ရှင်မိုး (ဆေးတက္ကသိုလ်)

မနက်ဖြန်တို့ရဲ့ အဆုံးမဲ့ခရီးရှည်

စာမူခွင့်ပြုချက်အမှတ် - ၃၄၉/ ၂၀၀၀ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁/ ၂၀၀၁ (၁)
၂၀၀၁ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/-

ထုတ်ဝေသူ... ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
အမှတ် ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ... ဦးကျော်လှိုင် (စေတနာ-OFFEST) ၅၅၇၇
အမှတ် (၅၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

# ရှင်မိုး
## (ဆေးတက္ကသိုလ်)

# မနက်ဖြန်တို့ရဲ့အဆုံးမဲ့ခရီးရှည်

အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း– ၂၂၅၇၇၅

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုဖွားအားလုံး၏ အရေးကြီးသော တာဝန်ဖြစ်သည်။**

ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်
ချေမှုန်းကြ



# နိဒါန်းနံပါတ်(၁)

ကောင်လေး တစ်ယောက်ရှိပါတယ်။သူ့ နာမည်က တော့ 'ဆိုင်းဆိုင်'တဲ့လေ။

သူက ရုပ်ရည်ကလေးက အင်မတန်မှ ချစ်စရာလည်း ကောင်းတယ်။သိပ် အချောအလှကြီး မဟုတ်ပေမယ့် သူ့ ရုပ်ကလေးက ချစ်စရာကောင်းလွန်းနေတဲ့ အသွင်နဲ့ ထင်ရှားနေတယ်။

သူ့ ရုပ်ရည်နဲ့ လိုက်အောင် လူချစ်လူခင်လည်း သိပ်ပေါတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော သားကလေးမို့ မိဘက အချစ်လွန်ကဲခြင်းခံရခြင်းထဲမှာ သူက အရွယ်ရောက်တဲ့အထိ နေသား မကျသေးတဲ့ အခြေအနေကို ရင်ဆိုင်နေရတယ်။

သူ…တစ်ခုခုလုပ်ကြည့်ချင်တိုင်းမိဘကို ခွင့်တောင်းတိုင်း ခွင့်မပြုခြင်းခံရဖန်များလာတော့ သူက ခိုးကြောင်ခိုးဝှက်လုပ်တတ်ချင်တဲ့စိတ်ကလေးတစ်မျိုးရှိလာတယ်။

ပြီးတော့ သူ့မှာထူးခြားတဲ့ ဝါသနာလေးတစ်မျိုးလဲရှိတယ်။

သူက မဟုတ်မမှန်လုပ်ကြံဖြီးဖြန်းတဲ့ ဝိညာဉ်ဘဝဇာတ်လမ်း၊ သရဲ၊ တစ္ဆေဇာတ်လမ်းတွေကို သူများမကြောက်ကြောက်အောင် ပြောတတ်တဲ့ ဝါသနာက ဘစ်မျိုး…။

သူများကိုဖန်တီးပြီး သရဲခြောက်တတ်တဲ့ဝါသနာက တစ်မျိုး။

နောက်ဆုံး ဝါသနာတစ်ခုကတော့ တော်တော့်ကိုမှ စွန့်စားချင်တဲ့ဝါသနာပါပဲ။

အဲဒီဝါသနာက ဘာလဲဆိုတော့ ဘတ်(စ်)ကားတွေကို တွယ်စီးချင်တဲ့ စွန့်စားခြင်းတည်းဟူသော ဝါသနာပင်ဖြစ်တော့တယ်။



BURMESE CLASSIC .com



မိဘက ချစ်လွန်လွန်းလို့ သူအန္တရာယ်ဖြစ်မှာစိုးလွန်းလို့ ကားတောင်ကိုယ်တိုင်မောင်းခွင့်မပြုပဲ တက္ကသိုလ်ကျောင်းသားဖြစ်တဲ့အရွယ်အထိ ဒရိုင်ဘာနဲ့ကျောင်းသွားရခဲ့ဖြစ်တာတောင် သူက လစ်ရင်လစ်သလို ဘတ်(စ်)ကားကို မရမကတွယ်စီးခြင်းနဲ့ စွန့်စားကြည့်နေတတ်တယ်။

အဲဒါကတော့ ဆိုင်းဆိုင်လို့အမည်တွင်တဲ့ ချစ်စရာကောင်လေးတစ်ယောက်ရဲ့ နိဒါန်းပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်းနံပါတ်(၂)

ကောင်မလေးတစ်ယောက် ရှိပါတယ်။ သူ့နာမည်ကတော့ 'မြတ်ကျေးညို' ဆိုတဲ့ ရိုးရိုးယဉ်ယဉ်အမည်ကလေးပါ။

သူကလေးက ဘဲ ဥပုံမျက်နှာကလေးမှာ ဆံပင်အလယ်တည့်တည့်ခွဲထားသော ဆံမျှင်ပျော့ပျော့ပါးပါးလေးတွေက မျက်နှာဘေးတစ်ဝိုက်မှာ သိုင်းဝိုင်းဖွဲ့နှောင်ဖုံးအုပ်ထားတာဟာ မေးစေ့မှာတော့ တိတိကလေး အဆုံးသတ်ထားတဲ့ ဆံပင်ပုံစံတစ်မျိုးလေးနဲ့ ချစ်စရာကောင်းတဲ့ ကောင်မလေး

BURMESE CLASSIC .com



တစ်ယောက်ဖြစ်ပါတယ်။ မိဘနှစ်ပါးအပြင် အစ်ကိုကြီးတစ်ယောက်နဲ့ သူကလေးတစ်ယောက်တည်းရှိတဲ့ မောင်နှမနှစ်ယောက်တည်း ရှိတာမို့ မိဘတွေကလဲ သမီးထွေးလေးအဖြစ် အစ်ကိုကြီးကလဲ အသက်ဆယ်နှစ်လောက် ကွာလှတာမို့ ညီမထွေးကလေးအဖြစ် ချစ်ခင်အလို လိုက်ထားခြင်းခံရသူကလေးလဲဖြစ်ပါတယ်။

သူကလေးဟာ အင်မတန်မှ အသည်းငယ်လှသူလဲဖြစ်တယ်။

အကောင်ဗလောင် သေးသေးမွှားမွှားတွေဆို အရမ်းကြောက်တတ်တဲ့ အကျင့်ရှိတယ်။

သေးသေးမွှားမွှားဆို ပုရွက်ဆိတ်ကအစ တီကောင်၊ ပိုးဟပ်၊ ဖား၊ အိမ်မြှောင် အစရှိတဲ့ အကောင်ဗလောင်တွေကိုတော့ ထွန့်ထွန့်လူးအောင် ကြောက်တတ်တယ်။

ပြီးတော့ သူမအကြောက်ဆုံးကတော့ မမြင်ရတဲ့ ဝိညာဉ်၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေစသည်များကို အကြောက်ကြီးကြောက်တတ်ခြင်းပဲဖြစ်ပါတယ်။

မြင်ရတဲ့ အကောင်ဗလောင်တွေကိုလဲ ကြောက်သလို မမြင်ရတဲ့ အကောင်ဗလောင်တွေကိုလဲ ကြောက်တ

www.burmeseclassic.com

www.burmeseclassic.com



လှပေမယ့်....။

သူမ ဝါသနာကား....။

အဲဒီ အရာဝတ္ထုတွေကို မကြည့်ပဲလဲ မနေနိုင်။ အကောင်ပလောင်ကိုအသည်းတယားယား၊ ကြက်သီးတဖြန်းဖြန်းထပြီး စိတ်ဝင်တစား ကြည့်တတ်သလို ဝိညာဉ်၊ တစ္ဆေ၊ စုန်း၊ ကဝေ ရုပ်ရှင်ဇာတ်ကားတွေဆိုလဲ စိတ်ဝင်တစား အသေအချာကြည့်လိုကြည့်၊ ကြည့်ပြီးတော့လဲ အိမ်ရှေ့နဲ့နောက်ဖေး မကူးရဲ၊ တစ်ယောက်တည်း အိမ်သာမသွားရဲ၊ ညဘက်ခွေးအူရင် မအိပ်ရဲ စသည်အဖြစ်သနစ်က တစ်မျိုး။

နောက်တစ်ခုကား အင်မတန်မှ အတိုင်အတောထူတာပဲ။ ငယ်ငယ်ကတည်းက အတိုင်အတောထူခဲ့တာ ယခုအရွယ် တက္ကသိုလ်တက်တဲ့ အထိလဲ သူမ စောင့်ကြည့်တိုင်တောရမဲ့လူတစ်ယောက်အကြောင်းကို တိုင်လို့တောလို့ကောင်းဆဲ ဆိုတဲ့ အဖြစ်သနစ်က တစ်မျိုး။

အဲဒါကတော့ 'မြတ်ကျေးညို' ဆိုတဲ့ ချစ်စရာကောင်းမလေးတစ်ယောက်ရဲ့ နိဒါန်းပဲဖြစ်ပါတယ်။



ပထမအဖြစ်အပျက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ဆိုင်းဆိုင်သည် နံနက်စာ ကော်ဖီဝိုင်းတွင် ဝင်ထိုင်လိုက်လျှင် ဝင်ထိုင်ချင်းပင် သူ့သောက်မဲ့ ကော်ဖီခွက်ထဲ ကော်ဖီကလာငှဲ့ပေးပြီးဖြစ်နေသော သူ့ရဲ့ တစ်နေ့တာ ဓာတ်လမ်းအစကို အလိုလိုနေရင်း မကျေနပ်ဖြစ်ကာ ရှုပုပ်နေတော့သည်။

သူ ကော်ဖီမသောက်ချင်။ သူများတွေလိုလမ်းမ, ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ချင်သည်။ ကော်ဖီမကြိုက်တာတော့မဟုတ်။ ကြိုက်တော့ကြိုက်ပေမယ့် လက်ဖက်ရည်

www.burmeseclassic.com



ဆိုင်ကိုထိုင်ကိုထိုင်ချင်တာဖြစ်သည်။

ကျောင်းမှာ သူငယ်ချင်းတွေနဲ့ ထိုင်ရသော အရသာကို သူ စွဲမက်နှစ်ခြိုက်သလို သူတို့ပြောနေကြသော...။

"မနက်က လက်ဖက်ရည်ဆိုင်မှာကွာ..."

ဆိုတာမျိုး သူလဲပြောချင်သည်။

သူ့မှာတော့...တစ်နေ့လာလဲ....

"အိမ်မှာကော်ဖီနဲ့မုန့်စားလာရတယ်ကွာ"

လို့ချည်း ပြောပြောနေရတာကို အောက်သည်ဟု သူ ထင်မြင်ယူဆပါသည်။

လောကတွင် သူ့လောက် လုပ်ချင်တာမှန်သမျှ တော်တော်များများတို့ကို ပိတ်ပင်တားဆီးခံရသော သူမျိုးရှိမည်မထင်ဟု သူက ဆောင့်ကြီးအောင့်ကြီး တွေးတောနေမိပါသည်။

"သားလေး...ကော်ဖီ နွေးတုန်းသောက်လိုက်လေကွယ်"

"ဘာဖြစ်နေတာလဲ မင်းရပ်က...မနက်စောစော မျက်နှာကြည်ကြည်လင်လင်ရှိမှ တစ်နေ့ကုန်စိတ်ကြည်တာကွ...အဲဒီလို ပုပ်သိုးနေတာ ငါမ



ကြိုက်ဘူး"

"အဖေကြီးကလဲ သားလေးကို မဆူပါနဲ့ ကလေးစိတ်ညစ်မယ်"

"မင်း အလိုလိုက်မနေနဲ့၊ ဒီကောင် ည...ည ဆို စောစော မအိပ်ဘူး၊ ဒီတော့ ဘယ်စိတ်ကြည်မလဲ"

"ဘာလုပ်နေသလဲ...သားလေး"

"အမေကြီး...မင်းသားဘာလုပ်နေလဲ...မင်းသိသားပဲ ဟိုကောင်မလေးကို သူ စ,စရာမရှိရှာကြံစမယ်..."

ငါသိတယ်၊ ဖုန်းခေါ်လိုက် ဒီဘက်ကနေ အသံဗလံ မျိုးစုံနောက်လိုက်နဲ့စ,မှာ၊ ဟိုကလဲ ဒီကောင်ခြောက်မှန်းသိလျက်နဲ့ ကြောက်တတ်ပါဘိ"

"သားရယ်...ညီလေးကို မစပါနဲ့..."

ခုထိ ဆိုင်းဆိုင်သည် စကားတစ်ခွန်းမှ မပြောဘဲ ပုပ်ပေကပ်နေကာ မုန့်ဟင်းခါးကို ပါးစပ်ထဲ ထည့်တာကနည်းနည်း မွှေနေတာက များများ လုပ်နေသည်။

ဘာဖြစ်လဲ ကိုယ့်ချစ်သူ ကိုယ်စ,တာ။ သရဲခြောက်

www.burmeseclassic.com

www.burmeseclassic.com



ပြတာ။ မေမေတို့က ပိုကိုပိုတယ်။ ဟိုကလည်း သူ့ဆိုအဖြစ် သည်းမှန်းသိလို့ ကြောက်လဲမကြောက်ပဲ လာလာတိုင်တယ်။

"ဟဲ့...စကားပြောဦးလေ..မင်းက ဖအေနဲ့ မအေကို အရှုးကျနေတာပဲ၊ ပြန်မပြောရ မဆိုရနဲ့"

"သားမှာပြောစရာမှမရှိတာဗျာ..."

"ဘာမရှိတာလဲ"

"ဖေဖေတို့ပြောတာ အကုန်မှန်နေတာပဲ အဲဒါ ...ဘာပြောစရာရှိတော့မလဲ..."

"ဒါဖြင့်...မင်း,ညက ကျေးညိုကို ဖုန်းနဲ့ ခြောက်ပြန်ပြီပေါ့"

"သားခြောက်မှန်းသူသိသားပဲ ဘာလို့ ကြောက်နေစရာရှိလဲဗျာ အပိုတွေပါ..."

"ဟဲ...ခြောက်မှန်းသိပေမယ့် ကြောက်တဲ့သူ ကကြောက်တာပဲ သားရယ်၊ မင်းမလဲ ဘယ်လို ကလေးလဲကွဲ့၊ အံ့သြပါရဲ့ကွယ်၊ ကိုယ့်ရည်းစားက သရဲဘာညာ အဲဒါတွေကြောက်မှန်းသိလျက်နဲ့ ခြောက်ပြောလားပြောရဲ့၊ အဲဒါ အကြင်နာကို နည်း တဲ့သဘောပဲ...."



"သူ...မကြောက်ပါဘူးဗျာ၊ တမင်ရှာကြံတိုင် တာပါ၊ သူ့အကြောင်းလဲ မေမေတို့သိသားပဲ၊ တိုင် စရာမရှိ ရှာကြံတိုင်တယ်"

"အေးလေ...မင်း...အဲဒါဘာလို့ သူ့သွား ကြိုက်သေးလဲ၊ ငယ်ငယ်တည်းက ပေါင်းလာတဲ့ သူငယ်ချင်းကောင်မလေးတွေလဲ အများကြီး အား လုံးလဲခင်ကြမင်ကြတာပဲ အားလုံးလဲ သူ့ဟာနဲ့သူ ချစ်စရာကောင်းပြီး လှကြတာပဲ၊ သူတို့ထဲကမှ မင်း ညို့ကို သွားကြိုက်တယ်လေ၊ သူ အတိုင်အတော ထူမှန်း သိလျက်နဲ့ မင်းဘာသာရွေးကြိုက်တာ၊ ဘယ်သူ့အပြစ်လဲ"

ထိုအခါ ဆိုင်းဆိုင်သည် ပါးစပ်ပိတ်သွားရတော့၏။ ဖေဖေနဲ့မေမေကို သူဘယ်တော့မှ ကျော်ပြီးနိုင်အောင် မချေ ပနိုင်။

ညို့ကို ချစ်တာကတော့ ချစ်တာပဲပေါ့။ ချစ်လွန်းလွန်း လို့ကို မေမေပြောသလို ကောင်မလေးတွေအများကြီးထဲကမှ ရွေးချယ်ပြီး ချစ်ခံရတာလေ။

ညို့နဲ့ပတ်သက်ရင် ပြိုင်ဘက်တွေ တစ်ချို့တလေ

www.burmeseclassic.com

www.burmeseclassic.com



ရှိတာမို့ ကိုယ်ကဦးအောင် ဆယ်တန်းမဖြေခင်မှာ ကြိုဖွင့်ပြောပြီး ရှေ့ဆုံးကတန်းစီခဲ့ရတယ်။

တက္ကသိုလ်တက်တဲ့နေ့မှာ အဖြေပေးမယ်ဆိုလို့ ရင်တခုန်ခုန်နဲ့စောင့်ခဲ့ရတာ ဘယ်လောက်ရင်မောရသလဲ။

ညိုက…။

"ချစ်နေခဲ့ပြီးသားပါ…ငယ်သေးတယ်ထင်လို့ တမင် အဖြေမပေးဘဲ နေခဲ့တာ၊ အခုမှ…အဖြေပေးတော့မယ်၊ အဲဒါကတော့ နင့်ကိုချစ်တယ်ဆိုတဲ့ အဖြေပဲ"

ဟူ၍ တက္ကသိုလ်ကျောင်းသားဘဝရဲ့ ပထမဆုံးနေ့မှာ အဲဒီလို ဖြေတော့ သူက အရူးတစ်ယောက်လိုပဲ ညိုရဲ့လက်ကိုဆွဲပြီး တခုန်ခုန်လုပ်မိခဲ့တယ်။

ဒီနေ့လဲ ကိုယ့်ဘာသာ ကော်ဖီဝိုင်းကိုမြင်ပြီး စိတ်ထဲမှာ အလိုမကျဖြစ်မိတာကိုပဲ ဖေဖေနဲ့ မေမေက ရေးကြီးခွင်ကျယ်တွေလျှောက်ပြောကြပြန်သတဲ့။

အိမ်မှာဆို မျက်နှာပင် မညိုရဲ၊ မမှိုင်ရဲ၊ မငေးရဲ၊ သူ့ကို ဆိုအရိပ်လိုတကြည့်ကြည့် ပိုးမွေးသလိုမွေးချင်လှသော ဖေဖေနဲ့မေမေအပြင် သူ မွေးကတည်းက အိမ်မှာ အပေါ်ဖြစ်



ခဲ့သော ဒေါ်မြိုင် (သူကတော့ ကြီးမြိုင်ဟုခေါ်သည်)ကလဲ သူ့ကိုဆို တကြည့်ကြည့်၊ အဲဒီအပြင် တခြားအိမ်ဖော်ကောင်မလေး နှစ်ယောက်တို့ကလဲ ဖေဖေနဲ့မေမေအလိုကျ သူ့ကိုဆို အစစအရာရာလိုက်ဂရုစိုက်နေတတ်ခြင်း စသည် စသည် သူ့ရဲ့ ပတ်ဝန်းကျင်ထဲမှာ သူကတော့ တော်တော့်ကိုစိတ်မကြည်လှပေ။

ကျောင်းသွားတာတောင် ခုထိ ဒရိုင်ဘာနဲ့လိုက်ပို့ပြီး အဲဒီကားနဲ့ ဒရိုင်ဘာဟာ ကျောင်းမှာ သူနဲ့အတူတချိန်လုံးရှိနေပြီး သူအိမ်ပြန်တဲ့ အထိစောင့်ခေါ်တာလည်း တစ်ဒုက္ခ။

"မင်းကလဲ မိန်းကလေးတွေတောင် ကိုယ်တိုင်ကားမောင်းပြီး ကျောင်းတက်တဲ့ခေတ်ကြီးထဲမှာကွာ…ဟားဟားဟား…။

ဒရိုင်ဘာနဲ့ကျောင်းလာရတယ်၊ ပြီးတော့ ဒရိုင်ဘာက ကျောင်းမှာ တစ်နေကုန်ထိုင်စောင့်ပြီး မင်းသွားချင်တဲ့နေရာပေါ်လာရင် လိုက်ပို့ပေးရတယ်၊ ကျောင်းဆင်းမှ အိမ်ကိုမင်းနဲ့အတူတူပြန်ရတယ်တဲ့…ရယ်ရတယ်…ဗြဲ"

သူ့ငယ်ချင်းတွေက လှောင်ပြောင်တာခံရတိုင်း သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com

အတော့်ကို မခံချိမခံသာဖြစ်ရစမြဲပင်။

"ဒရိုင်ဘာကို စည်းရုံးပြီး ကားမောင်းသင်နိုင်းကွာ..."

"ဟုတ်သားပဲ...မင်းကလဲ...ကိုယ်က သူ့အလုပ်ရှင်ပဲ၊ ကိုယ်ခိုင်းရင် သူလုပ်ပေးရမှာပေါ့...ယောကျ်ားလေးဖြစ်ပြီး အိမ်မှာလဲ ကားရှိလျက်နဲ့ ကားမမောင်းတတ်တာတော့ မကောင်းပါဘူးကွာ"

သူငယ်ချင်းတွေက မြှောက်ပေးသဖြင့် သူကားမောင်းသင်ခွင့်ရဖို့ အကြိမ်ကြိမ်အဖန်ဖန်ပင် ဒရိုင်ဘာကို စည်းရုံးသိမ်းသွင်းကြည့်ဖူးသည်။

"ဦးလေးကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့သားရယ် မင်းမိဘက လုံးဝတားမြစ်ထားတာကို ကျော်ပြီးမလုပ်ရဲပါဘူး..."

"ဘယ်သူမှ မြင်တာသိတာမှမဟုတ်တာဗျာ၊ ကျောင်းတက်ချိန်မှာ တစ်နေရာရာသွားပြီး အမောင်းသင်ကြရင် ဖြစ်တာပဲ"

"ဟုတ်တယ် မင်းမိဘတော့မသိနိုင်ဘူးပဲထား၊ မင်း ကောင်မလေး မြတ်ကျေးညို က ဦးလေးတို့ကို



F-2



အမြဲစောင့်ကြည့်နေတာကွဲ၊ သူကပြန်တိုင်လိမ့်မယ်၊ သားရယ်...အမှန်ပြောရရင် သူဌေးတွေဟာ ဘယ်တော့မှ ကိုယ်တိုင်ကားမမောင်းကြဘူး၊ နောက်ခန်းမှာ အေးအေးဆေးဆေးထိုင်စီးကြတာပါ၊ မင်းဟာ သူဌေးလေးပါပဲ၊ ဒရိုင်ဘာတစ်ယောက်လုံးကို အပိုင်ရပြီး သူမောင်းတဲ့ ကားကို ဇိမ်နဲ့ စီးခွင့်ရတာနည်းတဲ့ ကုသိုလ်လား၊ ကားမောင်းတဲ့သူဟာ ဘယ်လောက်စိတ်ပင်ပန်းရသလဲဆိုတာ မင်းသိမှမသိတာကွယ်၊ ကိုယ့်ကုသိုလ်ကံနဲ့ကိုယ် အေးအေးပဲ နေစမ်းပါ"

သူ ဘယ်လောက်ပဲ စည်းရုံးပါစေ၊ ခြိမ်းခြောက်ပါစေ၊ လာဘ်ထိုးပါစေ၊ သူ့မိဘတွေ၏ စကားတစ်ခွန်းမှလွဲ၍ အခြားမည်သူ့စကားကိုမျှ နားထောင်လိမ့်မည်မဟုတ်သော ဒရိုင် ဘာကြောင့် သူသည် ကားမောင်းသင်ခွင့်ရလိုခြင်းဟူသည့် ဆန္ဒကိုလက်လျှော့လိုက်ရပါသည်။

"မင်းကောင်မလေးကို စည်းရုံးကြည့်ကွာ"

သူငယ်ချင်းတွေက နောက်တစ်မျိုး ထပ်၍ အကြံပေးပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အဲဒါတော့ ငါလုံးဝမစည်းရုံးနိုင်ဘူး ညို့က ငါ့ချစ်သူပေမယ့် ငါ့မိဘတွေရဲ့ ဘက်သား အစစ်ကွ၊ သူက ငါ...ဒီလိုလာစည်းရုံးတာတောင် စက္ကန့်မဆိုင်းဘူးပြန်တိုင်မှာသေချာတယ်...

အဲဒီအကြောင်းအရာကို သူ့ရှေ့မှာ ပါးစပ်က ဟမိတာနဲ့ သူပြန်တိုင်စရာတစ်ကွက်ရပြီပဲမှတ်"

"ဟ...မင်းကလဲ...ကိုယ့်ရည်းစား ကိုယ်ပိုင် အောင် မစည်းရုံးနိုင်ဘူးလားကွာ၊ မင်းနဲ့ ပတ်သက် မှ မင်းမိဘတွေက သမီးတော်ရမှာ၊ အခုတော့ မင်းဘက်မပါဘူးဆိုတာတော့ မဟုတ်သေးပါ ဘူး..."

"မဟုတ်သေးတာပြောမနေနဲ့၊ မေမေတို့က ညို့ကိုဆို ညိုပြောသမျှစကားကို သိပ်ယုံတယ်၊ ဘာ ဖြစ်လို့လဲမသိဘူး၊ ငါနဲ့ပတ်သက်ရပေမယ့် သူတို့ က ညို့ကို မိသားစုဝင်အဖြစ် ခုတည်းက သတ် မှတ်ထားတာကွ၊ ညိုတိုင်သမျှဟာ ငါကောင်းဖို့ အတွက်တိုင်တာပဲတဲ့...အဲဒီလိုကို ပြောပြီးသား.."

"သြော်....ဟော်....ဖြစ်ရလေ...ဆိုင်းဆိုင်ရယ်



မင်းဘဝနယ်..."

ထိုသို့ ဝေဖန်ခံရလျှင် သူ စိတ်တိုရပြန်သည်။

သို့ပေမယ့် သူသည်ကား သူ့စိတ်ဆန္ဒသိပ်ပြင်းပြ ...းလျှင်တော့ ဘယ်သူပဲတိုင်တိုင် ဘယ်သူပဲတားတား၊ မရ အောင်လုပ်တတ်တယ်ဆိုတာကိုတော့ သူငယ်ချင်းတွေက ...ပြီးသားတည်း။

အဲဒီ သူ့ရဲ့ဝါသနာတစ်ခုကိုတော့ သူတို့ သူငယ်ချင်း ...စ်သိုက် တပျော်တပါး စည်းလုံးညီညွတ်စွာ လုပ်ဆောင် ...လှ ရှိနေရခြင်းထဲမှာ ဆိုင်းဆိုင်ကတော့ ပျော်မွေ့လိုတည်း။

မြတ်ကျေးညိုသည် သူမဘေး၌ ဘုတ်ခနဲ ဝင် ...ိုင်လိုက်သော ဆိုင်းဆိုင်ကို မျက်စောင်းဖြင့် အရင်ဆုံးနှုတ် ...ဆက်လိုက်လေသည်။

"ဟ...ထိုးပါ့..မျက်စောင်းကလဲ...ညို့ မျက် စောင်းကို ခံရတဲ့ သရဲဟာ ဒရက်ကျူလာလို နှောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှာ ပြာဖြစ်ပြီးတော့...''

''ဟာ...တော်....တော်...ဆိုင်းဆိုင်နော် ဘယ်လိုဖြစ်လို့ အဲဒါတွေကွက်ကွက်ကွင်းကွင်း မြင်အောင် လာပြောနေရတာလဲ...ဟင်း...စိတ်ကို တိုတယ် တကယ်၊ ညို ကြောက်မှန်းသိလို့ အခွင့်ကောင်းယူတယ်၊ သူများ အားနည်းချက်ကို အနိုင်ကျင့်တယ် အဲဒါ တစ်စက်မှ စိတ်ကောင်းမရှိတဲ့သဘောပဲ....''

''ဘာဖြစ်လဲကွာ....ဒရက်ကူလာအကြောင်း ပြောတာပဲ၊ မြင်တာမှ မဟုတ်တာ၊ ကြံဖန်ကြောက်ရတယ်လို့ ကိုယ်တစ်ယောက်လုံးအနားမှာထားပြီး တွေးကြောက်နေတာတော့မကောင်းပါဘူး၊ ကိုယ့်ကို အားမကိုးရာရောက်တယ်...''

''အလို...ရှင့်လားအားကိုးရရင် ကျုပ်အသက်ထွက်မယ်...''

ဆိုင်းဆိုင်သည် တဟဲဟဲရယ်ရင်း ညို့လက်ချောင်းလေးတွေကို ဆုပ်ကိုင်လိုက်၏။

''ဘာလို့ အသက်ထွက်မှာလဲ...မထွက်အောင်



ကိုယ် အခုလိုဆွဲထားရင် ညို့အသက်က ဘယ်လိုလုပ်ထွက်ချင်လို့ရမလဲ''

''ဆိုင်းဆိုင်နော်...ဘယ်လိုဖြစ်ပြီး ရောက်ကတည်းက၊မကောင်းတာတွေလိုက်ပြောချင်ရတာလဲ၊ သူဖြင့် ညတုန်းက သူများကို၊လိုက်ခြောက်ထားပြီး အခုကျတော့ သူ့အပြစ်သူမလုံတာနဲ့ လာချော့မနေနဲ့''

''ညို့ကိုကွာ...ကိုယ်...အဲဒါမကြိုက်တာ၊ ကိုယ်...ခြောက်မှန်းသိလျက်နဲ့ ဘာလို့ကြောက်ရလဲ...ကိုယ်က ညို့ကို အဲဒီပေါက်ကရတွေးတောပြီး ကြောက်တဲ့ စိတ်ကို ပျောက်စေချင်လို့ တမင်ကျင့်ပေးနေတာပါကွာ''

''အို...ဒါပေမယ့် ကြောက်တဲ့လူက ကြောက်တာပဲဟာ...တစ်ခါတည်း ဖုန်းကို တစ်ချက်ပဲ မြည်လိုက်တယ်၊ ညိုဖြင့် လန့်ပြီး တုန်သွားတာ ရှင် မမြင့်မှမမြင်တာနော်၊ အဲဒါ တစ်ချက်ပဲ မြည်တော့ လူက ဟိုတွေးဒီတွေးနဲ့ ကြောက်နေတုန်း နောက် သုံးလေးချက်မြည်တော့ ညိုကိုင်လိုက်တယ်လေ''

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်က ချစ်သူပြောသမျှ ခေါင်းညိတ်လိုက်၊ ပြုံးလိုက်နှင့်ထောင်လျက် ဝင်ပြောသည်။

"အဲဒီတော့...ဘာသံကြားလဲပြောပါဦး"

"အံမယ်...ရှင်ပဲ...သရဲကားထဲက အသံတွေ ခွေးအူသံတွေသွင်းထားတဲ့ ကက်ဆက်ခွေကို ဖွင့်ပြီး ဖုန်းခွက်နားကပ်ထားပြီးတော့ မသိချင်ယောင်ဆောင်မနေနဲ့ ကဲ...ကဲ..."

"အား..နာတယ်ကွ၊ အရမ်းဆိတ်ရလား"

"ဆိတ်မှာပေါ့...ညို့ကို ဘာလို့ညိုအိပ်ခါနီးကျမှ အဲဒီ အသံတွေလာဖွင့်ပြီးခြောက်ရလဲ..."

"ညိုက...ဘာလို့ ဖုန်းကိုင်လဲကွ...ကိုယ် ခြောက်မယ် မှန်းသိလျက်နဲ့..."

"ဖေဖေနဲ့မေမေအခန်းရော၊ ကိုကြီးအခန်းရော၊ ဖုန်းပလပ်တွေဖြုတ်ထားပေမယ့် ညို့အခန်းက ဖုန်းရော ဧည့်ခန်းကဖုန်းရော အကြာကြီးမြည်နေရင် သူတို့ နိုးလာမှာပေါ့၊ အဲဒီတော့ ညိုပဲ ဖုန်းကိုင်ရတာပေါ့..."

"ဒါဆိုလဲ ညို့အခန်းက ဖုန်ပလပ်ကို ဖြုတ်ထားလေကွာ..."

ညိုသည် အဲဒီလိုကျတော့ ဝေခွဲမရဟန်ဖြင့်....။

"ရှင်က တစ်ခါတစ်လေတွေကျတော့ ညဘက်ဆို ညိုနဲ့စကားတွေပြောရင်းအိပ်ပျော်ချင်တယ်ဆို၊ ညိုက..အဲဒီလိုသတိရနေတော့ ဆိုင်းဆိုင်များ စကားပြောချင်မလားဆိုပြီး ဖုန်းပလပ်ကိုဖြုတ်ရမလိုလို၊ မဖြုတ်ရမလိုလိုနဲ့ ဘယ်တော့မှ ဆုံးဖြတ်လို့မရဘူး..."

"ဩော်...ညိုလေးရယ်"

ဆိုင်းဆိုင်သည် ဒီလိုကျတော့လဲ ချစ်သူကို အသနားပိုကာ ညီးတွားလိုက်ရပါသည်။

"အေးကွာ...ကိုယ်ကလဲ...ဘာအကျင့်မှန်းမသိပါဘူး၊ အဲဒီလိုခြောက်မှန်းသိလေလေ ပိုပြီးခြောက်ချင်လေလေပဲသိလား၊ ညို့ကို ဖုန်းခေါ်တာ အစတော့ စကားပြောဖို့ပါပဲ၊ ဒါပေမယ့် ဖုန်းနံပါတ်တွေနှိပ်နေရင်းနဲ့ ကို့စိတ်ကကွာ၊ မကောင်းဘူး၊ ပြောင်းပြောင်းသွားတယ်၊ ညို့ကို ခြောက်ချင်လာတယ်...






www.burmeseclassic.com

www.burmeseclassic.com



မနက်ကလဲ အဲဒီကိစ္စနဲ့ ကိုယ့်ကို ဖေဖေနဲ့ မေမေက ဆူပြီးပြီး''

''အန်တီတို့က ဘယ်လိုလုပ်သိလဲ''

''အဲဒါသိလို့မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ မျက်နှာပုပ်နေတာကွာ...အဲဒါကို...ဖေဖေက သူ အထင်တွေရမ်းပြောတယ်လေ၊ ညက အိပ်ရေးပျက် လို့ပေါ့၊ ညကမအိပ်ပဲ ညို့ကို တယ်လီဖုန်းနဲ့ သရဲ ခြောက်နေလို့ပေါ့၊ ဒါကြောင့်...အခုအိပ်ရေးမဝဖြစ် ပြီ၊ ငူတူတူဖြစ်တာပေါ့၊ အဲဒီလို ထင်ပြီး ရမ်းသန်း ဆူတာကွ၊ အမှန်တော့ ကိုယ် အိပ်ရေးမဝလို့ မျက် နှာပုပ်တာမှမဟုတ်တာ...''

''ဘာဖြစ်လို့ မျက်နှာကပုပ်ရသလဲ''

''ကိုယ်...မနက်ကျရင် ကော်ဖီဝိုင်းကို မြင် တာနဲ့ စိတ်ကတိုချင်လာတယ်''

''ဘာဖြစ်ရပြန်တာလဲ''

''ဘာဖြစ်ရမလဲကွာ...ကိုယ်က ယောကျ်ား လေးပီပီ လက်ဖက်ရည်ဆိုင်ထိုင်ချင်တယ်ကွ၊ သူတို့ က ကိုယ့်ကို မနက်ဆို အဆင်သင့်ပြင်ပေးထား





တယ်၊ မစားချင်လို့လဲမရဘူး၊ မေမေက မျက်ရည် လေးတစမ်းစမ်းလုပ်ဦးမယ်၊ အမေမျက်ရည်ကျ တော့လည်း ကိုယ်စိတ်မချမ်းသာဘူး၊ ဒီတော့ ကိုယ် လုပ်ချင်တာကို မလုပ်ရပြန်ဘူး၊ ကိုယ်သွားချင်တဲ့ နေရာကို မသွားရပြန်ဘူး၊ မေမေက ကိုယ့်ရဲ့ အဲဒီ အားနည်းချက်ကိုသိနေတယ်ကွ...

ကိုယ်ကတစ်ခုခုအတိုက်အခံလုပ်ရင် မျက်ရည် ကအရင်ကျပြီ၊ ကိုယ်ကလည်းအမေကိုယ့်ကြောင့် ငိုရရင် မပျော်တော့ဘူး၊ အပြစ်ရှိသလို ခံစားရ တယ်''

မြတ်ကျေးညိုသည် သူတို့မိသားစု၏ ဆက်ဆံရေးကို ကြားရသည်မှာ သူမအတွက် မဆန်းလှသော ဇာတ်လမ်းတစ် ပုဒ်ပင်ဖြစ်နေလေသည်။

ဒီတော့ သူမ ငြိမ်ငြိမ်သက်သက်လေးပဲ နားထောင် နေခဲ့တော့သည်။

''တကယ်တော့...ဖေဖေနဲ့မေမေ အချစ်ခံထား ရတဲ့ ဘဝဟာ သားတစ်ယောက်အနေနဲ့ သိပ်ပြီး ကံကောင်းပေမယ့် တစ်ခါတစ်လေကျတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို အကျဉ်းကျခံနေရသလို ဖြစ်တာမျိုး ကိုယ်ခံစားရတယ်...ညို"

"အဲဒီလိုမခိုင်းနိုင်းပါနဲ့ ဆိုင်းဆိုင်ရယ်...ကြံဖန်ပြီး ပျော်တတ်ရင် ပျော်စရာကောင်းပါတယ်၊ စိတ်ချမ်းသာစရာလဲ ကောင်းတယ်"

"ဘယ်လို ကြံဖန်ရမှာလဲ"

"ဩော်...သူတို့ရှင့်ကို ချစ်လွန်းလို့ပဲ ရှင်ချစ်တဲ့မိန်းကလေးကိုလိုက်ချစ်တယ်လေ၊ ညိုဟာ ဆိုင်းဆိုင်ရဲ့ ချစ်သူ ဆိုတာနဲ့ပဲ ညိုက ရှင်တို့အိမ်မှာအရေးပါအရာရောက်တဲ့ လူအဖြစ်နေရာပေးတယ်လေ၊ တကယ့်တကယ်ဆို ညို့ကို ဘာမှမပတ်သက်သေးပဲနဲ့ အဲဒီလောက်ထိ နေရာဘယ်သူမှပေးမှာ မဟုတ်ဘူး၊ တစ်ချို့အိမ်တွေကဆို ရောင့်တက်မှာစိုးလို့ နှိမ်တောင်နှိမ်မယ်၊ တစ်ချို့က သူလဲသူဘာသာနေ၊ ကိုယ်လဲ ကိုယ့်ဘာသာနေပုံစံရှိရင်ရှိမယ်...

ဆိုင်းဆိုင်ရဲ့ မိဘတွေကတော့ အဲဒီလို မဟုတ်ကြဘူး သူတို့ရဲ့သားက ချစ်လို့ပါဆိုပြီး လက်တွဲရွေးချယ်ထားတဲ့သူကို သားစိတ်ချမ်းသာရအောင်



အရေးတယူ နေပြတာဟာ ရှင်စိတ်မချမ်းသာဘူးလား...ပြော"

"စိတ်ချမ်းသာတာပေါ့၊ ညို့ကို ကိုယ့်အိမ်မှာ ရောရောဝင်ဝင်နေခွင့်ပေးတာဟာကိုယ်လဲ အရမ်းကျေနပ်တာပေါ့"

"ရှင့်လိုပဲ ညိုလဲ ဝမ်းသာတာပေါ့၊ ကြံဖန်ပြီးတော့ ကျေနပ်ပါ ဆိုင်းဆိုင်ရယ်၊ လူဆိုတာ သူ့ကံနဲ့သူ ဖြစ်လာပြီးသား၊ ဒါကိုပြောင်းလဲချင်လို့မှမရတာ၊ မိဘဆိုတာက ရှိတုန်းကလေးပဲ သူတို့ပြောတာဆိုတာ၊ ဆူတာပူတာ၊ စိုးရိမ်တာ၊ တားမြစ်တာ၊ ဆုံးမတာ တွေကိုကိုယ်က ကြားနေခွင့်မြင်နေခွင့်ရမှာပါ၊ မိဘတွေမရှိတော့ရင် ကိုယ်က အဲဒီလိုအသံတွေကြားချင်ပါတယ်ဆိုတာတောင် မကြားရတော့ပါဘူး၊ အဲဒါကို ကိုယ်သဘောပေါက်ထားရင် ဘာမှ စိတ်ညစ်စရာမဖြစ်ဘူး"

မြတ်ကျေးညိုသည် ချစ်သူကိုတော့ တတ်နိုင်သလောက်လေး နားဝင်အောင် ဖျောင်းဖျရတာပင်။ ဒါပေမယ့် သူမကိုယ်တိုင်လည်း တစ်ခါတစ်ရံတွေမှာတော့ ဆိုင်းဆိုင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ၏ အစိုးရိမ်ကြီးမှုချုပ်ချယ်မှု၊ အချစ်ပိုအယုယလွန်ကဲမှုတွေကို သိပ်ပြီး စိတ်တိုင်းမကျလှ။

သို့ပေမယ့်…ကိုယ်က ဒါကိုဝင်ပြောပြန်ရင်လဲ မကောင်း။ တစ်သက်လုံးဒီလိုကျင့်ကြံလာခဲ့ပြီးမှ ကိုယ်က ဒီအိမ်မှာ နေရာပေးခံလာရတာကိုအခွင့်အရေးယူလွန်းတယ်၊ ဝင်ပါလွန်းတယ်လို့ အပြောမခံချင်ပေ။

တစ်ချို့သောကိစ္စတွေမှာကျတော့…ဆိုင်းဆိုင်ဘက်က မှန်နေပြီး၊ တစ်ချို့သောကိစ္စတွေမှာတော့ သူ့မိဘတွေက မှန်နေပြန်ရာ မြတ်ကျေးညိုသည် သူမကြားဝင်၍ ဖြေရှင်းလို့မရသော ပဋိပက္ခတစ်ခုကို နေ့စဉ်နဲ့အမျှ စောင့်ကြည့်နားထောင်ဖျန်ဖြေရခြင်းနဲ့ အချိန်ကုန်နေခဲ့ရတော့လေသည်။

# ငယ်ငယ်တုန်းကဆိုင်းဆိုင်နဲ့ မြတ်ကျေးညို

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ယေယေတုန်းကဆိုလျှင် ဆိုင်းဆိုင်သည် သူ့သူငယ်ချင်းအုပ်စုအလယ်တွင် အင်မတန်မှ ပုံပြောကောင်းသော သူငယ်လေးပဲ ဖြစ်သည်။

ခုနစ်တန်း၊ ရှစ်တန်းအရွယ်ထိ သူက သူငယ်ချင်းအုပ်စုအလယ်မှာဆိုလျှင် ပုံပြောသမား ဖြစ်သည်။

သူ၏ ပုံပြင်များကား ယုတ္တိမတန်၊ ဟုတ္တိပတ္တိလည်းသိပ်မရှိ၊ လုပ်ကြံဖန်တီးဖြီးဖြန်းထားသော ဝိညာဉ် နာနာဘာဝ၊ ဒုန်းကဝေပုံပြင်များသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို စိတ်ဝင်တစား နားထောင်ချင်သော သူငယ်ချင်းတွေကတော့ သူရအောင်နဲ့ ခန့်မျိုးဆိုတဲ့ သူငယ်ချင်းကောင်လေးနှစ်ယောက်၊ လှကေသီ၊ ဖြူသွေး၊ စိုးစိုးနဲ့ မြတ်ကျေးညို ဆိုသော သူငယ်ချင်းကောင်မလေး လေးယောက်တို့ပဲဖြစ်လေသည်။

အဲဒီ့ထဲမှာ နားလဲနားထောင်ချင်၊ ကြောက်တာကလဲ သူများထက်အဆတစ်ရာလောက် ပိုပြီး ကြောက်တတ်သော မြတ်ကျေးညိုသည် ဆိုင်းဆိုင်အတွက်တော့ ပိုပြီး ခြောက်လှန့်ချစ်စရာ သူငယ်ချင်းမ ကလေးပဲဖြစ်နေခဲ့သည်။

"ကျောင်းက Hall ခန်းထဲမှာလေ...အခန်းစောင့်သရဲမရှိတယ်တဲ့ဟ..."

လို့တစ်ခါကလုပ်ကြံပြောခဲ့စဉ်က အားလုံးမှာဟင်ကနဲ အသံပြိုင်တူနဲ့ (သို့ပေမယ့်)မြတ်ကျေးညိုတစ်ယောက်ကတော့ တုန်တုန်ရီရီနဲ့ သူငယ်ချင်းတွေကြားထဲ အတင်းတိုးဝင်လျက် ဆိုင်းဆိုင်၏ အစပျိုးစကားကိုတော့ စိတ်ဝင်စားသားပင်။

ရှစ်တန်းကျောင်းသူကျောင်းသားအရွယ်တွေရောက်ကြစဉ်က လှကေသီ့အိမ်တွင် သူတို့ခုနစ်ယောက်လူစုပြီး ပိုင်း





...ရှင်ယူသဖြင့် အထက်တန်းကျောင်းမှာလဲ သူတို့တစ်မနက်...အတူရှိရသလို နေ့လယ်နေ့ခင်းနဲ့ စနေ၊ တနင်္ဂနွေကျောင်း...တ်ရက်တွေမှာလဲ သူတို့ မခွဲမခွာ အတူရှိကြရသည်ဖြစ်ရာ...တို့ဟာ အခင်ဆုံးသူငယ်ချင်းအုပ်စုကလေးလဲဖြစ်ခဲ့သည်။

ပိုင်းကျူရှင် မစခင်အချိန်လေးမှာ သူတို့ဆုံကြစဉ်...စ်နေ့တော့ ဆိုင်းဆိုင်က ခါတိုင်းလုပ်ကြံပြောနေသော...ကြောင်းအရာတွေထဲမှ ခွဲထွက်ပြီး စတင်လိုက်တဲ့ အ...ကြောင်းအရာဟာ သူတို့အားလုံးနဲ့ အင်မတန်မှ နီးစပ်လှတဲ့...တို့တက်နေတဲ့ အထက်တန်းကျောင်းက ကိစ္စကြီးမို့ သူတို့...င်ကထက် ပိုစိတ်ဝင်စားသွားကြတာဖြစ်လေသည်။

ဆိုင်းဆိုင်ကား သူ့စကား၏ အစကို ကျန်တဲ့သူတွေ...တ်တော်ကြီး စိတ်ဝင်စားနေမှန်းသိတော့ ပြုံးစေ့စေ့၊ တမင်...ဒုးတန့်နဲ့လုပ်ပြပြီး ဆက်မပြောဘဲ ဗလာစာအုပ်ရဲ့စာရွက်...ကို တဖျတ်ဖျတ်လှန်နေသေးသည်။

ခန့်မျိုး...စိတ်မရှည်တော့ပဲ...။

"ပြော...ပြောပြလေကွာ...မင်းကလဲ ငါတို့သိချင်မှန်းသိလို့ အထာကိုင်ပြန်ပြီ"

ဟု အော်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား...ငါက သက်သေနဲ့ တကယ်ပြမှာနော်..."

"ဘာလို့မဖြစ်ရမှာလဲ၊ ဘာကြောက်စရာရှိလဲ၊ သရဲမ၊က သူ့ဘာသာ စောင့်တာပဲ ငါတို့ကို ခြောက်မှမခြောက်တော...."

သူရအောင်က မခံချင်သလိုအသံနဲ့ ပြောလိုက်တာဖြစ်သည်။

"ညိုက...သိပ်ကြောက်တတ်တယ်၊ ပြောရင် ညိုက သေးထွက်အောင် ကြောက်မှာဟ..."

"အံမယ်...ငါကဘာလို့သေးထွက်ရမှာလဲ၊ ဆိုင်းဆိုင်နော်...နင်က ငါ့ဆိုသိပ်ညစ်တီးညစ်ပတ် မကောင်းတာမှရွေးပြောတယ်၊ ငါကသရဲသာ ကြောက်တာပါ၊ ချေးတွေသေးတွေထွက်အောင် တော့ မကြောက်ဖူးပါဘူး...."

"သိနိုင်ဘူးလေဟာ..တော်ကြာကြောက်ချေး ပါတယ်ဆိုတာမျိုးဖြစ်သွားမှာစိုးရိမ်လို့...."

"နင်က ငါ့ဆို ဘယ်တော့မှ အကောင်းမပြောဘူး၊ သနားလည်းမသနားဘူး...ဟင်း"



ညိုက မျက်ရည်လေးဝဲဝဲနဲ့ ပြောတော့ ဆိုင်းဆိုင်မှာ သနားသွားရပြန်သည်။ (အဲဒီအချိန်တည်းက ညိုကိုဆို ဆိုင်းဆိုင်က ပိုပြီး အရေးပေးချင်၊ သံယောဇဉ်ကြီးချင်ခဲ့သူပဲဖြစ်သည်။)

"မဟုတ်ပါဘူး...ငါက နင်ကြောက်မှာစိုးလို့ပါ...နင်လာနားမထောင်နဲ့လေ၊ ငါ သူတို့ကိုပဲ ပြောပြလိုက်မယ်"

"ဟင့်အင်း...မရဘူး..ငါလည်းနားထောင်ချင်တယ်"

"ကျွတ်....ညိုကလဲကွာ"

"ကဲပါ....ကိုယ်တော် ကျေးညိုကိုသနားတာနဲ့ ငါတို့ကို မပြောပြတာမျိုးမလုပ်နဲ့နော်၊ နင်ပဲ ငါတို့ သိချင်အောင် အစဖေါ်သွားပြီး အဲဒီလို ဆန့်တငန့်ငန့်ဖြစ်အောင်မလုပ်ထားနဲ့"

လှကေသီက ဆိုင်းဆိုင်ကို ကော်ပေတံဖြင့် တဖတ်ဖတ်ရိုက်လျက် ပြောသလို ကျန်တဲ့ ဖြူသွေးနဲ့ စိုးစိုးထံမှလည်း....

"အေးလေ နင်သိထားတာပြောကိုပြောရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မပြောပဲမနေနဲ့"

"သူငယ်ချင်းကောင်းပီသချင်ရင် အန္တရာယ်ရှိတာ ဘာညာပြောသင့်ပါတယ်"

ဟူသော အသံတွေဆက်တိုက်ကြားရတော့...ဆိုင်းဆိုင်မှာ သူဆင်သောအကွက်ထဲ အလွယ်တကူဝင်လာကြလေသည့် သူငယ်ချင်းတွေကို တဟဲဟဲရယ်ရင်း မျက်လုံးဝေ့ကြည့်လိုက်ပါသည်။

"ဒီလိုဟာ...အဲဒီ့သရဲမရှိတာကို ငါ သိတာ မကြာသေးဘူး...."

"နင်ကဘယ်ကသိလာတာလဲ...."

"ငါတို့ကျောင်းကဆယ်တန်းအောင်ပြီး အခုဆေးကျောင်းတက်နေတဲ့ အစ်ကိုကြီးကကွာ မေမေ့သူငယ်ချင်းရဲ့သားပေါ့၊ သူနဲ့ ဟိုနေ့က ငါတို့ အိမ်မှာဆုံတော့မှ သူပြောပြတာလေ..."

"ဟုတ်လား..."

"သူ့ဆီမှာ အဲဒီ့ သရဲမရဲ့ အရိုးစုရှိတယ်တဲ့ဟ..."

"ဟင်..."



ညို့ရဲ့ 'ဟင်'ဆိုသောအသံမှာ တုန်ရီချောက်ချားမှုတွေအပြည့်ပါဝင်နေသည်။

ခန့်မျိုးက မယုံသလိုအသံနဲ့မေးသည်။

"အဲဒီအစ်ကိုကြီးက သူ့ဆီမှာ အရိုးစုတွေ ဘာလို့ထားတာလဲ"

"မင်းတို့ကကွာ...တုံးပါ့ကွာ...ဆေးကျောင်းကလူ တွေဆီမှာတစ်ယောက်ကို အရိုးခန္ဓာကိုယ်စာ တစ်စုံစီရှိရတယ်လေ၊ သူတို့က အဲဒီ အရိုးတွေကြည့်ပြီး စာကျက်ရတယ်၊ မကြားဖူးဘူးလားဟာ..."

"ဪ...ဒီကောင်သာ မသိတာပါကွာ ငါတို့ကြားဖူးပါတယ်"

"အေး...ကြားဖူးရင်နားထောင်ကွာ၊ အဲဒီ့အစ်ကိုကြီးဆီမှာ ရှိတဲ့ အရိုးတွေဟာ ငါတို့ကျောင်းက သရဲမရဲ့ အရိုးတဲ့...."

"သူက ဘယ်လိုလုပ်သိလဲ..."

"သူလဲ အစကဘယ်သိမလဲဟာ၊ စာသင်ဖို့အရိုးလိုတယ်ဆိုတော့ အရိုးဝယ်ရတယ်တဲ့၊ ဝယ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်မှာထားပြီး သိပ်မကြာပါဘူး၊ ညညဆို အိပ်မက်လာပေးတော့တာပဲ...''

ညိုသည် ကြောက်လွန်လွန်း၍ ခြေဖျားလက်ဖျားတွေပင် အေးစက်နေတော့သည်။ ညို့မျက်နှာမှာ ဆီးရွက်ထက်ပင် ငယ်မည်လားမသိ။ ညိုဟာ သူငယ်ချင်းတွေအလယ်မှာ ဝင်ထိုင်နေတာတောင် ကိုယ့်ကျောကိုယ်မလုံသလို ခံစားနေရပြန်သတဲ့...။

''ဘယ်လိုအိပ်မက်ပေးလဲဆိုတော့...ဟဲ့ကောင်လေး....ငါက နင့်ကို အခုမှသိတာမဟုတ်ဘူးတဲ့၊ နင်တို့ကိုငယ်ငယ်တည်းက သိတာတဲ့၊ ငါက(-)ကျောင်းက ဟောလ်ခန်းထဲမှာ အစောင့် ဖြစ်နေတာလေတဲ့၊ ငါကသာမကျွတ်မလွတ်သေးတာ၊ ငါ့အရိုးစုတွေကတော့ နင်တို့လို ဆေးကျောင်းကလူတွေတဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းတာခံရလို့ ချာချာလည်အောင် နှစ်တိုင်းအလုပ်လုပ်နေရတယ်တဲ့...

အစကတော့ အဲဒီအစ်ကိုကြီးလဲဘယ်ယုံမလဲဟာ၊ အိပ်မက်က သုံးလေးရက်တစ်ခါလောက်ကိုမက်တော့ သူလဲယုံလာတယ်တဲ့ဟ...



အဲဒီမှာ သူက အရိုးကို စမ်းသပ်တော့တာပေါ့၊ အရိုးခေါင်းကိုပဲ သူ့စာကြည့်စားပွဲမှာတင်ပြီး သူနဲ့မျက်နှာချင်းဆိုင်ထားပြီး ပြောတယ်...

ခင်ဗျားဟာကျွန်တော့်ကို အိပ်မက်ထဲမှာလာလာစကားပြောတဲ့(-)ကျောင်းက အစောင့်ဝိညာဉ်မိန်းမဆိုတာ ဟုတ်သလားပေါ့၊ ဟုတ်ရင် အခုတည့်တည့်နေနေရာက ညာဘက်လှည့်ပြပါပေါ့''

ဆိုင်းဆိုင်သည် စီကာပတ်ကုံး ဖြီးဖြန်းကာ ပုံပြောကောင်းနေသမျှ ကျန်တဲ့ ခြောက်ယောက်မှာတော့ မျက်လုံးအပြူးသားနဲ့ အသက်တောင်မှန်မှန်ရှူဖြစ်ရဲ့လားမသိသောအမူအရာတွေနဲ့ ဆိုင်းဆိုင်၏မျက်နှာကို ငေးမောပြီး နားထောင်နေခြင်းအား ဆိုင်းဆိုင်မှာ အတော်ကြီးကို ကျေနပ်ပီတိဖြစ်နေတော့လေသည်။

''အဲဒါဟာ...ညာဘက်ကို ဖြည်းဖြည်းလေးလှည့်သွားတာတဲ့၊ သူကလဲ တစ်ခါနဲ့ မကျေနပ်ဘူး၊ နောက်တစ်ခါထပ်မေးပြီး အရိုးခေါင်းကဘယ်ဘက်ကို ဖြည်းဖြည်းလေးလှည့်တာတဲ့...

အဲဒီတော့မှ သူတကယ်ယုံသွားတယ်တဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...အဲဒါ...သူက ဘာဆက်လုပ်လဲ"

"သူက မေးချင်တယ်တဲ့ ဘာဖြစ်လို့ ကျွန်တော့်ကိုအိပ်မက်လာလာပေးလဲလို့မေးတော့ မေးချင်တာဘယ်လိုမေးရမလဲမသိဘူးလို့ စဉ်းစားပြီး အိပ်တော့ အဲဒီညမှာ အိပ်မက်လာပေးပြန်တာတဲ့ဟာ..."

"အံမယ်လေးနော်...ကိုယ့်စိတ်ထဲမှာ တွေးတာတောင် အဲဒီ့သရဲမက သိနေတယ်၊ ကြောက်စရာကြီး"

ညိုက မမျိုသိပ်နိုင်စွာ ပြောလိုက်မိသည်။

ညို့လိုသာ ဖွင့်မပြောသော်ငြား ကျန်တဲ့လူတွေလဲမျက်နှာလေးတွေငယ်နေပြန်တာပါပဲ။

ဆိုင်းဆိုင်ကတော့ အားလုံးထဲမှာ သူရဲကောင်းကြီးဖြစ်လို့နေပြန်တော့သည်။

"အိပ်မက်ထဲမှာပြောတယ်တဲ့၊ သူ့အရိုးတွေဟာအနားမရပဲ ဆက်တိုက်အလုပ်လုပ်နေရတာဆိုတော့အနားယူချင်ပါပြီတဲ့ ဖြစ်နိုင်ရင်အနားပေးပါတဲ့၊ သူ့ကို ရေထဲဖြစ်ဖြစ် မျှောချင်မျှောပါ၊ ဒါမှမဟုတ်သင်္ချိုင်းမှာပဲ သွားမြှုပ်ပေးပါတဲ့၊ အဲဒီလို တောင်း



ပန်တဲ့ပုံနဲ့ပြောတာပေါ့၊ ဒါပေမယ့် သူ့ဝိညာဉ်ကတော့ ငါတို့ကျောင်းမှာ အစောင့်တာဝန်ကျလို့ ဘယ်နှစ်နှစ်ဆိုလဲမသိဘူး၊ ထပ်စောင့်ရဦးမယ်တဲ့၊ ငါလဲနှစ်တော့ အတိအကျမမှတ်ထားမိဘူး"

"ဟယ်...အဲဒီ့တော့ အဲဒီ့အစ်ကိုကြီးက သူပြောတဲ့အတိုင်း လုပ်ပေးလား"

"လုပ်ပေးလိုက်ရတာပေါ့၊ သူကတောင်းပန်တုန်း မလုပ်ပေးရင် ဟိုကကြမ်းချင်ကြမ်းလာမှာသူလဲ ကြောက်တယ်တဲ့..."

"ဟယ်...ဒုက္ခပါပဲဟယ်၊ ငါအရမ်းကြောက်တယ် ဆိုင်းဆိုင်ရယ်၊ ကျောင်းမှာ ကဗျာလွှတ်အကတိုက်ရင် ဟောလ်ခန်းထဲမှာပဲ တိုက်ရတာဟာ၊ နင်...ပြောပြမှငါဟောလ်ခန်းထဲတောင်မသွားရဲတော့ဘူး"

"ကျေးညိုကလဲ ကဗျာလွှတ်ကတာနင် တစ်ယောက်တည်းမှမဟုတ်တာဟာယ်၊ ငါတို့လဲပါတာပဲ၊ ပြီးတော့ လူက တစ်ရာတောင်"

"နင့်မှရွှေးမခြောက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမယ့် သရဲမက ငါတို့နဲ့အတူတူဝင်က နေမလားမသိဘူးနော်....”

“ကလဲကပေါ့၊ ကိုယ်မှသူ့မမြင်ရတာ ဘာ ကြောက်စရာရှိလဲ...”

ညို့က အသံတုန်တုန်မျက်ရည်ဝဲဝဲနဲ့....။

“ငါ့ဘေးမှာလာကမှာကိုကြောက်တယ်”

ပြောလဲပြော၊ ပြီးတော့ တဟီးဟီးငိုချတော့သောအ ခါ...။

“ဟဲ့...ဟဲ့...ညို့..ဘာဖြစ်တာလဲဟယ် နင်က လဲ”

“ကြောက်လွန်းလို့...သရဲမ ငါ့နားမှာလာက ရင် ကမှာပဲလို့တွေးပြီးကြောက်တယ်ဟဲ့...ဟီးဟီး”

“ဒုက္ခပါပဲဟယ်၊ ဆိုင်းဆိုင်ပြောတာ ဟုတ်ချင် မှဟုတ်မှာပါ၊ ဘာလို့တွေးကြောက်ရတာလဲ ကျေး ညို့ရယ်....”

“ငါက မဟုတ်တာပြောတယ်ထင်ရင် နင်တို့ ဘာလို့လာနားထောင်လဲ၊ ငါကကိုယ့်သူငယ်ချင်း တွေ အန္တရာယ်ကို ကြိုရှောင်ထားနိုင်အောင် စေ





တနာနဲ့ သတိပေးထားတာကို အကောင်းပြောမခံ ရဘူး”

“ဆိုင်းဆိုင်ရယ်...ဒီမှာကျေးညို့က ကြောက် လို့ ငိုနေပြီဟာ...တော်ပြီ..ဆက်ပြောမနေပါနဲ့ တော့...”

“ငါပြောသားပဲ...ကြောက်ရင်နားမထောင်ပါ နဲ့လို့....”

ညို့မှာ ကြောက်သဖြင့် ကြဲဖန်ပြီးစိတ်အားငယ်ကာ ကြိုတင်ငိုထားမိလေသည်။ ဆိုင်းဆိုင်မှာ ညို့ကို သနားတော့ သနားတာပင်၊ ဒါပေမယ့် ကိုယ်က ဇာတ်ရှိန်ကိုတင်ထားပြီး ကာမှ ပြန်မချချင်။

သူတို့အားလုံး ကိုယ့်ဇာတ်လမ်းကို ယုံစေချင်တာ ဖြစ်သည်။

ခန့်မျိုးက...။

“မယုံပါဘူး၊ ဒရဝမ်ဦးဉာဏ်ကြီးလဲရှိတာပဲ၊ သူက ညဆိုလဲ တစ်ယောက်တည်းကျောင်းစောင့် ရတာပဲ၊ သူတွေ့ဖူးရင် သူကသတင်းလွှင့်မှာ ပေါ့...”



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တမင်ပြောသေး၏။ ဒီတော့ ဆိုင်းဆိုင်ကား လက်မခံပါ။

"ဦးဉာဏ်ကဘုရား၊တရားအရမ်းလုပ်တာ မင်းတို့တွေ့သားပဲ ကျောင်းစောင့်နေတဲ့ နေ့ခင်းဘက် တစ်ချိန်လုံး ပုတီးစိပ်လိုက်၊ ဘုရားစာ အမြဲ ရွတ်လိုက်လုပ်နေတယ်၊အဲဒါ သူ့အကြောင်းနဲ့ သူပေါ့"

"သရဲက သူ့ကို မခြောက်အောင်လား..."

"အေးပေါ့ဟ...သရဲတွေက ဘုရားစာရွတ်ရင် သူ့အနား ဘယ်ကပ်ရဲတော့မလဲ..."

"ဦးဉာဏ်ကလဲ သရဲရှိမှန်းသိရင် ဘာလို့ ဒရဝမ်လုပ်နေသေးလဲ..."

"သြော်....နင်တို့ကလဲ အလုပ်က ပင်ပင်ပန်းပန်းမလုပ်ရဘူး၊ ကျောင်းမှာလဲ နေခွင့်ရတယ်ဆိုတော့ လုပ်ရမှာပေါ့၊ အပြင်အလုပ်တွေကဆို သူ့အနေနဲ့က ဆိုက်ကားနင်းရင်လဲ နင်းရမယ်၊ ကုန်ထမ်းရင်လဲထမ်းရမယ်၊ သူဘယ်လုပ်နိုင်မလဲ..."

"အေးနော်...ဒါကြောင့်....သူဘုရားစာ အမြဲရွတ်နေတာဖြစ်မယ်...."



"ဦးဉာဏ်ကို အဲဒီသရဲမတွေ့ဖူးလားလို့ သွားမေးရအောင်"

သူရအောင်က စပ်စပ်စုစု အကြံပေးလျှင် ဆိုင်းဆိုင်မှာ သူ အလိမ်ပေါ်သွားမှာစိုးသဖြင့်...။

"ဦးဉာဏ်ကမင်းကို အမှန်ဘယ်ပြောမလဲ၊ ပြောလိုက်ရင်မင်းကတစ်ဆင့် တစ်ဆင့်နဲ့ ကျောင်းက လူတွေအကုန်သိသွားကြမှာပေါ့၊ အဲဒီအခါကျ ဆရာမကြီးပါသိသွားရင် ကလေးတွေကြောက်အောင် ပြောရလားဆိုပြီး ဦးဉာဏ်ကို အလုပ်ထုတ်မှာပေါ့၊ မင်း...သူများ ဒုက္ခရောက်အောင် သွားမလုပ်ပါနဲ့ကွာ"

"ငါ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုရင် ရပါတယ်"

"အဲဒါဆိုလဲ သွားမေးပေါ့၊ ငါသိကိုသိနေတယ်ကွာ၊ ဦးဉာဏ်က ပြောမှာမဟုတ်ဘူး"

တကယ်လဲ မရှိသော သရဲဇာတ်လမ်းကို လုပ်ကြံအပြောကောင်းသဖြင့် သူတို့တစ်အုပ်စုလုံးဟာ ကျောင်းဟောလ်ခန်းမကို တစ်ယောက်တည်း သွားရမည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများ၌ ရှောင်ဖယ်လာကြသည်။

ဟောလ်ခန်းထဲသွားရမည်ဆိုလျှင် ညိုတစ်ယောက်က သူငယ်ချင်းတွေကြားမှာ သူနေရမှ၊ ဟောလ်ခန်းမကြီးရဲ့ အလယ်မှာ ထိုင်ရမှ(ဘေးဘက်နံရံနဲ့ကပ်သောနေရာ၊ နောက်ဘက်နံရံနဲ့ကပ်သောနေရာ တွေကိုဆို ညိုဘယ်တော့မှ မထိုင်) ဆိုသော အကျင့်လေးရှိလာသည်။

ကျောင်းအိမ်သာတွေဆို ညိုကားဘယ်တော့မှ တစ်ယောက်တည်းမသွားရဲ။ အဖော်ပါမှ၊ ပြီးတော့ အိမ်သာတံခါးကို အတွင်းမှ ဘယ်တော့မှ ချက်မထိုးဘဲ သူငယ်ချင်းက အပြင်ကရပ်စောင့်ပိတ်ကိုင်ပေးထားရသည်။

ညိုသည် အိမ်သာသွားရမှာကိုလဲ သိပ်ကြောက်သည်ဖြစ်ရာ တော်ရုံတန်ရုံနဲ့ဆို ကျောင်းမှာ အိမ်သာသွားခဲ၏။

ညို၏ ကျောင်းသက်တမ်းတစ်လျှောက်တွင် ကျောင်းအိမ်သာကို အသုံးပြုခြင်းမှာ အတော်ကြီး နည်းပါးလှသည်။

ညိုက အဲဒီ့အထိအကြောက်ကြီးသူတည်း။ ဆိုင်းဆိုင်ကတော့ ဘယ်အချိန်မှာ ဘာဇာတ်လမ်းကိုတီထွင်ဖန်တီးဖြီးဖြန်းပြီးပြောရမလဲဆိုတာကို အမြဲစိတ်ကူးနေသူတည်း။



တစ်ခါတုန်းကတော့ မှတ်မှတ်ရရပင် ညိုသည် ဆိုင်းဆိုင်ကြောင့် အပြင်းဖျားသည်အထိ ကြောက်လန့်ခဲ့ရးသည်။

အဲဒီနေ့က ညခုနစ်နာရီလောက်တွင် လှကေသီအိမ်မှာ စာစုသင်ရတဲ့ နေ့ဖြစ်သည်။

ညိုတို့စာသင်ရာမှာ စားပွဲဝိုင်းကြီးတွင် ပတ်ထိုင်ကြပြီး ဆရာ(သို့မဟုတ်)ဆရာမကတော့ ကုလားထိုင်တစ်လုံး ားပွဲတစ်လုံးဖြင့် သတ်သတ်မှတ်မှတ်ထိုင်ရပြီး ဝှိုက်ထ်ဘုတ်ပေါ်မှ ဘောပင်နဲ့ဖြင့်ရေးလိုက်သင်လိုက် လုပ်ရလေသည်။

အဲဒီ့နေ့မှာ စာသင်ကောင်းနေခိုက် မီးက ရုတ်တရက် က်သွားသည်။ ခါတိုင်းလဲ မကြာခဏဆိုသလို မီးပျက်တတ်မယ့် ဒီနေ့မှာတော့ မီးလဲအပျက်၊ ခွေးအူသံကလဲ စပြီး ကြားရလျှင်...။

"ဟာ...ခွေးအူပြီ"

ဆိုင်းဆိုင်သည် အကွက်ချောင်းနေသော လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ကျေနပ်နေသောအသံဖြင့် အားလုံးကြားအောင် တမင်ပြောလိုက်၏။

ဆရာမက...။

"ဆိုင်းဆိုင် ခွေးအူတာဘာဖြစ်သလဲ၊ မင်း ငြိမ် ငြိမ်နေစမ်း၊ ဒီမှာ ကေသီ့အိမ်က လူတွေ ဖရောင်း တိုင်ထွန်းပေးတော့မယ့်ဟာ....မင်းလှုပ်လှုပ် လှုပ် လှုပ်လှုပ်နေရင် ဝင်တိုက်မိမယ်"

ဟု ဆူပူငေါက်ငန်းလဲမရ၊ သူက အထွန့်တက်လိုက် သေးသည်။

"သားတို့စာသင်တဲ့အခန်းက သတ်သတ်ကြီး ဗျ၊ ကေသီ့အိမ်ကလူတွေမီးကို ချက်ချင်းဘယ်လာ ထွန်းနိုင်မလဲနော်"

"အေး...အဲဒါဘာဖြစ်တုန်း..."

"ဩော်...အဟဲ...အမှောင်ထဲမှာဆိုတော့ ခြင် ပိုကိုက်လို့ ပြီးတော့ မီးအမှောင်ခွေးကအူတော့ ကျောချမ်းလာပြီ"

ညိုသည် မီးပျက်ကတည်းက ကြောက်တော့ နည်း နည်းကြောက်သွားပေမယ့် ခွေးက စပြီး အူတော့ ရင်ထဲမှာ



ကလီစာတွေ ပြောင်းဆန်ကုန်အောင် ကြောက်နေစဉ်မှာ ဆိုင်းဆိုင်၏ အကြောင်းမရှိအကြောင်းရှာပြောသံမှာ ညို့ရဲ့ ကြောက်စိတ်တွေကို ပိုပြီးနှိုးဆွခံရတော့တာပင်...။

"ခွေးအူတာက ဟိုအဝေးကြီးကနေစပြီး အူ တာနော်၊ တဖြည်းဖြည်းရွေ့လာသလိုပဲ ဒီနားပိုနီး လာတယ်..."

"မင်းကလဲကွာ ခွေးတွေရဲ့ အကျင့်က တစ် ကောင်အူရင်လိုက်အူတာပဲ၊ အဲဒါဆန်းလား"

"ဆန်းသလိုပဲ တစ်ခုခုက တဖြည်းဖြည်း ရွေ့ လာလို့ သူတို့ လိုက်အူသလိုခံစားရတယ်"

ညိုသည် ရင်တွေဘာထိတ်ထိတ်ခုန်လျက် သူမ၏ ကျောပြင်ကို တစ်ခုခုများလာထိတော့မလားလို့ စိုးရိမ်မိလျက်၊ ဒါပေမယ့် နောက်ကျောဘက်လည်းလှည့်မကြည့်ရဲ၊ အသံ လည်းမထွက်ရဲ၊ အသံထွက်လျှင် သူမအသံကို တစ်စုံတစ်ရာ က ကြားသွားမှာကြောက်သတဲ့။

လှကေသီက ညိုကြောက်နေပြီမှန်းရိပ်စားမိသဖြင့် ဆိုင်းဆိုင်စကားတွေကို ဖြတ်ပြောလိုက်၏။

"အမေတို့ကလဲ ဖရောင်းတိုင်ယူနေတာ ကြာ

www.burmeseclassic.com

လိုက်တာ၊ ဒီမှာစာသင်နေတဲ့လူတွေကိုတော့ ဦးစား ပေးပြီး လာမထွန်းပေးဘူး...''

''ရပါတယ်ဟဲ့၊ မီးက ခဏပဲပျက်မှာပါ''

ဖြူသွေးကလဲ ညို့လက်ဖဝါးတွေကို အသာအယာ လေး ဆုပ်ကိုင်ပေးရင်း ဝင်ပြောပေးသည်။

''ဖရောင်းတိုင်မီးနဲ့ဆိုရင် ငါ့ဆံပင်သတိထား မှ ငါ့ဆံပင်က ရှည်တယ်၊ မီးဟပ်ခံရမှာစိုးရိမ် တယ်''

စိုးစိုးက မှောင်ထဲမှာ ခေါင်းကို ဘီးဖြီးရင်းစကား စမြည်ပြောပေးပေမယ့် ညိုကား တုတ်တုတ်မျှပင် မလှုပ်ရဲ ပါတဲ့။

ဆိုင်းဆိုင်ကား သူ့ဇာတ်လမ်းကိုသူ အဖျက်မခံ။ ဤ ဇာတ်လမ်းအစကို သူကပျိုးထားပြီးဖြစ်ရာ မရရအောင် ခြိမ်း ခြောက် ဖန်တီးပြောမှပဲဖြစ်လေသည်။

''ငါလာတုန်းက ကေသီတို့ဟိုဘက်လမ်းမှာ အသုဘရှိတာတွေ့တယ်၊ အဲဒီအိမ်က သက်ဆိုင် သူဟာ မီးမှောင်တော့မှ သူ့အိမ်နားသူလာကပ်ရဲ တယ်ထင်တယ်''



''အဲဒါဆို သူ့အိမ်နားပဲ သူနေမှာပေါ့''

''ဘယ်ဟုတ်မလဲ...သူရေ၊ ဒီအနီးအနားဝန်း ကျင်က သူ့မိတ်ဆွေတွေဆီ လမ်းကြုံတော့ဝင်နှုတ် ဆက်ချင်လဲ နှုတ်ဆက်မှာပေါ့''

''ပေါက်ကရပြောပြီ၊ သေတဲ့သူက ကိုယ့်ဆွေ မျိုးတောင်စုံစေအောင် နှုတ်မဆက်ရသေးပဲနဲ့ မိတ် ဆွေတွေကို သတိရပါ့မလားကွ''

''တစ်ချို့က ဆွေမျိုးထက် မိတ်ဆွေကို ပိုခင် ကြတယ်လေကွာ၊ ကေသီ့အိမ်မှာ သူ့အသိရှိမလား မသိဘူး၊ ခွေးအူတာက ဒီနားရောက်မှ ရပ်သွားပြီ၊ ဟဲဟဲ...''

ညိုသည် ခွေးအူသံဟာ ကေသီ့အိမ်နားရောက်မှ ရပ်သွားတာကို သူမလည်းသတိပြုမိသည်။ ဖြစ်ရာ..ပိုပြီး ကျောချမ်းသွား၏။

ကေသီ့အိမ်ကလူတွေ၏ ဖရောင်းတိုင်မီးရောင်လေး အခန်းဝတွင် တွေ့လိုက်ရတော့ ညို့မှာ အတော်ကြီးပင် စိတ် ချမ်းသာမလိုရှိသေး...။

ဖြုန်းဆို ညို့ ကျောပြင်ကို လာထိသောခံစားချက်၊

www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်ရွှစိစိ ခံစားချက်၊ မီးမှောင်ခြင်း၊ ချွေးအူခြင်းကို ကြောက်နေသော ခံစားချက်၊ ဆိုင်းဆိုင၏ ဖွဲ့နွဲ့ပြောဆိုမှုထဲမှာ ကြောက်နေသော ခံစားချက်များပေါင်းလျက် ညိုသည် ရုတ်တရက်ပင်...။

"အား..."

ဟူသော အသံနက်ကြီးဖြင့်၊ အေးစက်တုန်ရီခြင်းများဖြင့်၊ ထိတ်လန့်ရခြင်းများဖြင့်၊ အော်လိုက်မိပြီးသောအခါ စားပွဲပေါ်သို့မျက်နှာမှောက်လျက် ငိုက်ကျသွားကာ...အကြောက်လွန်၍ သတိမေ့သွားပါတော့သည်။

ညို....သတိရသွားသောအချိန်တွင် အားလုံး၏ စိုးရိမ်နေသော မျက်နှာများက ညို့ကို ငုံ့မိုးရပ်ကြည့်။ မီးတွေကတော့ ပြန်လင်းနေပြီ။

"ညို...ကျေးညို...သမီးသတိရပြီလား"

ဆရာမက စိုးရိမ်သောအသံဖြင့် မေးသည်။

ညိုသည် ရှိုက်ကြီးတငင်ငိုကာ....။

"ညို...ညို့ကို သရဲလာကိုင်တာခံလိုက်ရ တယ်၊ တီချာရဲ့၊ အေးစက်စက်ကြီး၊ ပြီးတော့ ရွှစိ ရွှစိလက်ကြီးနဲ့ ကြောက်တယ်၊ ညိုကြောက်



တယ်..."

"ဟယ်...မဟုတ်ပါဘူးညိုရယ်၊ အဲဒါ အိမ်မြှောင်ပါကွယ်...အိမ်မြှောင်ပါ..မျက်နှာကျက်က နေ ညို့ကျောပေါ် ပြုတ်ကျတာပါ"

"မဟုတ်ဘူး...သရဲပါ၊ ဆိုင်းဆိုင်ပြောနေတဲ့ သရဲက ညို့ကိုလာကိုင်တာ၊ ညိုက ကြောက်မုန်း သိလို့ တမင်လာခြောက်ပြတာပါ၊ ညိုသိတယ်"

"ဩော်...မဟုတ်ပါဘူးဆိုကွယ်၊ ဆိုင်းဆိုင် မင်းတော့လား ဒီမှာ မြတ်ကျေးညိုဘယ်လောက် ကြောက်သွားလဲ တွေ့လား၊ ဒုက္ခပါပဲ၊ ဘယ်လိုမှ သူယုံအောင်ပြလို့ကလဲ မရတော့ဘူး"

ဆိုင်းဆိုင်သည် ညို့ကိုသနားနေသဖြင့်...။

"ညို..သရဲမဟုတ်ပါဘူး၊ အိမ်မြှောင်ပါ ညိုရယ်၊ နင်ကလဲ ငါခြောက်မုန်းသိလု့ ဒါနဲ့ ဘာလို့ ကြောက်ရလဲ"

လို့ဝင်ပြီးတော့ ချော့မော့ခဲ့ပါရဲ့။

သို့ပေမယ့် ညိုကလည်း ညိုပါပဲ။ ဘယ်လိုမှကို အယုံအကြည်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ငါကြောက်မှာစိုးလို့ ဝိုင်းညာနေတာပါ၊ ငါ သိတယ် ငါ့ကို သရဲလာကိုင်တာ..."

အဲဒီလို တတွင်တွင်ပြောနေပြီးတော့ ညို့ရဲ့တစ်ကိုယ်လုံးဟာ ချက်ချင်းအဖျားတက်လာခဲ့တော့သည်။ ညို ကြောက်ဖျားဖျားတော့သည်။

အိပ်ရာထဲတွင် ညိုတစ်ပတ်လောက်လဲသွားသည်။ ဖျားရင်းကယောင်ကတမ်းအိပ်မက်တွေကို မက်ပြန် ကြောက်ပြန်နဲ့ ညို့ရဲ့အဖျားက တာရှည်သွားခဲ့သည်။

ညို့မေမေက စိတ်ဆိုးပြီး ဆိုင်းဆိုင်တို့အိမ်ကိုသွား တိုင်သေးသည်။

အဲဒီ့တော့ ဆိုင်းဆိုင်တစ်သက်တာမှာ ဘယ်တုန်းကမှ အပြစ်ပေးခြင်းမခံခဲ့ရပေမယ့် ထိုစဉ်ကတော့ ညို့အတွက်ကြောင့် ဖေဖေက သူ့ကို အပြစ်ပေးခဲ့လေသည်။

"ညိုရယ်...အဖျားပျောက်ပါတော့၊ ငါတမင် ချောက်တာပါ၊ နင်ယုံပါ၊ နင့်ကို ရည်ရွယ်ပြီး ချောက်တာမဟုတ်ပါဘူး၊ အိမ်မြှောင်က မတော်တဆနင့်အပေါ် ကျတာပါ၊ နင့်အမေလာတိုင်လို့ ဖေဖေလဲငါ့ကို စိတ်ဆိုးပြီး ရှစ်ဆယ်တန်ဗလာစာ





အုပ်နဲ့ အပြည့်....

"ကျွန်တော် နောက်ဆို သူများကိုကြောက်အောင် သရဲအကြောင်းမပြောတော့ပါဘူး"

ဆိုတဲ့ စာကြောင်းတွေရေးခိုင်းတယ်၊ လက်ရေးလဲ လှရတယ်၊ မလှလို့ဆိုပြီး အသစ်ပြန်ရေးခိုင်းတာလဲခံရတယ်၊ ဒီမှာ ငါ့လက်ဆို အဖုတောင်ဖြစ်တယ်"

ညို့ဆီတယ်လီဖုန်းဆက်ပြီးတော့လဲ သူတော်တော့ကို တောင်းပန်ယူရသည်။ ညို၏အဖြစ်သနစ်ကား သူတို့သူငယ်ချင်းအုပ်စု၏ မိသားစုအသိုင်းအဝိုင်းမှာတော့ မှတ်မှတ်ရရပင် ပြောစရာဖြစ်သွားခဲ့သလို ဆိုင်းဆိုင်၏လုပ်ကြံဇာတ်လမ်းပြောတတ်မှုကလည်း အဲဒီ့မိသားစုတွေကြားမှာ အထင်အရှား ဖြစ်သွားခဲ့သတဲ့...။



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ထိုစဉ်က ရှစ်တန်းကျောင်းသားဘဝတုန်းကလဲ ဆိုင်းဆိုင်သည် သူများကို သရဲအခြောက်ကောင်း၍ ကျောင်းအုပ်ဆရာမကြီးရုံးခန်းကို ရောက်တဲ့အထိပင် အပြစ်ခံခဲ့ရဖူးလေသည်။

အဲဒီတုန်းက ဆိုင်းဆိုင်သည် ကြံကြံဖန်ဖန် စိတ်ကူး၍ပြီး သူ့ဘာသာ ဖန်တီးလိုက်သော သရဲဇာတ်လမ်းမှာ....

"ကျောင်းက အောက်ဆုံးထပ်မှာရှိတဲ့ အိမ်သာမှာ သရဲရှိတယ်"



လို့ အတန်းတစ်တန်းလုံးနီးပါးက ကျောင်းသားတွေရဲ့ အိမ်ကို စာတိုက်မှ တစ်ဆင့် စာတွေရေးပို့တာဖြစ်သည်။

သူကအင်မတန်မှလဲ စပ်စပ်စုစုရှိသည်ဖြစ်ရာ သူတို့တစ်တန်းလုံးက ကျောင်းသူကျောင်းသားတွေရဲ့ လိပ်စာကအစ ဖုန်းနံပါတ်အထိ တော်တော့်ကို ခပ်များများသိထားတာဖြစ်သည်။

အဲဒါကြောင့် သူက သူ့ရဲ့ နောက်ပြောင်ဖန်တီးမှုကို ကောင်းကောင်း အကောင်အထည်ဖော်နိုင်တာလည်းဖြစ်သည်။

အဲဒီစာတွေရသည့်နေ့က သူတို့အတန်းထဲတွင် တိုးတိုး တိုးတိုး အသံများ၊ မယုံတစ်ဝက်ယုံတစ်ဝက်အသံများ၊ အယုံကြီးယုံပြီး ကြောက်နေကြသောအသံများ ခပ်သဲ့သဲ့ ထွက်လာခဲ့သည်။

စာမှာ လက်နှိပ်စက်ဖြင့်လည်းရိုက်နှိပ်ထားရာ ဘယ်သူ ရေးမှန်းလဲ ဘယ်လိုမှမသိနိုင်။

သို့သော် သူတို့ အုပ်စုလေးကတော့ ဒါ ဆိုင်းဆိုင် လက်ချက်ပဲလို့ သိကြလေသည်။

ဒီတစ်ခါတော့ ဆိုင်းဆိုင်ရဲ့လုပ်ကြံဖန်တီးမှုကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံး (ညိုကလွဲ၍) စိတ်ဝင်တစားဝင်ပါလိုကြသည်။

ခန့်မျိုးက တိုးတိုး စပြီး တိုင်ပင်တာဖြစ်သည်။

"ဟော့ကောင်...ဆိုင်းဆိုင် အဲဒီ စာ မင်းပို့တာ မဟုတ်လား"

"ဟာ...မဟုတ်ပါဘူး...ကြဲကြဲဖန်ဖန် ငါက ပါးစပ်နဲ့ ပြောတာပဲ ဝါသနာပါတယ်....စာရေး ပို့တာ ဝါသနာမပါဘူး"

"အချင်းချင်းတွေကွာ ဒီလိုမျိုး သရဲ အကြောင်း ရှာကြံပြောတာမင်းပဲရှိတယ် ငါတို့သိထား ပြီးသား ...."

သူရအောင်က သိချင်သလိုအသံဖြင့်...

"ဒါနဲ့ မင်းဘာလို့တစ်တန်းလုံးသိအောင် လျှောက်လုပ်ရတာလဲ"

"တစ်တန်းလုံးသိစေချင်လို့ပေါ့ကွ"

ဖြူသွေးက စိတ်ညစ်သလိုပြောလိုက်သေး၏။

"ဟုတ်တာလဲမဟုတ်ပဲနဲ့၊ ဆိုင်းဆိုင်ရယ် အလကားနေရင်း သူများတွေ လန့်အောင် လုပ်ပြန် ပြီ"



"ဟုတ်လို့ကြေညာလိုက်တာပေါ့ဟ၊ ငါကမ ဟုတ်တာတော့ မပြောပါဘူး၊ ငါသိထားတာကို အားလုံးသိအောင် ဖြန့်ဝေတာပဲ"

"ဘယ်ကဟုတ်ရမှာလဲ၊ တစ်ခါမှလဲမကြား ဖူးတဲ့ကိစ္စကြီးကို..."

စိုးစိုးက အတင်းခံငြင်းသလိုပြောပြန်သည်။

မြတ်ကျေးညိုကတော့ ဆိုင်းဆိုင်ပြောလျှင် အဟု ကြီးပဲ ထင်ကာ မျက်နှာငယ်နေသည်။

"ငါကိုယ်တိုင် အခြောက်ခံရလို့ဟ..."

"ဟယ်...မဟုတ်ပဲနဲ့..."

"ဟာ..တကယ်၊ တကယ်ပြောတာ၊ ဟိုးတစ် ပတ်က မနက်အစောကြီး ငါ ကျောင်းရောက်တော့ အိမ်သာအရမ်းတက်ချင်တာနဲ့ ငါတို့အတန်းရှိတဲ့ အပေါ်ထပ်ကို တက်မလာတော့ပဲ အောက်ထပ်က အိမ်သာကိုပဲ အလွယ်တကူ ဝင်လိုက်တယ်ဟာ၊ အဲဒီမှာ သရဲနဲ့တိုးတော့တာပဲ"

"နင်...နင် မကြောက်ဘူးလား ဆိုင်းဆိုင်"

ညိုက အသံတုန်တုန်ဖြင့် ဝင်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တာပေါ့..."

"နင်ဘယ်လိုပုံစံကိုတွေ့တာလဲ"

"အိမ်သာထဲ ဝင်ဝင်ချင်း မတွေ့ဘူးဟ..အိမ်သာကို ချက်ထိုးပြီး ငါ အေးအေးဆေးဆေးအိမ်သာတက်တုန်းမှာ အသံစကြားရတာပဲ"

"မင်းကလဲ တခြားတစ်ယောက်ယောက် အိမ်သာဝင်တာလဲဖြစ်ရင်ဖြစ်မှာပေါ့"

"မဟုတ်ဘူးကွ၊ ငါအသေအချာချက်ထိုးထားတဲ့ တံခါးက အလိုလိုပွင့်သွားတယ်၊ အရမ်းအကျယ်ကြီးလဲ မဟုတ်ဘူး၊ နည်းနည်း ဟရုံကလေးပဲ၊ သဘောက ငါ့ကို သူ ရှိတယ်ဆိုတာပြချင်တာပေါ့ဟာ...

ငါလဲ အိမ်သာ တံခါးကို အလိုလိုချက်ပွင့်သွားလို့ လန့်ပြီးပြန်ဆွဲမယ်အလုပ်မှာ ကျောခိုင်းထားတဲ့ လူတစ်ယောက်က ငါ့အိမ်သာတံခါး ခပ်ဟဟလေးရှေ့ လာရပ်တာတွေ့လိုက်ရတယ်...

ငါလဲ ကြက်သီးတွေဖြန်းကနဲထသွားတယ်၊ အေးစိမ့်လာတယ်၊ ရေခဲတိုက်ထဲရောက်သွားသလို



ပေါ့၊ အဲဒါနဲ့ တစ်မျိုးတော့ တစ်မျိုးပဲ ဆိုပြီး ငါ ရေမြန်မြန်ဆေးပြီး အိမ်သာကထွက်ဖို့ လုပ်တော့ အဲဒီကျောပြင်ကြီးက ငါ့ရဲ့ တံခါးကို ဖိပိတ်ထားတာ ခံလိုက်ရတယ်၊ တံခါးကိုငါက အထဲက ဘယ်လို တွန်းဖွင့်ဖွင့် မရဘူး၊ အပြင်က အတင်း ဖိပိတ်ထားတာကိုး...

ငါလဲ အရမ်းလန့်သွားပြီး ခင်ဗျား ဘယ်သူလဲ ကျွန်တော့်ကို ဘာလို့ အပြင်ကတံခါးပိတ်ထားရတာလဲ လို့အော်မေးလိုက်တယ်"

ကျန်တဲ့သူငယ်ချင်းတွေကတော့ နားထောင်ကောင်းကောင်းနဲ့ နားထောင်ပေမယ့် ညိုကတော့ ထုံးစံအတိုင်း အကြောက်လွန်နေပြန်သည်။

ဆိုင်းဆိုင်ဟာ တော်တော်သတ္တိကောင်းတာပဲ၊ ငါသာဆိုရင် ကြောက်တာနဲ့သေနေလောက်ပြီလို့လဲ တွေးနေမိပြန်သည်။

"အဲဒီတော့ မင်းရဲ့ သရဲက ဘာပြောလဲ"

သူရအောင်ကတော့ အယုံအကြည်သိပ်မရှိလှသဖြင့် ခပ်လှောင်လှောင်အသံဖြင့်မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောဘူး တစ်မျိုးပဲ…ဟင်းခနဲ သက်ပြင်းကြီးချပြတယ်…"

"တံခါးကိုရော ဖွင့်ပေးလား"

"မဖွင့်ပေးဘူး…."

"ဟယ်..အဲဒီ့တော့ နင်ဘယ်လိုလုပ်ထွက်လို့ရလဲ…"

"ငါလဲ အရမ်းကြောက်လာတာပေါ့၊ ကြောက်လွန်းတာ မေးတွေတဆတ်ဆတ်တုန်ပြီး ဒူးတောင်ချောင်လာတယ်၊ ဒါနဲ့ ကြံမိကြံရာပေါ့ဟာ ငါကလဲ ဘုရားစာဆိုသိပ်လဲမရတော့ ရတဲ့ ဘုရားစာပဲ ထပ်ခါတလဲလဲ ရွတ်တော့တာပဲ"

"ဘာ ဘုရားစာလဲ…"

"ငါ ဘုရားစာတစ်ခုပဲရတယ်၊ ဣတိပိသော ဘဂဝါနဲ့စတာလေ…အဲဒါဘာလဲ"

"အဲဒါ…ဂုဏ်တော်ကိုးပါးဟဲ့…"

"အေး…အဲဒါတော့ အစအဆုံးရတယ်၊ အဲဒါပဲ ထပ်ခါတလဲလဲ ရွတ်တာပေါ့၊ သိပ်သိသာတာပဲ တံခါးက ဖြည်းဖြည်းချင်းပွင့်သွားတယ်၊ ငါလဲ



ထွက်လို့ရသွားတယ်…."

"ထွက်လို့ရတော့ အပြင်မှာဘာမြင်လဲ"

"ဘာမှမရှိတော့ဘူး ဒါပေမယ့် ကျောပြင်ကြီးတစ်ခုကတော့ ရိပ်ခနဲ အိမ်သာအဝင်ဝကနေထွက်ပြေးသွားတာတွေ့လိုက်သလို ခံစားရတယ်၊ ငါလဲ ဘုရားစာကို မပြတ်ရွတ်ပြီး ဖနောင့်နဲ့ တင်ပါးတသား တည်းကျအောင် ပြေးတော့တာပဲ နောက်ကိုလုံးဝလှည့်မကြည့်တော့ဘူး"

"ဟုတ်ရောဟုတ်ရဲ့လားကွာ မင်းက အမြဲ ဖန်တီးနေတာ၊ မယုံရပါဘူး"

"မင်း,သာ ဟောလီးဝုဒ်ရောက်သွားရင် သရဲကားရိုက်တဲ့နေရာမှာ နာမည်ကြီးဒါရိုက်တာ ဖြစ်သွားမယ်"

"ဒါပေမယ့်..ဒါပေမယ့် ညီကတော့ယုံတယ် ဆိုင်းဆိုင်ရယ်၊ ညီ အိမ်သာတောင် မသွားရဲပါဘူးဆိုမှ နင့်ကို သရဲက ခြောက်လွှတ်တာ သိရတော့ပိုပြီး မသွားရဲတော့ဘူးသိလား"

အဲဒီ့တုန်းက ညီကြောက်ဖျားဖျားပြီး တာလဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



လကျော် ကြာသွားပြီမို့ ဆိုင်းဆိုင်ဟာ သူရဲ့ ဝါသနာအ
သရဲအကြောင်းမပြောပဲနဲ့ ကိုမနေနိုင်သူဖြစ်ရာ ညီဖျားတာလ
အမှတ် မရှိဘဲ ယခုထပ်ပြောပြန်တာဖြစ်သည်။

"မသွားနဲ့ပေါ့၊ ညီရယ်၊ ငါက ငါ့လိုဖြစ်မှာ
စိုးလို့ တစ်တန်းလုံးကို လဲစေတနာနဲ့ အသိပေး
လိုက်တာပေါ့..."

သူ ထိုသို့သတင်းဖြန့်သည်မှာ ဤတစ်တန်းတည်း
ပင်မက အခြားအခြားသော အတန်းတွေဆီပါ တစ်ဆင့်စကား
နဲ့ တစ်ဆင့်တော်တော့်ကို ပျံ့နှံ့သွားခဲ့လေသည်။

ဆိုင်းဆိုင်ကား အကျေနပ်ကြီး ကျေနပ်နေတော့
သည်။

"ဒါ...တမင်နောက်တာပါ..ငါ...ဟိုတစ်နေ့
က အောက်ထပ်က အိမ်သာကို တမင်အစောကြီး
သွားသားပဲ ဘာမှမတွေ့ပါဘူး"

လို့ တစ်ချို့က သွားစမ်းသပ်ပြီး ပြန်ပြောသူကပြော

"သရဲက အောက်ထပ်အိမ်သာတင်မက အ
ပေါ်ထပ်တွေလဲ လာချင်လာမှာပေါ့၊ ရှိကိုမရှိလို့
ဘယ်မှာမှမတွေ့တာ"





လို့ သတ္တိရှိသူတစ်ချို့က တမင်တကာကို အစော
ကြီးတွေမှာလာစောင့်ပြီး ပြန်ပြောသောအခါ ဆိုင်းဆိုင်၏
ဖန်တီးသောစာကြောင်းများလက်ခံရရှိသည်မှာလည်း သုံး
ပတ်ကျော်ကြာသောအခါ ဒီအကြောင်းအရာဟာ လိမ်ဆင်
ကြီးပါလို့ အားလုံးက တညီတညွတ်တည်း ယူဆလာချိန်တွင်
ဆိုင်းဆိုင် သည် နောက်ထပ်အကြံတစ်မျိုးထုတ်တော့သည်။

ထိုအကြံရလာသောအခါ သူသည် မဆိုင်းမတွပင်
အကောင်အထည်ဖော်တော့တာဖြစ်သည်။

ထိုနေ့က သူ ကျောင်းကို အစောကြီးမှ တကယ့်ကို
အစောကြီး ရောက်နေတာဖြစ်သည်။ မနက်တစ်ပိုင်းတက်ရ
သော သူတို့ရဲ့ကျောင်းသည် မနက်ခြောက်နာရီလေးဆယ့်
ငါးမှာ ကျောင်းစတက်တာဖြစ်သည်။ ဒီတော့ ဆိုင်းဆိုင်က
ကျောင်းကို ခြောက်နာရီမထိုးခင်ကတည်းက တမင်ကြိုရောက်
သာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစောင့် ဦးဥာဏ်မှာ အစောကြီး ကျောင်း ရောက်လာသော သူ့ကို...

"ကလေး..ဘာလို့ကျောင်းအစောကြီး လာရ သလဲကွဲ့..."

ဟု မေးလေသည်။ ဆိုင်းဆိုင်က ဖြီးတဲ့ဖြမ်းတဲ့နေရာ တွင် လည်း ထိပ်တန်းပင်...။

"ဟာ...ဦးဥာဏ်ရာ...မပြောချင်ပါဘူး၊ ကျွန်တော့်ကိုဆရာမက ဒဏ်ပေးထားတယ်ဗျ၊ ကျွန် တော်တို့အဝါအသင်းမှာ ကျွန်တော်ကခေါင်းဆောင် လေ၊ အဲဒါဗျာ အဝါအသင်းအလှည့်တုန်းက တံ မြက်စည်းလှည်း၊ရေခပ်၊ ကျောက်သင်ပုန်းဖျက်ဖို့ ကို အသင်းသားတွေကိုမှာမထားမိတော့ မနေ့က တစ်နေ့လုံး အတန်းထဲမှာညစ်ပတ်နေတယ်၊ ဆရာ မက စိတ်ဆိုးတယ်၊ အသင်းခေါင်းဆောင်မှာတာဝန် ရှိတယ်ဆိုလို့ ကျွန်တော့်ကိုဒဏ်ပေးပြီး ဒီနေ့ သန့် ရှင်းရေးကိစ္စကို ကျွန်တော်တစ်ယောက်တည်း လုပ်ရမယ်လို့ အမိန့်ပေးတာနဲ့ စောစောလာရတာ ပါ..."





"ဪ...အေး...အေး...ဒါဆိုလဲ ကျောင်း ထဲဝင် စောစောလာတော့ အလုပ်တွေအကုန် ဖြည်း ဖြည်းလုပ်ရတာပေါ့"

ဆိုင်းဆိုင်သည်ကား သူ့အတန်းရှိရာအထပ်ကို ဟန် ပြလောက်သာတက်ပြီး အတန်းထဲတွင် လွယ်အိတ်ထားကာ လွယ်အိတ်ထဲတွင် သိုဝှက်ထည့်လာသော အနက်ရောင်ဝတ် ရုံဖားဖားကြီးတစ်ခုကိုပိုက်၍ အောက်ဆုံးထပ်ကို ကျောင်း စောင့် မမြင်အောင် တိတ်တဆိတ်ပြန်ဆင်းလာခဲ့ပါသည်။

ကျောင်းသည်ကား မည်သူမျှမရှိရာ လူရှင်းပြီး တိတ် ဆိတ်နေပါသည်။ ဆိုင်းဆိုင်သည် အောက်ဆုံးထပ်က အိမ်သာ ဆီဝင်ခဲ့သည်။ သူ့တွင် ကြောက်စိတ်လုံးဝမရှိ။ သူက သရဲ ဇာတ်လမ်းကို ဖန်တီးသူဖြစ်ရာ ယခုအခါမှာတော့ သူကိုယ် တိုင်က သရဲလုပ်၍ ခြောက်မည်လို့ ကြံစည်ထားသည်။

ဘယ်သူ့ကိုပဲဖြစ်ဖြစ် ခြောက်မည်။

တစ်ခါလောက်ခြောက်လိုက်လျှင် နာမည်ကျော်သွား သည် သူ့ရဲ့ သရဲဇာတ်လမ်းအတွက် သူ စိတ်ကူးများဖြင့် ပျော်နေလေသည်။

သူသည် အိမ်သာ တစ်လုံးထဲတွင် ချက်ချ၍ ဝင်ပုန်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အပြင်က ဝင်လာမည့် တစ်ယောက်ကို စောင့်ဆိုင်းပါသည်။ သူ့တွင် ဝတ်ရုံနက်ကြီးကိုလည်း ခြုံထားပြီးဖြစ်သည်။ ထိုဝတ်ရုံနက်မှာ ခေါင်းစွပ်ပါ ပါရာ ခေါင်းအထိ မည်းမည်းကြီးတဆက်တည်းဖြစ်နေသည်။

သိပ်တော့ကြာကြာစောင့်ရသည်။ ခြောက်နာရီခွဲခါနီးလောက်ကျမှ ခြေသံ တဖြတ်ဖြတ်ဝင်လာသံကိုကြားရသည်။သူသည် တံခါးကိုအသာလေးဟပြီး ချောင်းကြည့်တော့ အပြင်မှဝင်လာသောတစ်ယောက်က အိမ်သာတစ်ခုထဲဝင်သွားတာတွေ့ရလျှင် ဆိုင်းဆိုင်သည် ကမန်းကတန်းပင် သူဝင်နေရာအိမ်သာမှထွက်လိုက်သည်။

ထို့နောက် ထိုတစ်ယောက်ဝင်သွား းသော အိမ်သာရှေ့တွင် ခြေသံရှပ်ရှပ်နှင့် ခေါက်ဘုံ့ခေါက်ပြန်လျှောက်ပြလိုက်၏။

ပြီးတော့ 'ဟင်း'ခနဲသက်ပြင်းချသံ ခဏခဏကိုလဲ တမင် လုပ်ပြလိုက်သေးသည်။ ထိုအခါ အထဲက တစ်ယောက်မှာ ကြားထားသော သတင်းများကြောင့် စိတ်ထဲတွင် သို့လောသို့လော ထင်သွားပုံရသည်။

ချက်ချင်းတံခါးချက်ကို ဖွင့်လိုက်သံကြားရလျှင်

www.burmeseclassic.com



ကြားရခြင်း ဆိုင်းဆိုင်သည် တံခါးအနည်းငယ် ဟလိုက်ရုံကလေးရှေ့တွင် ကျောပေးကာ ပိတ်ရပ်လျက် ထိုသူဖွင့်သောတံခါးကို အတင်းပြန်တွန်းပိတ်လိုက်လေသည်။

ထိုအခါ အထဲက သူမှာ တုန်တုန်ရီရီဖြစ်နေသောအသံဖြင့်...။

"ခင်...ခင်ဗျား...ဘယ်သူလဲ..."

လို့မေးသည်မှာ စကားလုံးပင် မသဲကွဲလှ။ ဆိုင်းဆိုင်သည် သူ၏ဝတ်ရုံမည်းကြီးခြုံထားသောနောက်ကျောပြင်ကိုတံခါးနဲ့ ပိုမိုဖိကပ်၍ တွန်းလိုက်တော့သည်။

အထဲကလဲ အတင်းပြန်တွန်းသည်။ သူကလဲ အလျှော့မပေးဘဲ အပြင်ကပိတ်သည်။ အကယ်၍များ ထိုသူက ဘုရားစာဖြစ်ဖြစ်၊ တစ်ခုခုကို ဆိုလျှင် သူက ဖြတ်ခနဲဖွင့်ပေးပြီး အပေါက်ဝကို လှစ်ခနဲပြေးမှာဖြစ်သည်။ သူက အဲဒီလိုကြံစည်ထားတာဖြစ်သည်။

"ခင်ဗျားက သရဲဆိုရင် ကျွန်တော်တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကို မခြောက်ပါနဲ့ အီးဟီးဟီး၊ ကျွန်တော်ကြောက်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



အထဲက အသံမှာ သူထက်ငယ်သော ကောင်လေး အသံဖြစ်သည်။ ကောင်ကလေးက ငိုယိုပြီး တံခါးကို တဒုန်းဒုန်းထုလည်းထု၊ တွန်းလည်းတွန်း နောက်ဆုံးတော့ အသံနက်ကြီးဖြင့်···။

"ကယ်ကြပါဦးဗျို့···ကယ်ကြပါဦး···ကျွန်တော့်ကိုသရဲချောက်နေပါတယ် ကယ်ကြပါဦး သရဲကျွန်တော့်ကို ကုပ်ချိုးဖို့ကြိုးစားနေတယ်ဗျ···အီးဟီးဟီး···မြန်မြန် လာကယ်ပါဗျို့···"

အော်ချလိုက်သောအခါ ဆိုင်းဆိုင်သည် ဘယ်လိုမှလဲ မျှော်လင့်မထားမိသည်ဖြစ်ရာ လန့်ဖျပ်ပြီး တံခါးကို ဆက်တွန်းပိတ်မထားတော့ဘဲ အိမ်သာအပေါက်ဝကို ထွက်အပြေး၊ အော်သံကြား၍ ကျောင်းစောင့် ဒရဝမ်ကြီးမှာ အိမ်သာဆီပြေးအလာမှာ ဆိုင်းဆိုင်ကို ဘွားခနဲ ဆုံလိုက်တော့သည်။

ဆိုင်းဆိုင်နဲ့ မရှေးမနှောင်းတွင် နောက်မှ ပြေးထွက်လာသော ကျောင်းသားငယ်ကလေးမှာ အပြင်လဲရောက်ရော ဆိုင်းဆိုင်၏ဝတ်ရုံနက်ကျောပြင်ကို ထပ်၍မြင်လျှင် ပြေးနေရာမှ ခွေခနဲ မေ့လဲတော့သတည်း။



"ဟင်···မင်း··ဘာလုပ်တာလဲ···လာစမ်း"

"ဟာ···မဟုတ်ဘူး···ကျွန်တော်···"

"မင်းဘာလုပ်ခဲ့လဲ···ဟိုကလေးသတိမေ့လဲသွားပြီ"

ဦးဉာဏ်နဲ့အတူ ဆရာ၊ဆရာမတစ်ချို့လည်း ချက်ချင်းရောက်လာရာ ဝတ်ရုံနက်နဲ့ ဖမ်းချုပ်ခံထားရသော ဆိုင်းဆိုင်ကိုလည်းကောင်း၊ သတိမေ့လဲနေသော ကျောင်းသားငယ်ကိုလည်းကောင်း နှစ်ယောက်စလုံးကို ကျောင်းအုပ်ဆရာမကြီး၏ရုံးခန်းထဲသို့ ခေါ်ဆောင်သွားခဲ့တော့သည်။

ကျောင်းသားငယ် သတိပြန်ရသောအခါ အကြောင်းခုံကို သိကြရလျှင် ဆိုင်းဆိုင်သည် အင်မတန် ကို ကြီးမားလှသောအပြစ်ကို ကျူးလွန်သဖြင့် ချက်ချင်းပင် မိဘတွေထံသို့ ကျောင်းအုပ်ဆရာမကြီးက ဖုန်းဆက်ခေါ်တော့သည်။

"မောင်ဆိုင်းဆိုင်ဟာ သူများကို သတိမေ့တဲ့အထိ ခြောက်တာလှန့်တာ လုပ်တယ်၊ တခြားကျောင်းသူကျောင်းသားတွေကိုလဲ ခြောက်လှန့်တယ်၊ ကျောင်းစောင့်ကိုလဲ ညာပြီး အစောကြီးကျောင်းထဲဝင်တယ်၊ သူဟာ ဘာရည်ရွယ်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလုပ်သလဲ ကျွန်မမသိချင်ဘူး၊ ကျွန်မကတော့ သူ့ကိုကျောင်းထုတ်ချင်တယ်"

ဆရာမကြီးက ခပ်ပြတ်ပြတ်လေသံဖြင့် ဆူပူလျှင် မိဘတွေမှာ ဆရာမကြီးကိုတင်မက တခြားဆရာ၊ ဆရာမများပါ မကျန်၊ ကျောင်းစောင့် မကျန်၊ သတိမေ့သွားခဲ့သော ကျောင်း သားငယ်ရဲ့မိဘတွေပါ မကျန်ခြေသလုံးဖက် မတတ်တောင်းပန်ရတော့လေသည်။

နောက်ဆုံးတော့ မိဘတွေတောင်းပန်လွန်း၍ ဆရာမကြီးက ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းပြီး ကျောင်းဆက်နေခွင့်ပေးလိုက်ပါသည်။

"နောက်တစ်ခါ...ဒါမျိုးအသံကြားရင် ကျွန်မ လုံးဝခွင့်မလွှတ်တော့ဘူး၊ ရှစ်ကန်းကာမေးပွဲဖြေခွင့်ကိုပါ ပိတ်မယ်..."

လို့ ဆရာမကြီးက သတိပေးစကားကို ခပ်တင်းတင်းပြောလိုက်သေး၏။

အိမ်ရောက်တော့ ဆိုင်းဆိုင်၏ ဘဝတွင် ပထမဦးဆုံး ရဖူးသော ဖခင်၏ ကြိမ်ဒဏ်ငါးချက်၊ မိခင်၏ ခေါင်းခေါက်ခြင်းတစ်ချက်တို့အပြင် နားထဲက အ[illegible]ကွက်မတတ် ဆူ[illegible]



ခံရခြင်းကို လက်ခံရရှိတော့သည်။

"ဘယ်လောက်ရှက်ဖို့ကောင်းလဲ မိဘတွေမှာ အားလုံးကို ရှိခိုးမတတ်တောင်းပန်ရတယ်ကွာ... ဟောက်..."

"ကျောင်းစောင့်ကအစ၊အောက်ကျနောက်ကျခံပြီး တောင်းပန်ရတယ်...သား...မင်း...မေမေတို့ ဒီလို တောင်းပန်ရပါလားဆိုတာ အမြဲ မျက်စိထဲ မြင်ယောင်နေပါ"

ဟူသော စကားသံများနဲ့ အလားတူ ဆုံးမစကားများသည်ကား ဆယ်ရက်ခန့် သူတို့အိမ်မှာ လွှမ်းမိုးနေခဲ့သည်။

ဆိုင်းဆိုင်၏သတင်းကတော့ အဲဒီ(-)အထက်တန်းကျောင်းကြီးတစ်ခုလုံးမှာ ဟိုးဟိုးကျော်လျက်တည်း။

ဘာပဲဖြစ်ဖြစ် ဆိုင်းဆိုင်ကတော့ ဤသည်ကို တိတ်တဆိတ် ကျေနပ်နေခဲ့ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

"ဆိုင်းဆိုင်ကို မင်းတို့အားလုံး စောင့်ကြည့်ပေးပါ၊ ပြီးရင် သူဘာပဲလုပ်လုပ် အန်တီတို့ကို လာတိုင်နော်"

လို့ မေမေက တစ်ခွန်းတည်း အမိန့်ပေးဖူးပါတယ်။ ကျန်တဲ့ ငါးယောက်က ဆယ်ခါမှာတစ်ခါသာ တိုင်ပေမယ့် မြတ်ကျေးညိုကတော့ အားလုံးထဲမှာ အတိုင်အတောအထူဆုံး ဖြစ်သည်။

ညိုက ဖုန်းနဲ့တစ်မျိုး၊လူကိုယ်တိုင်တစ်မျိုး တိုင်ကို



တိုင်တတ်သူဖြစ်သည်။

"အန်တီ…ဆိုင်းဆိုင်လေ ညို့ကို လာခြောက်ပြန်ပြီ၊ ကျောင်းမှာ မုန့်ရောင်းတဲ့ ဒေါ်အုန်းကလေ စုန်းမကြီးတဲ့ သူက ပြုစားတယ်တဲ့ ချစ်ရင်လဲ ပြုစားတယ်၊ မုန်းရင်လဲ ပြုစားတယ် ဆိုပြီး လာပြောတယ်၊ အဲဒါ ညိုကြောက်တယ်"

ဆိုတာမျိုး ညိုက တိုင်သည်။

"အန်ကယ်လ် မနေ့က သမီးဘောလ်ပင်န် အိတ်ထဲလက်နှိုက်လိုက်တော့လေ ပုရစ်ကြီးထွက်လာတာကို ဆိုင်းဆိုင်က ရယ်တယ်၊ သမီးလန့်ပြီး ခုန်တာ အမြင့်ကြီးပဲဆိုပြီးရယ်တာ သိလား၊ သမီး အကောင်ဗလောင်ကြောက်ပါတယ်ဆိုမှ သူတမင် လာထည့်ထားတယ်"

ဟူ၍လည်းတိုင်တတ်ပြန်သည်။

"ညို…ကြောက်ပါတယ်ဆိုမှ ကေသီတို့အိမ်ခြံဝန်းထဲ ညိုတစ်ယောက်တည်း ဝင်လာတော့ ဆိုင်းဆိုင်က ပုန်းနေပြီး ညိုရောက်လာမှ ညို့ရှေ့ ဝါးခနဲ လာအော်ပြီး လန့်တယ်၊ ပြီးတော့ မျက်နှာကလေ

www.burmeseclassic.com

www.burmeseclassic.com



သရဲပုံ မျက်နှာဖုံးကြီးလဲ စွပ်ထားသေးတယ် သိ လား”

လို့လည်း ဆိုင်းဆိုင်၏ တစ်မျိုးပြီးတစ်မျိုးမရိုးရလေအောင် ခြောက်လှန့်နောက်ပြောင်မှုများကို အတိုင်တောဆုံးသူ၊ ဆိုင်းဆိုင်၏ခြောက်လှန့်ခြင်းကို အခံရဆုံးသူ မြတ်ကျေးညိုသည်ကား ဆိုင်းဆိုင်၏မိဘများအတွက်တော့ ကျန်တဲ့ ငါးယောက်သော သူငယ်ချင်းတွေထက်ပင် အရင်းနှီးရဆုံး ကလေးမလေးဖြစ်နေတော့သည်။

“ညို့ကို ညက ဖုန်းဆက်ပြီး ဖုန်းထဲကနေ သရဲ ကားထဲက အသံမျိုးတွေသွင်းထားတဲ့ ကက်ဆက်ကြီးဖွင့်ပြတယ်”

“ညို့ဆီတယ်လီဖုန်းဆက်ပြီးရင် စကားလဲ မပြောဘဲ ဟင်းခနဲ သက်ပြင်းကြီးချပြီး သရဲ ခြောက်သလိုလုပ်ပြတယ်”

“အန့်တီက ကားတွယ်မစီးပါနဲ့ပြောတာ သူ နားမထောင်ဘူးအန့်တီ၊ ကေသီတို့အိမ်မှာ မနေ့က ဆရာမသိပ်နေမကောင်းလို့ အစောကြီးပြန်သွားတော့ အန့်တီတို့လဲလာမကြိုသေးတော့လေ သူ ကေ



သီတို့ အိမ်နားက မှတ်တိုင်ကနေ ဟိုဘက်မှတ်တိုင်ထိ ကားကို တစ်ခေါက် အသွားအပြန် တွယ်စီးတယ်..”

လို့ ညို၏တိုင်တောမှုများထဲမှ အသစ်ခွဲထွက်လာသော အကြောင်းအရာကို စပြီး ကြားရတဲ့ နေ့က မေမေသည် မျက်ကလဲဆန်ပျာဖြစ်သွားရလေသည်။

“သားရယ်…အန္တရာယ်သိပ်ကြီးတဲ့ အလုပ်ကို မင်းဘာလို့ လုပ်ချင်ရသလဲဟင်၊ အံမယ်လေးလေ ကားတွယ်စီးသတဲ့ မတော်လက်အံသေပြီး ပြုတ်ကျမှဖြင့်…”

“တစ်မှတ်တိုင်တည်းပါ မေမေရယ်”

“ဟဲ့…တစ်မှတ်တိုင်လဲ တစ်မှတ်တိုင်ပဲကွယ် မင်းကို မေမေတို့က တစ်ယောက်တည်း ရှိတာမို့ စုပုံပြီးချစ်ထားရတာ၊ မတော် တစ်ခုခု…ဖွဟဲ့… မပြောကောင်းမဆိုကောင်း တစ်ခုခုများ ဖြစ်ရင် မေမေဘယ်လောက်ရင်ကျိုးမလဲ၊ သေသွားရင်လဲ ရင်ကျိုးရမှာပဲ၊ မိဘက မွေးတုန်းက အကောင်း အဲဒီလို ကားပေါ်က ပြုတ်ကျလို့ တစ်ခုခု ကျိုးကန်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ရင်လဲ မေမေတို့ ယူကျုံးမရဖြစ်မှာပဲ၊ မင်း ဒါကိုသိတတ်ဖို့ကောင်းတယ်ကွယ်...''

''ဘတ်(စ်)ကားစီးဖူးချင်လို့ စီးတယ်ဆိုလဲ ဖေဖေအပြစ်မပြောပါဘူး သားရယ်၊ တွယ်တော့ မစီးပါနဲ့ ချောင်ချောင်ချိချိကားမျိုးစီးပါလား''

''နောက်...ဘယ်တော့မှ တွယ်မစီးရဘူးနော် သား''

ဆိုင်းဆိုင်ကတော့ ခေါင်းသာညိတ်ပြပေမယ့် သူ့စိတ်ထဲမှာတော့ ဘတ်(စ်)ကားမှာဆို ထိုင်စီးရတာထက် တွယ်စီးရတဲ့အရသာဟာ ဘယ်လောက်ကောင်းသလဲဆိုတာကိုပဲ တွေးတောနေပါသည်။

ဒီနေရာမှာ ခန့်မျိုးနဲ့ သူရအောင်တို့ကလည်း ဆိုင်းဆိုင်နဲ့ စိတ်သဘောချင်းတူလှသည်။

သူတို့ လစ်ရင် လစ်သလို ကားတွယ်စီးဖို့ကို အမြဲတိုင်ပင်ကြသည်။

ကားတွယ်စီးပြီးလျှင် အရသာကို ဖိမ်ခံပြီး ပြန်၍ စမြုံ့ပြန်တတ်ကြလေသည်။

''ကားတွေကို တွယ်စီးရတဲ့ အထဲမှာကွာ ဒက်ဆန်းကားတွေရဲ့နောက်မှာ တွယ်စီးရတဲ့ အရသာက ပိုကောင်းတယ်နော်...''



''ဟုတ်တယ်ကွ...အဲဒီကားတွေက မြန်တော့ လူက လေထဲမှာ လွင့်နေသလိုခံစားရတယ်''

''မျက်နှာကို လေလာတိုးတာကွာ..တဝိုးဝိုးနဲ့ ဆံပင်တွေလည်းလွင့်၊ အကျီတွေကလည်းလွင့်၊ ပုဆိုးဝတ်ရင်လဲ ပုဆိုးကလွင့်၊ ဘောင်းဘီဝတ်ရင်လဲ ဘောင်းဘီအနားသားကလွင့်နဲ့ ဘယ်လိုဖီလင်လဲမသိဘူးကွာ...ငါတော့ သိပ်သဘောကျတာပဲ''

''ဆိုင်းဆိုင် မင်းကသိပ်သဘောကျနေ၊ မင်းမေမေက စိတ်ပူတာလဲသတိထားဦး၊ တော်ကြာကွာ တစ်နေ့လောက် ခြေချော်ကျမယ်၊ ဘာမှတော့ ကြီးကြီးမားမားမဖြစ်ပေမယ့် လက်ကျိုးတာလေး၊ ပွန်းပဲ့တာလေးလောက်ဖြစ်ရင် သူသိသွားမှာပဲ၊ အဲဒါဆို ငါတို့အိမ်တွေကပါသိရင် အဆူခံရ လိမ့်မယ်''

''ဟိုကောင်မစုတ်လေး ကျေးညို့ရန်ကလဲ ကြောက်ရသေးတယ်၊ နေရာတကာ လိုက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆိုင်းဆိုင်ကိုဆို သူက ပိုတိုင်တယ်ကွ''

''ငါကလဲ သူ့ကိုဆို ပိုပြီး ခြောက်တာကိုး၊ မနေ့ကလဲ ငါ့ကို သူတိုင်ရမလားဆိုပြီး အမြင်ကပ်ကပ်နဲ့သူ့ကို တီကောင်နဲ့ တမင်လိုက်တို့လိုက်တယ်''

''အဲဒါလဲ တိုင်တာပဲ မဟုတ်လား''

''တိုင် ကလိုင်ပေါ့ကွာ၊ တိုင်တာများ ရိုးနေပြီ ဂရုကိုမစိုက်တော့ဘူး''

''ဒါပေမယ့် မင်းက ကျေးညိုကို စိတ်မဆိုးဘူး မဟုတ်လား''

''မဆိုးပါဘူး၊ တိုင်တာက သူ့ဝါသနာ၊ ခြောက်တာလှန့်တာက ငါ့ဝါသနာလေ၊ ကိုယ်ဝါသနာပါရာ ကိုယ် လုပ်ကြတာပဲ၊ စိတ်ဆိုးစရာ မရှိပါဘူးကွာ''

သူတို့ ယောက်ျားလေးသုံးယောက်တို့က ဝါသနာတူစွာ ဘတ်(စ)ကား၊ အထူးသဖြင့် ဒက်ဆန်းကားတွေကို တွယ်စီးမြဲ တွယ်စီးလျက် မိန်းကလေးလေးယောက်တို့ထဲမှာ တခြားသူတွေကတော့ တော်ရုံသင့်ရုံတိုင်တောပေမယ့် မြတ်





ကျေးညို ကတော့ ဘယ်တော့မှ မရိုးနိုင်၊ မပျင်းနိုင်စွာ တိုင်တောမြဲတိုင်တောလျက် သူတို့ရဲ့ ငယ်ငယ်ဘဝတွေဟာ လျှင်မြန်စွာ ကုန်ဆုံး သွားခဲ့ပါသည်။

ဆယ်တန်းရောက်တော့ ဆိုင်းဆိုင်ကပဲ စပြီး စည်းဖောက်လာတာဖြစ်သည်။

သူ့မျက်လုံးထဲတွင် မြတ်ကျေးညိုဘာပဲလုပ်လုပ် ငေးစရာ၊ ချစ်စရာ၊ စွဲလန်းစရာ၊ မြတ်နိုးစရာလေးများ အဖြစ်ခံစားတတ်လာခြင်းကို သူစတင်ရင်းနှီးလာခဲ့တော့သည်။

အဲဒီမှာ သူဟာ ဒါကို 'အချစ်' ပါပဲလို့ ချက်ချင်းသဘောပေါက်လာခဲ့သည်။ သူ...ညို့ကို ချစ်လာခဲ့သည်။

သူငယ်ချင်းဘဝမှ ပြောင်းလဲသွားရသော ချစ်ခြင်းတရားကို သူ ကျေနပ်နှစ်သိမ့်လျက်ညို့ကိုသူပဲ ပိုင်ဆိုင်ထားလိုသော စိတ်ဆန္ဒကလဲ လျှင်မြန်စွာ ကြီးထွားရင့်သန်လာခဲ့သည်။

အဲဒီမှာ ဆယ်တန်းမဖြေခင်မှာ ညို့ကို သူ စတင်ဖွင့်ပြောခဲ့တော့တာ...။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကေ့းညိုသည် သူက ဒီစကားကို ပြောသောအ ခါ သူ့ကို မကြည့်ရဲတော့သလိုဖြစ်ပြီး ခေါင်းငုံ့ထားမိလေ သည်။

အကြာကြီးခေါင်းငုံ့နေမိလျှင် ဆိုင်းဆိုင်က စိတ်မှ ပန်သောအသံဖြင့်...။

"ညို..နင်..ငါ့ကိုစိတ်ဆိုးသွားတာလား"

"..........."

"ငါ့ဘက်က စပြီးမရိုးမသားစိတ်ထားမိတာ ပါ၊ ငါ့မှာအပြစ်ရှိပါတယ်၊ ဒါပေမယ့် ငါ နင့်ကို ချစ်နေလျက်သားနဲ့လဲ ငြိမ်ပြီးမနေနိုင်ဘူး၊ ကျောင်း မှာရောကျူရှင်မှာပါ နင့်ကိုကြိုက်နေတဲ့လူတွေက အများကြီးဟ..ငါက ဦးအောင် အရင်ပြောမှဖြစ် မယ်လေ၊ ခုံနေရာဦးသလိုဦးထားရတာပေါ့၊ ငါက အရင်မပြောထားရင် တော်ကြာငါနောက်ကျသွား မှာစိုးရိမ်တယ်"



"........."

"ညို...ညို...ဟာ နင်ကလဲ မြေကြီးကို ငုံ့ကြည့်မနေပါနဲ့၊ ဟဲ...ဟဲ တော်ကြာ တီကောင် ရုတ်တရက်ထွက်လာရင် ငါ့ကို လန့်ပြီးဖက်လိုက် တာမျိုး..."

"ဟင်..ဟင်..ဆိုင်းဆိုင်နော် ဘယ်လိုဖြစ်နေ တာလဲ၊ ဘာလို့ပေါက်ကရတွေလျှောက်ပြောနေ တာလဲ"

"အဟီး..ရုပ်ရှင်ထဲမှာ အဲဒီလိုတွေ့ဖူးတော့ ငါလဲ စိတ်ကူးယဉ်ပြီးပြောလိုက်တာပါ..."

"ဟင်း...ငါလေနင့်ကို သိပ်အမြင်ကပ်တယ် သိလား...."

"ဘာဖြစ်လို့လဲ...."

"ဘာဖြစ်ရမလဲ..ငါ့ကို ကျတော့ တစ်စက် မှ မသနားဘူး၊ ငါကြောက်ပါတယ်ဆိုလဲ လိုက် လိုက် ခြောက်တယ် တကယ်ဆို နင် ငါ့ကိုကြိုက် နေတယ်ဆိုရင် အဲဒီလိုမလုပ်သင့်ဘူး..."

"ကြိုက်တာမဟုတ်ပါဘူး..ချစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုဖြစ်လို့ အဲဒါပဲ ထပ်ခါတလဲလဲ ပြောနေလဲ ငါပြန်တိုင်လိုက်မှာနော်"

"ဟာ…ဒါလဲတိုင်ဦးမှာပဲလား"

"တိုင်မယ်…"

"တိုင်တစ်လုံးငါးမတ်ပေါ့၊ တိုင်ပေါ့…"

တကယ်တော့ အဲဒီတုန်းက မြတ်ကျေးညိုဟာ ဆိုင်းဆိုင်ကို ထိုအကြောင်းအရာနဲ့ပတ်သက်ပြီး မတိုင်ခဲ့ပါ။ တိုင်ဖို့လဲ မရည်ရွယ်ခဲ့ပါ။ ငယ်ငယ်တည်းက သံယောဇဉ်ရှိခဲ့တဲ့ ဤလူငယ်ကလေးဟာ ကိုယ့်အတွက် အရင်းနှီးဆုံး လူသားတစ်ဦးလည်းဖြစ်တာမို့ သူ ဒီလိုစကားပြောခဲ့ခြင်းအတွက် အထူးတလည် စိတ်ဆိုးရခြင်းလဲ မဖြစ်မိ။

"ညို…ငါ့ကိုအရင်ဆုံးအဖြေပေးနော်"

လို့ အတ္တကြီးစွာ အမြဲတတွတ်တွတ်ပြောလာတတ်တဲ့ ကောင်ကလေးကို ညိုဟာ အစကတော့ သူ့အပေါ် ရိုးရိုးစိတ်နဲ့ သံယောဇဉ်ရှိခဲ့တာပဲဖြစ်သည်။

သူ့ဘက်ကစတင်ပြီး မရိုးမသားဖြစ်လာခဲ့တော့တဲ့အခါကျတော့ ညိုဘက်ကလဲ စတင်ပြီး စိတ်လှုပ်ရှားမှုများ ရင်ခုန်ရခြင်းများ၊ သူ့အကြည့်ထဲ၌ နစ်မျောတုန်ရီရခြင်းများ





သူပြောသမျှစကားလုံးတိုင်းမှာ ပျော်ဝင်နစ်မွန်းလာခြင်းများစတဲ့ ပြောင်းလဲမှုတွေလဲ ဖြစ်ထွန်းလာခဲ့လေသည်။

"ဆယ်တန်းဖြေဖို့ကိုပဲ ခေါင်းထဲထည့်ပါ ဆိုင်းဆိုင်ရယ်၊ အဲဒီစာမေးပွဲက အရေးကြီးတယ်နော်၊ အဲဒီဆယ်တန်းဆိုတဲ့ တံတိုင်းတစ်ခုကျော်ပြီးသွားရင် ကိုယ့်ကိုယ်ကို လူကြီးဖြစ်ပြီလို့ သတ်မှတ်လို့ရတယ်၊ အဲဒီလူကြီးဖြစ်တဲ့အချိန်ကျမှ နင်ပြောပြောနေတဲ့ အချစ်အကြောင်းကို ငါဆွေးနွေးမယ်၊ ခေါင်းထဲထည့်မယ် ဒါပဲ"

"သေချာလား…"

"သေချာတာပေါ့…"

"ဒါဆို ဆယ်တန်းအောင်တဲ့ နေ့မှာ အဖြေပေးမှာလား"

"မဟုတ်ဘူး"

"ဟာ…"

"တက္ကသိုလ်စတက်တဲ့နေ့ကျမှ…"

"အကြာကြီးပဲ…"

"မကြာပါဘူး၊ တကယ်ချစ်တဲ့သူဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ကမ္ဘာကြာကြာစောင့်နိုင်ရမှာပေါ့၊ မစောင့်နိုင်ရင် မချစ်နဲ့လေ၊ မြန်မြန်အဖြေပေးမဲ့ တစ်ယောက် ကို သွားပြီးချစ်····”

“ညို နင်ကလေ အချစ်ကို နားလဲမလည်ဘူး၊ ဟိုလူပြောင်းချစ်နိုင်း ဒီလူပြောင်းချစ်နိုင်းနဲ့····ဟင်း···”

“အံမယ်··သူကတော့ အချစ်အကြောင်းသိပ်သိတဲ့ ဆရာကြီးပေါ့လေ”

“ညိုကလဲ မခနဲ့ပါနဲ့ဟာ”

“ငါပြောပြီးသားနော် စောင့်နိုင်ရင်စောင့် မစောင့်နိုင်ရင်လဲရတယ်”

“စောင့်မှာပါ ညိုရယ် ငါက နင့်ကိုတကယ်ချစ်တာပဲ၊ စောင့်နိုင်ပါတယ်”

မြတ်ကျေးညို ကိုယ်တိုင်က အဲဒီအချိန်တည်းကပင် သူဟာ တစ်နေ့ကျရင် ကိုယ့်ချစ်သူဖြစ်လာမှာပဲရယ်လို့ စိတ်ထဲမှာ အတပ်သိထားခဲ့ပြီး။

အတိအကျ သတ်မှတ်ရွေးချယ်ခဲ့ပြီးဖြစ်နေခဲ့လေသည်။



သူ့အပေါ် တဖြည်းဖြည်းနဲ့ ချစ်မှန်းမသိ ချစ်မိလာခဲ့တာဟာ အချိန်ကာလကြာတာနဲ့အမျှ ပမာဏကလည်းပိုပြီးကြီးထွားရှင်သန်အမြစ်တွယ်လာခဲ့လေသည်။

သူ့ အစအနောက်သန်မှန်း သူများကြောက်ပါတယ်ဆိုတာ ကိုမှ ခြောက်လိုက်ရမှ ကျေနပ်မှန်း သိသိကြီးနဲ့ သူ့ကိုအမြင်ကပ်ကပ်နဲ့ကို ချစ်စိတ်တွေက ဖြစ်ထွန်းလာခဲ့ပါသည်။

သူ့ကိုညို သိပ်ချစ်နေပြီမှန်း ကိုယ့်ကိုယ်ကို သုံးသပ်လိုက်မိသောအခါ အချစ်ဆိုသော အကြောင်းအရာကို အံ့သြလက်ဖျားခါသွားခဲ့ရပါသည်။

ဘယ်အချိန်တည်းက အမြစ်တွယ်နေမှန်းမသိတဲ့ အချစ်တစ်ခုဟာ သူ့ဘက်ကစတင်လိုက်တော့မှ နိုးကြွလာခဲ့တော့တာလဲဖြစ်ပါလိမ့်မည်။

သူကိုယ်တိုင်လဲ တက္ကသိုလ်စတက်ရမဲ့ ပထမဦးဆုံးနေ့ကို ရင်တခုန်ခုန်၊ တမျှော်မျှော်နဲ့စောင့်ခဲ့သလို ညိုကိုယ်တိုင်လည်း အဲဒီနေ့ကလေးအတွက် ဘယ်လောက်ရင်ခုန်၊ ဘယ်လောက်မျှော်လင့်ခဲ့ရတယ်ဆိုတာ သူတောင်သိလိမ့်မည်မထင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာ မေဂျာဘာသာရပ်ချင်းကွဲပေမယ့် ညိုတို့အုပ်စုကားမကွဲခဲ့။ သူက သူငယ်ချင်းတွေလစ်တော့....

"ညို...ပထမဆုံးကျောင်းတက်ရတဲ့နေ့လေ... အဖြေပေးတော့..."

လို့ တိုးတိုးလေးကပ်ပြောတဲ့အခိုက်အတန့်တုန်းက ဆို ညိုဟာ ကလက်ဖျားခြေဖျားတွေ အေးစက်ကုန်ပြီး လေထဲမှာ လွင့်မျောသွားသလိုတောင် ခံစားလိုက်ရပါရဲ့။

သူငယ်ချင်းတွေက အလိုက်တသိရှောင်ပေးလိုက်တာပဲလား။ ဒါမှမဟုတ် ညိုတို့ကပဲတမင်နောက်ချန်ရှောင်ထွက်ခဲ့လို့လားတော့မသိ။ ကျန်တဲ့ငါးယောက်ဟာ ဟိုးရှေ့အဝေးကြီးမှာ တဟီးဟီးတဟားဟားရယ်မောနောက်ပြောင်ပြီး ပျော်ရွှင်နေချိန်မှာ သူကတော့ ညို့နားမှာတောက်တဲ့လို တွယ်ကပ်လို့ကောင်းနေတော့တာ။

ညိုနဲ့ သူ့ရဲ့ခြေလှမ်းတွေဟာ အရမ်းကို နောက်ကျကျန်ရစ်ခဲ့ပြီး ညိုတို့နှစ်ယောက်တည်း သီးသန့်ဖြစ်သွားခဲ့တော့တာ။

"ညို....ဖြေလေ"

သူက အရဲစွန့်ပြီး ညို့ရဲ့လက်ဖျားလေးတွေကို ဆုပ်





ကိုင်လိုက်ပြီး မေးတဲ့အခါ ညိုသည် ခေါင်းကြီးငုံ့လျက်နဲ့...။

"ချစ်နေခဲ့ပြီးသားပါ ငယ်သေးတယ်ထင်လို့ တမင်အဖြေမပေးဘဲနေခဲ့တာ၊ အခုမှ အဖြေပေးတော့မယ်၊ အဲဒါကတော့နင့်ကို ချစ်တယ်ဆိုတဲ့ အဖြေပဲ"

ဟူသော အစီအစဉ်မကျနလှတဲ့စကားလုံးတွေနဲ့ ဖြေလိုက်မိတယ်။ အစကတော့ သူမေးရင်ဘယ်လိုဖြေလိုက်မယ်လို့ စိတ်ကူးယဉ်ခဲ့ပေမယ့် လက်တွေ့မှာတော့ ရင်တစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ခုန်နေတာမို့ ဘာတွေ ဖြေမိ၊ ပြောမိမှန်းပင် မသိလိုက်တော့ပါ။

ညို သိလိုက်ချိန်မှာ သူက ညို့လက်ကို ဆွဲပြီး တခုန်ခုန်လုပ်ကာ အော်ဟစ်နေခဲ့တယ်လေ။ သူ့အမူအရာလေးက ဘယ်လောက်ချစ်ဖို့ကောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



( ၅ )

ချစ်သူတွေဖြစ်လာကြတဲ့အခါကျတော့ ဆိုင်းဆိုင်ဟာ အမျိုးမပြောင်းပဲ အရင်ကလိုပဲ စမြဲနောက်မြဲ သရဲဇာတ်လမ်းတွေ ဖန်တီးပြီး ခြောက်လှန့်မြဲ။

အသက်အရွယ်တွေဟာ နှစ်ဆယ်ကျော်တွေ ဖြစ်လာပြီမို့ တခြားသူတွေကိုတော့ ဆိုင်းဆိုင်က အထူးတလည် ခြောက်လှန့်နောက်ပြောင်ဖို့ စိတ်ကူးမရှိလှပေမယ့် ချစ်သူ မြတ်ကျေးညိုကိုတော့ တမင်တကာကို နောက်ပြောင် ခြောက်လှန့်တာပဲ ဖြစ်သည်။



ညိုသည် သူ စပြီးခြောက်လှန့်ခါစကတော့ သူမှန်း မသိသေးသည်မို့ ညအိပ်ချိန်တွေဆို အကြောက်ကြီးကြောက်ကာ ဖုန်းပလပ်ကိုပင် ဖြုတ်ထားတော့တဲ့အထိ ဖြစ်သွားသည်။

ပြီးတော့ အဖေနဲ့အမေ အိပ်ခန်းထဲပြေးဝင်ပြီး အဖေနဲ့အမေကြား ဝင်အိပ်ရတဲ့အထိ ကြောက်တာဖြစ်သည်။

"ဒီအရွယ်ကြီးရောက်နေပြီ…ညိုရယ်၊ ကိုယ်လဲဘုရားတရားဒီလောက်လုပ်နေတာပဲ၊ အဲဒီ့ကိုယ်မမြင်နိုင်တဲ့ အရာတွေကိုကြောက်ရသလား သမီးရယ်…"

လို့ မေမေက ကြာတော့ ညိုအကြောက်ကြီးလှတာကို အမြင်ကပ်ပြီး ဆူပူတော့သည်။

"တစ်ယောက်ယောက်က ခြောက်လှန့်တာပါကွယ်၊ ညအိပ်ချိန်ကြီးကျမှ ဖုန်းခေါ်ပြီး ဖုန်းထဲကနေ အသံမျိုးစုံလွှင့်ပြီး ခြောက်တယ်ဆိုတာ တမင်ကို ဖန်တီးပြီးခြောက်တာပါ၊ မဟုတ်မှလွဲရော ဟိုကောင်လေး ဆိုင်းဆိုင်များလား မသိဘူး"

ဖေဖေကတော့ တွေးတောမိပြီး အနီးစပ်ဆုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သူကိုစဉ်းစားကြည့်၏။

အဲဒီ့တုန်းကတော့ ညိုသည် ပြောင်းလဲသွားသော ဆက်နွယ်မှုကို မိဘတွေအား အသိမပေးထားသေးသည် ဖြစ်ရာ ဖေဖေ ဒီလိုစပြောတော့ ကိုယ့်ဘာသာမလုံမလဲပင်ဖြစ်သွားခဲ့သည်။

ဒီကြားထဲ အစ်ကိုကြီးကပါ ဝင်ပြီးပြောလိုက်သေးတာရှိသည်။

"ဒီကောင်လေး ခုတလောမှ တော်တော့်ကို ဖုန်းဆက်တယ် မနက်တစ်မျိုး နေ့လယ်တစ်မျိုး၊ ညနေတစ်မျိုး နဲ့ ကျောင်းပိတ်ရက်တွေဆို တစ်နေကုန်နီးနီးဆက်တော့တာပဲ....

ကျောင်းတက်ရက်တွေဆိုလဲ ညိုဖြင့် အိမ်ပြန်ရောက်တာ တစ်နာရီမပြည့်သေးဘူး ဒီကောင်ဆက်ပြီ အခုညဘက်သရဲအသံတွေနဲ့ ဖုန်းထဲမှာခြောက်တာလဲဒီကောင်ပဲဖြစ်မယ်၊ ဒီကောင်လေးငယ်က ဝါသနာကိုခုထိမစွန့်သေးဘူး"

"ဟုတ်တယ်...ငါ့သမီးကို ခြောက်တာဒီကောင်ပဲဖြစ်မယ်၊ ကြောက်မနေနဲ့သမီး..."



"နေစမ်းပါဦး ညိုရယ်...သူက အခုမှ ဘာလို့ ဖုန်းတွေတဖွဲဖွဲဆက်ရ၊ စကားတွေအကြာကြီး ပြော့ရ၊ အခု အဖေနဲ့သားကြီးပြောသလို ညဘက်သရဲလုပ်ပြီးဖုန်းထဲမှာ ခြောက်ရဖြစ်ရပြန်တာပဲ.."

မေမေက မိန်းမပီပီ အရိပ်အကဲတွေကို မသင်္ကာတော့သလို မေးခဲ့စဉ်က ညိုသည် ရက်ရွံ့နှုတ်ဆွံ့အ လျက် အခြေအနေမှန်ကို ဖွင့်မပြောရဲ။

ဒီမိဘ ဒီအစ်ကိုတွေဟာ တစ်ဦးတည်းသောသမီး၊ တစ်ဦးတည်းသောညီမ မို့ ညိုစိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ် ခွင့်ပြုမှာပဲဆိုတာ သိသော်ငြား ကိုယ်က ရည်းစားထားမိပါပြီဆိုတဲ့အကြောင်းအရာကို ဘယ်လိုသတ္တိမျိုးနဲ့မှ မပြောရဲပေ။

"ဖုန်းထဲကနေခြောက်တာ ဆိုင်းဆိုင်ဟုတ် မဟုတ် မေးကြည့်လိုက်ပါဦးမယ်မေမေရယ်..."

"အေး...အဲဒါထားတော့...တက္ကသိုလ်စပြီး တက်ကတည်းက ဒီကောင်လေး ဘာကြောင့် ကျောင်းဖွင့်ရက်တွေရော ကျောင်းပိတ်ရက်တွေရော တစ်ချိန်လုံးဖုန်းဆက်ရ၊ ဖုန်းအကြာကြီးပြော

ရ ဖြစ်လာတာလဲ အဲဒါ မေမေသိချင်တယ်၊ အရင်က ဒီလိုမျိုး မဟုတ်ပါဘူး"

မေမေ့ မေးခွန်းကိုညို မဖြေဝံ့သေး။

"ကဲပါကွာ...အမေကြီးကလဲ သမီးရှက်ရင်လဲ မဖြေပါစေနဲ့၊ မင်းသဘောပေါက်နေပြီးသားပဲကွာ"

"ဟားဟားဟား...ငါ့ညီမ တကယ့်တကယ် ရည်စားရတော့လဲ ကိုယ့်ကို သရဲယောင်ဆောင်ပြီး ခြောက်တတ်တဲ့ ကောင်ကိုမှ ရည်းစားတော်ရတယ် လို့ကွာ ဖြစ်ရလေ..."

"ကိုယ့်သူငယ်ချင်းချင်းထဲကပဲဆိုတော့ မေမေတို့က ဘာမှသဘောမကျစရာမရှိပါဘူး၊ အဲဒါကို ညိုက မေမေတို့ကို ဘာကြောင့်မပြောရသလဲ၊ ကိုယ့်မိဘအကြောင်းလဲသိသားနဲ့၊ ဒီလောက်ခေတ်မီပြီးပွင့်လင်းကြတဲ့ မိဘတွေကို ညိုက ဖုံးကွယ်ချင်ရလားကွယ်..."

ညိုသည် ဒီတော့မှ ကမန်းကတန်း ဖြေရှင်းဖို့ ကူးတော့တာဖြစ်သည်။

ညိုက ဟုတ်သည်၊မဟုတ်သည် မဖြေရခင်မှာ



ကြီးတွေက ကြိုတင်သုံးသပ်ပြီးပြောထားလိုက်ပြီမို့ ညို့အတွက်လည်း အကျပ်အတည်းတစ်ခုမှ လွတ်မြောက်သွားခဲ့ရတာပင်ဖြစ်သည်။

"မဟုတ်ပါဘူးမေမေရယ်၊ ညိုက....ညိုက ဟို..ရှက်လို့ပါ"

"သြော်...ဖြစ်ရလေ...ကိုယ့်အမေပဲရှက်စရာလား၊ ဖေဖေနဲ့အစ်ကိုကြီးကို ရှက်တယ်ဆိုရင်တောင် မေမေ့ကိုတော့ အခုင်ကြိုပြောထားသင့်တယ်"

"ညိုက တမင်ဖုံးကွယ်ထားတာလဲ မဟုတ်ပါဘူး၊ ညိုကရှက်နေတာပါ၊ ပြီးတော့ ညိုတို့ကျောင်းတွေစပြီးတက်ရတော့မှလေ အဲဒါ...အဲ့ဒီလိုပေါ့ ဖြစ်သွားတယ် ဆိုတော့...."

"ကဲပါ...ကဲပါ..ထားပါတော့ကွာ..ဆက်မေးမနေပါနဲ့တော့ အမေကြီးရယ် မင်း,သမီးရှက်လို့မြေကြီးထဲဝင်တော့မယ်၊ အေး..ဒါပေမယ့်ဟိုကောင့်ကို ပြောလိုက်ဦး၊ ည..ည..သရဲယောင်ဆောင်ပြီး ဖုန်းထဲကနေမခြောက်နဲ့လို့..ဘယ့်နှယ့်

www.burmeseclassic.com



ကွယ် ဒီကောင် ခြောက်စရာရှားလို့ ကြံကြံဖန်ဖန် ကွာ...''

အစ်ကိုကြီးကတော့ ညို့ငယ်ထိပ်ကို အုပ်ကိုင်ဆွဲ ရင်း...။

''ဖြစ်ရလေ ငါ့ညီမရယ်....သရဲကြောက် တတ်ပါတယ်ဆိုမှ သရဲယောင်ဆောင်ခြောက်တဲ့ နေရာမှာ နာမည်ကြီးတဲ့ ဆိုင်းဆိုင်နဲ့မှ ရည်းစား တော်ရတယ်လို့...''

ဟု တဟားဟားအော်ရယ်လျက် ပြောသည်။ ညီ ဘက်က အသိပေးခြင်းဟာ ဤမျှဖြင့် အဆုံးသတ်သွား ပေမယ့် သူ့ဘက်ကို အသိပေးတဲ့အခါ...။



F-7



နောက်တစ်နေ့ ကျောင်းရောက်တော့ ညိုကပဲ သူ့ကို ပြီး စစ်မေးရလေသည်။

''ဆိုင်းဆိုင်...ရှင်...ညဘက်ဒွေဆို ညို့ဆီ ဖုန်းခေါ်ပြီးရင် ဖုန်းထဲကနေ သရဲခြောက်တာမျိုး ခုတလော ပြန်လုပ်ပြီမဟုတ်လား...''

''ဟဲဟဲ...ဟုတ်တယ်..''

''ဟင်..ဘာဟုတ်တာလဲ...ဘာဟုတ်တာလဲ ကဲ..ကဲ''

''အား...ဆွဲမဆိတ်ပါနဲ့ ညိုရာ...နာတယ်ကွ၊ ညို့ကို မို့ ကိုယ်မရှောင်ပဲ နေပေးနေတာ ညိုဆိတ် တာသိပ်နာတာပဲကွ...''

''ဆိတ်မှာပဲ တကယ် ထုရိုက်ပစ်လိုက်ချင် တယ်...ဟင်း၊ အဲဒီလို ခြောက်တာ ငယ်ငယ်ကပဲ လုပ်တယ်၊ အဲဒီလိုမခြောက်တာလဲ ကြာကြာလှ ပြီ၊ သုံးနှစ်လောက်ကိုရှိပြီဆိုတော့ ညိုကရှင်ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မယ်မှန်းဘယ်သတိရပါတော့မလဲ…

တကတည်း….ညို အရမ်းကြောက်မှာပဲဆိုပြီး ကိုယ်ချင်းစာစိတ်ကို မမွေးဘူး၊ သနားစိတ်ကိုမထားဘူး၊ သူလုပ်ချင်တာပဲ ဇွတ်လုပ်တယ်၊ ညိုကြောက်လွန်းလို့ ဖုန်းပလပ်လဲဖြုတ်ထားရတယ်….

ဒါတောင် ထပ်ကြောက်နေသေးတော့ ဖေဖေနဲ့ မေမေကြားတောင်ဝင်ပြီး အိပ်ရတယ်သိလား''

''ဩော်….ညိုရယ်…ကိုယ်က ညို့ကို သိပ်သတိရလွန်းလို့ပါကွာ…''

''သတိရလဲ ကောင်းကောင်းမွန်မွန် ဖုန်းဆက်ပြီး စကားပြောပါလား''

''တစ်ခါတလေလဲ စကားပြောမယ်ကွာ၊ တစ်ခါတလေကျတော့လဲ ကိုယ် အဲဒီလိုခြောက်ချင်တယ်ကွ၊ အကျင့်ကဖျောက်မရဘူး၊ ညိုကြောက်တတ်လေလေ ခြောက်ချင်လေလေပဲ၊ ဟဲဟဲဟဲ''

မြတ်ကျေးညိုသည် မျက်စောင်းကြီးနှင့်ခနဲ ပိတ်[…] မိတော့သည်။ သူ့ကို တော်ရုံတန်ရုံလောက်ပဲ ချစ်ခဲ့မ[…] ရင် အခုကိစ္စနဲ့တင် ပြတ်တာကြာပြီ။



''အဲဒါ…ညိုအကြောက်လွန်တော့ အိမ်က လူတွေက ည..ည ဖုန်းထဲကနေ ခြောက်တာဟာ ဆိုင်းဆိုင်ပဲလို့ သတိရပြီး ပြောတော့တာပေါ့…''

''အေးပေါ့ကွာ…သတိရသွားတာပေါ့၊ ကိုယ့်အရင်ကလဲ ညို့ကို အဲဒီလိုခြောက်နေကျကိုး…ညိုသာ မေ့ပြီး သတိမရတာ၊ ယောက္ခမကြီးတွေက သတိရတယ်…''

''ယောက္ခမကြီးတွေလုပ်မနေနဲ့…အခု အိမ်က ညိုတို့ဖုန်းအဆက်အသွယ်တွေအရင်ကထက်များလာတာကို သတိထားမိပြီး မေးလာပြီ၊ သူတို့ရိပ်မိသွားကြပြီ၊ အဲဒါ ညိုဝန်ခံလိုက်ရတယ်''

ဆိုင်းဆိုင်က ညိုပြောသမျှ ညို့မျက်နှာကို ငေးမော[…]ချက် ဟမေ့တမော နားထောင်လေသည်။

ညို့လက်ချောင်းထိပ်လေးတွေကိုတော့ ချစ်စိတ်နဲ့[…]ချစ်ညှစ်ဆုပ်ကိုင်ထားပါသည်။ ညို စကားပြောနေတာကို ကြည့်ရင်း ညို့ရဲ့ပါးတစ်ဖက်ကို နိုးပြီး နမ်းချင်လာသဖြင့် [...]သူ့ဘာသာရှက်ကိုးရှက်ကန်း ကျိတ်ပြုံးမိပြန်သည်။

''ဘာပြုံးတာလဲ…ဟမ်း…''

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဘာမှမဟုတ်ပါဘူးကွာ...ညိုရယ် ညိုကသာ ညိုအိမ်ကို ခုမှအသိပေးတာပါ၊ ကိုယ်က ကိုယ် ညိုကိုစပြီး ဖွင့်ပြောပြီးကတည်းက အသိပေးပြီးတာဖြင့် ကြာလှပြီသိလား"

"ဟယ်"

"ဖေဖေနဲ့မေမေလို့ သား တစ်နေ့ကျရင် အိမ်ပေါ်ကိုလက်ဆွဲခေါ်လာမဲ့ချွေးမဟာ မြတ်ကျေးညိုပဲလို့ ကြေညာထားပြီးသား ပါခင်ဗျာ.."

"အံမယ်...သူက အပိုင် တွက်ထားတာပေါ့လေ"

"အပိုင်တွက်တာရယ်လို့တော့မဟုတ်ပါဘူး ညိုရယ်၊ ကိုယ့်စိတ်ထဲမှလေ ဘာဖြစ်လို့လဲမသိဘူး ကြိုသိနေတယ်၊ ညို ကိုယ့်ကို လက်ခံမှာပဲလို့၊ ညိုဘက်က ဘာအမူအရာမှ မပြပေမယ့် အဟဲဟဲ ကိုယ်က အကြားအမြင်ရနေတာမျိုးပေါ့ကွာ..."

"အင်း...ထားပါတော့..အဲဒီတော့ အန်တီတို့က ဘာပြောလဲ"

"ဘာပြောရမလဲ၊ ဘယ်နေ့ ခေါ်လာမလဲ၊



ဘယ်နေ့ခေါ်လာမလဲပဲ တမေးမေးလုပ်နေတာပေါ့ကွာ၊ ပြီးတော့ ပြောသေးတယ် ကိုယ်တို့နှစ်ယောက်သာ အိမ်ထောင်ပြုရင် ညိုကတော့ အတိုင်အတောထူတာမို့ ကိုယ့်အကြောင်းကို အရင်ကထက်တောင်ပိုပြီး တိုင်လို့ကောင်းတော့မှာပဲတဲ့..

ပြီးတော့ နောက်တစ်ခုပြောသေးတယ် ကောင်းတယ်တဲ့ ဒါမှ မင်း အကြောင်းတွေ စောင့်ကြည့်ပြီး တိုင်မဲ့ သူရှိမှာတဲ့ ကွ...

ကိုယ့်ဘက်က တစ်ယောက်မှမပါဘူး ညိုက ကိုယ့်အကြောင်းဘာပဲ ဖန်တီးပြီးတိုင်တိုင် သူတို့ကယုံမှာပဲကွ..."

"အခု အဲဒါဆို ညိုတို့အကြောင်းအန်တီတို့သိပြီးပြီပေါ့နော်"

"ကြာလှပြီ ညိုဆီက အဖြေရကတည်းက ခင်ဗျာ...ကဲ...မထူးပါဘူးကွာ ဒီနေ့ပဲ ကိုယ့်အိမ်လိုက်ခဲ့..."

"အံမယ်...ဘာပြောတယ်"

"အိမ်ခဏလိုက်ခဲ့ပါလို့ပြောတာပါခင်ဗျာ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေ့ကို ကြွားထားတဲ့အတိုင်း ညို့လက်ကို ဆွဲပြီး ဒီမှာ ချွေးမလောင်းကို ခေါ်လာပါပြီ ခင်ဗျားလို့ပြောချင်လို့...ကဲ...ရှင်းပြီးလားမမဖုံးရား''

ဆိုင်းဆိုင်သည် ချစ်စရာကောင်းလွန်းလှတဲ့ ချစ်သူကို အသည်းတယားယားဖြစ်လွန်း၍ ညိုပါးတစ်ဖက်ကို ရှ ခနဲ နမ်းလိုက်မိတော့သည်။

ညိုလည်း ရှက်တရက်မို့ ရင်တုန်ပူနွေးသွားပြီး သ ကိုမကြည့်ရဲ။ ဆိုင်းဆိုင်ကလည်း ညို့ကိုစေ့စေ့မကြည့် ညို့လက်ချောင်းလေးတွေကိုသာ တင်းတင်းဆုပ်ကိုင်ငြိမ်သ နေသည်။

ဆယ့်ငါးမိနစ်လောက် သူတို့ငြိမ်ချက်သားကော နေခဲ့ပြီး နောက်တော့ ဆိုင်းဆိုင်ကပင် စတင်လှုပ်ရှားလာက ....။

''ညို ကိုယ့်အိမ်ကို ခဏလိုက်ခဲ့မယ်မဟုတ် လားဟင်...''

ဟု ခပ်တိုးတိုးမေးလိုက်သည်။

ညိုသည် ချစ်သူကိုပင် ရဲရဲပြန်မကြည့်ရဲသည် ရာ အယောင်ယောင်အမှားမှားပင် ခေါင်းညိတ်ပြလိုက်





''ညို့ကိုသိပ်ချစ်တာပဲ ညိုရယ်''

ဆိုင်းဆိုင်သည် ဒီစကားလုံးလေးတွေကို လှိုက်လှဲစွာ ရေရွတ်ညည်းတွားလိုက်တဲ့အခါမှာ ညို့ဘဝ တစ်ခုလုံးဟာ ပြီးပြည့်စုံသွားတယ်လို့ မြတ်ကျေးညိုကား သတ်မှတ်မိတော့လေပြီ။

ထိုနေ့ကစပြီး ဆိုင်းဆိုင်နဲ့ မြတ်ကျေးညိုတို့ဟာ နှစ်ဖက်မိဘအသိအမှတ်ပြုသဘောတူခြင်းခံရတဲ့ အင်မတန်မှ ကံကောင်းတဲ့ ချစ်သူစုံတွဲလေးဖြစ်သွားခဲ့ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအခြမ်းအပျက်

www.burmeseclassic.com

www.burmeseclassic.com







( ၆ )

ညိုသည် စိုးစိုးမောင်းသော ကားကို စီးသည့်အခါ ဒီနေ့တော့ မောင်းသူနံဘေးတွင် ထိုင်လိုက်ပါသည်။

ညိုတို့သူငယ်ချင်းလေးယောက်က ခုထိ အတွဲမပျက်သေးပဲ တစ်နေရာရာသွားမည်ဆိုလျှင် အားလုံးချိန်းပြီးသွားလေ့ရှိစမြဲ။ သူငယ်ချင်းလေးယောက်တွင် ညိုနဲ့ စိုးစိုးသာ မေဂျာတူလျက် လှကေသီက တစ်မေဂျာ၊ ဖြူသွေးက တစ်မေဂျာနှင့် ကွဲနေလေသည်။

သို့ပေမယ့် စျေးအတူသွားဖို့ ဆံပင်ညှပ်ဆိုင်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုလျှင် ညို့တို့ အတူတူသွားဖြစ်ကြတာများသည်။

ဒီနေ့လည်း လေးယောက်သား အားချိန်ညှိပြီးတော့ ကျောင်းထဲက စိုးစိုးကားဖြင့် ထွက်လာကြသည်။

သူငယ်ချင်းတွေအားလုံးထဲတွင် ညို့သာ အိမ်က အမေဖြစ်ဖြစ်၊ အစ်ကိုကြီးဖြစ်ဖြစ်၊ ကားဖြင့် အကြိုအပို့ လုပ်ပေးသဖြင့် ကားလဲမမောင်းတတ်ပေမယ့် ကျန်တဲ့သုံးယောက်တို့ကတော့ ကားမောင်းတတ်ကြသည်။ ကိုယ့်ကားနဲ့ ကိုယ် အသီးသီးကျောင်းလာကြသည်။ သွားစရာရှိမှ တစ်ယောက်ယောက်ရဲ့ကားနဲ့ စုပြီးသွားတိုင်း မြတ်ကျေးညို့က တော့ လိုက်စီးသူအမြဲဖြစ်နေခဲ့သည်။

"ညို့ ··· ကားမောင်းသင်ပါလား၊ အိမ်မှာလဲ ကားရှိလျှက်သားနဲ့"

လို့ သူငယ်ချင်းတွေက တိုက်တွန်းပေမယ့်ညို့က မသင်ပါ။

"ဟင့်အင်း ··ညို့ကြောက်တယ်၊ မမောင်းရဲဘူး၊ ညို့ အစ်ကိုကြီးက သင်ပေးဖို့ခဏခဏကြိုးစားဖူးတယ်၊ ဒါပေမယ့် ညို့အကြောက်လွန်တာနဲ့ သင်တဲ့ကိစ္စဘယ်တော့မှ မအောင်မြင်ဘူး"





"ဆိုင်းဆိုင်းကတော့ ကားမောင်းချင်တာ တစ်ပိုင်းကိုသေနေတယ်၊ သူ့အိမ်ကလည်း တစ်ဦးတည်းသောသားလေးမို့ ပိုးလိုမွေးထားတော့ ကားတောင် ပေးမမောင်းဘူးနော်"

"အဲဒါ ကောင်းပါတယ် ကေသီရယ်၊ သူက လူကလေးသာ အေးပုံအေးလက်နဲ့ သိပ်စွန့်စားချင်တဲ့လူ၊ သူသာ ကားမောင်းတတ်သွားရင် သူများတွေလို အေးအေးဆေးဆေးမောင်းမှာမဟုတ်ဘူး၊ စတန့်ထွင်ပြီးမောင်းမှာသေချာတယ်၊ ဟိုလူ့ပြိုင် ဒီလူ့ပြိုင်နဲ့ မောင်းချင်စိတ်သိပ်များတာ၊ အခုလည်း သူကိုယ်တိုင်မောင်းခွင့်မရပေမယ့် သူ့ဒရိုင်ဘာကို ဘေးကနေ တစ်ခါတလေ နောက်ကနေ တစ်ချိန်လုံး ဟိုလိုမောင်း၊ ဒီလိုမောင်း၊ ဟိုကားကိုပြိုင်၊ ဒီကားကိုကျော်နဲ့ ပါးစပ်နဲ့သူက ဝင်ပြောပြီး မောင်းနိုင်းနေတာတဲ့"

"ညို့ကို ဒရိုင်ဘာကြီးကလာတိုင်တာလား"

"အင်းပေါ့ ···"

"ဒရိုင်ဘာက တစ်ဆင့်တိုင်၊ ပြီးတော့ ညို့က



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကို တိုင်နဲ့ ဟားဟား...ဆိုင်းဆိုင်တော့ ဒီ ရည်းစားရတာ အတိုင်ခံရဖို့ဖြစ်နေပြီ.."

"အံမယ်...ဒါပေမယ့် ဖြူသွေးရေ ငါတို့ရဲ့ ဆိုင်းဆိုင်က ညို့ကို သိပ်ချစ်တာနော်"

"ဟုတ်ပါ့"

"ငယ်ကျွမ်းဆွေအစစ်တွေလေ"

"ဟိုနေ့က ခန့်မျိုးတို့ဆီကတစ်ဆင့် ပြန်ကြားတယ်၊ ညို့ကို YIT က ကောင်တစ်ကောင်က ဆိုင်းဆိုင်ဆိုတဲ့ ဘဲဘဲလေးရှိမှန်းမသိတော့ အတင်းလိုက်စကားပြောလို့တဲ့၊ ဆိုင်းဆိုင်က အဲဒီကောင်ကို ဒေါသဖြစ်နေတယ်၊ နောက်တစ်ခါလာတာတွေ့ရင် သူနဲ့ စာရင်းရှင်းမတဲ့..."

ညို့မှာ အထိတ်တလန့်ဖြစ်သွားပြီးစိုးစိုးဆီကသတင်းစကားကိုကြားရတော့ ချစ်သူအတွက်စိုးရိမ်သွားပါသည်။

"ဟယ်...ဒုက္ခပါပဲ...သူပြဿနာသွားလုပ်ရင် ဒုက္ခပါပဲ၊ ရန်တွေဘာတွေဖြစ်ကုန်ကြမလား မသိဘူး၊ ခန့်မျိုးကလဲ ညို့ကိုကျလာသတိမပေးဘူး"



"ဘယ်လာသတိပေးမလဲ သူတို့ကပါဝင်ပါချင်နေတာကိုး၊ ဆိုင်းဆိုင်ရဲ့ ကိစ္စက သူတို့ရဲ့ကိစ္စပဲတဲ့၊ ဝင်ပါကိုပါမှာပဲတဲ့"

"ကျွတ်...ဒုက္ခပါပဲ၊ ဒီကအပြန်တွေ့မှပြောထားရဦးမယ်၊ သူ့အိမ်က အစိုးရိမ်သိပ်ကြီးမှန်းသိလျက်နဲ့ သူကလဲ အဲဒီရန်ဖြစ်တဲ့ ကိစ္စတို့၊ ကားမောင်းချင်တဲ့ကိစ္စတို့၊ ကားတွယ်စီးတဲ့ကိစ္စတို့ သိပ်ဖန်တီးချင်တာပဲ၊ တကယ်...တကယ်..ညို့ကို လေ သူတို့အိမ်က သူတို့ရဲ့သားကို အပြီးအပ်ထားတဲ့အတိုင်းပဲ၊ ဘာလေးဖြစ်ဖြစ် ညို့က ဦးအောင်လာတိုင်ထားမှ ကြိုက်တယ်၊ ညို့မတိုင်ရင် ညို့အပြစ်ဖြစ်ဦးမယ်..."

လှကေသီတို့က အသံထွက်ရယ်မောကြရင်း...

"ညို့ကို ကလေးထိန်းခိုင်းထားတာလေညို့ရဲ့၊ ဆိုင်းဆိုင်ရဲ့မိဘတွေက သူတို့ရဲ့သားကဖြင့် ရည်းစားတောင်ထားတတ်နေပြီ၊ အဲဒါကို ကလေးထင်ဘုန်း၊ ရည်းစားတော်ခံရတဲ့ညို့ကို ကလေးထိန်းခန့်တဲ့သဘောသိလားညို့ရဲ့...."

www.burmeseclassic.com

www.burmeseclassic.com



ညိုသည် သူငယ်ချင်းတွေရဲ့စကားကို တကယ်လက်ခံချင်သွားသည်။

"တစ်ခါတလေကျတော့လဲ သူ့အိမ်ကမှန်တယ်၊ တစ်ခါတလေကျတော့လဲ သူက မှန်တယ်၊ ကိုယ့်ချစ်သူမို့ ကိုယ့်ဘက်လိုက်တာမဟုတ်ဘူး၊ ဆိုင်းဆိုင်က အဲဒီလောက်ကြီး ဆိုးသွမ်းနေတာလဲ မဟုတ်ပဲနဲ့၊ သူတို့က သိပ်ချုပ်ချယ်တာကျတော့ ညိုလဲ သူ့အစား စိတ်တောင်ညစ်တယ်၊ ကိုယ်လဲ အရွယ်ရောက်နေပြီ အဲဒါကို ကလေးလို မှန့်စားတာ ကအစ ရေချိုးတာအဆုံး လိုက်ဂရုစိုက် ချုပ်ချယ်လွန်းတော့လဲ သူ့ဘဝမလွတ်လပ်ဘူးပေါ့"

"အဲဒါတော့ ငါတို့လဲထောက်ခံပါတယ် သူ့အိမ်က လွန်လွန်းပါတယ်"

ဖြူသွေးက စိတ်ကူးအသစ်ရသလို အသံဖြင့် ဝင်ပြောလိုက်သေး၏။

"ဟီဟီ...သူက စွန့်စားရတာဝါသနာပါပါတယ်ဆိုမှ သူရွေးတဲ့ ရည်းစားကိုလဲ အိမ်ကသဘောတူတော့ သူ့ခမျာ အိမ်က သဘောမတူလို့ ကိုယ့်ရည်းစားကိုယ် စွန့်စွန့်စားစား ခိုးပြေးလက်ထပ်ယူရတာမျိုးလုပ်ချင်တဲ့အခွင့်အရေးတောင်မရရှာပါလား သူငယ်ချင်းဆိုင်းဆိုင်ရယ်"

ဖြူသွေး၏ စကားကြောင့် ညိုတို့အားလုံး ပြိုင်တူ...င် ရယ်မောလိုက်ကြသည်။

ညိုတို့ သူငယ်ချင်းတစ်သိုက် ဆံပင်ညှပ်ဆိုင်ဝင်ပြီး ...ဆံပင်ပေါင်းတင်သူ၊ ဆံပင်ဖြောင့်သူ၊ ဆံပင်ကောက်သူ၊ ဆံ...င်ညှပ်သူဖြင့် အသီးသီး ဆံပင်ပြင်ကြတာ သုံးနာရီလောက်...အချိန်ကုန်သွားခဲ့သည်။

ဒါကြောင့်လဲ ဆိုင်းဆိုင်ကပြောသည်မှာ...။

"ညို...ဆံပင်ညှပ်ဆိုင်သွားရင် ကိုယ်မလိုက်ဘူးနော်၊ ကြာတယ်၊ စောင့်ရတာ အိပ်ငိုက်တယ်"

တစ်ခါတုန်းက ဆိုင်းဆိုင်လိုက်ကြည့်ဖူးပြီးနောက် ...ဘယ်တော့မှ လိုက်မယ်လို့ မပြောချင်လောက်အောင် ကြာ...တော့တာပဲဖြစ်သည်။ ဒါမျိုးက မိန်းကလေးတွေချည်း စုသွား...တာကမှပိုအဆင်ပြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပြင်ဆင်ပြီးကြသောအခါ ညိုတို့အရောင်းကုန်တိုက်တစ်ခုကိုဝင်ပြီး ဈေးလျှောက်ဝယ်လိုက်ကြသေး၏ ပြီးမှ အတူတူ ကျောင်းကို ပြန်လာတာဖြစ်သည်။

အဲဒီကျောင်းအပြန်လမ်းတွင် ညိုအတွက် ရင်ထိတ်စရာ အဖြစ်အပျက်ကို ကြုံတွေ့လိုက်ရတော့လေသည်။

အဖြစ်အပျက်မှာ စိုးစိုး၏ ကားက မီးပွိုင့်တစ်ခုတွင် ရပ်စဉ် တစ်ဘက်ယာဉ်ကြောမှာ ဘတ်(စ)ကားလိုင်း ယာဉ်ကြောဖြစ်သည်။

ထိုအသီးသီးရပ်တန့်နေသော ဘတ်(စ)ကား များပေါ်မှ စိုးစိုးကား၏ မျက်စောင်းထိုးလောက်တွင် ဒတ်ဆန်းခရီးသည်တင်ကားတစ်စီးကို မထင်မှတ်ပါဘဲ ညိုက မျက်စိအကြည့်ရောက်သွားမိတဲ့အခါ…

"ဟယ်…အံ့မယ်လေးလေ…"

ဟု၍ ညို ကယောင်ကတမ်းအော်လိုက်မိသည်။

သူငယ်ချင်းတွေက အလန့်တကြားနှင့်…။





"ဟဲ့…ညို…ဘာလဲ…ဘာဖြစ်တာလဲ"

"ဟိုမှာ…"

ညိုက ဘာမှပြန်မပြောအားဘဲ လက်ညှိုးဖြင့်သာညွှန်ပြလိုက်သည်။

"ဟယ်…ဆိုင်းဆိုင်"

"ကြည့်စမ်း…ခန့်မြူးနဲ့ သူရအောင်ရော့ပဲ"

"ကားဒီလောက်ချောင်နေတာဟယ်၊ အထဲဝင်မထိုင်ဘူး၊ ဘုရား…ဘုရား…တွယ်စီးနေလိုက်ကြတာ"

ညိုသည် စိုးလဲစိုးရိမ်၊ စိတ်လဲတိုကာ…

"ဟင်း…ဒင်းက ငါ့အလစ်မှာ နိုးထွက်ပြီး ကားခိုစီးပြန်ပြီပေါ့လေ…တွေ့မယ်"

ဟုပြောပြောဆိုဆို ကားတံခါးကို ဖျတ်ခနဲ ဖွင့်ဆင်းလိုက်သည်။

"ညို…ညို…ဟဲ့…မသွားနဲ့…"

"ညိုကလဲ အစိုးရိမ်ကြီးပြီး လုပ်ချင်ရာလျှောက်လုပ်ကုန်ပြီဟယ်"

"မီးပွိုင့်လွတ်သွားရင်ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူး၊ ဒီမီးပွိုင့်က သိပ်ကြာတယ်၊ ညို ဆိုင်းဆိုင်ကို နားရှက်ဆွဲပြီး ပြန်ခေါ်လို့တောင် ရပါတယ်"

စိုးစိုး၊ ဖြူသွေးနဲ့ လှကေသီတို့သုံးယောက်သား ရိမ်တကြီး စိတ်လဲဝင်စားစွာကြည့်နေကြပါသည်။

မြတ်ကျေးညိုကား လှစ်ခနဲပင် မြန်ဆန်လှသော ခြေလှမ်းများဖြင့် အဲဒီ ဒက်ဆန်းကားနားသိရောက်လို့သွ လေပြီ။ ပြီးတော့ ညိုက ကားကို တွယ်စီးနေသော ဆိုင်းဆ နား ခြေစုံရပ်လိုက်၏။

ဟိုသုံးယောက်ကား မသိရှာကြ။ ရှေ့ကိုပင် အာ စိုက်နေပြီး သုံးယောက်သား စကားတပြောပြော တရယ်ရ နှင့် ဘေးဘီကိုလဲစိတ်ဝင်တစားမရှိကြ။ စပယ်ရာက ကာ နံဘေးတွင်ရပ်လိုက်သော ညိုကို...

"အစ်မ မီးပွိုင့်ကြီးမှာ မတက်ပါနဲ့၊ခင်ဗျား... အဖမ်းခံရမယ်"

"မတက်ပါဘူး...မတက်ပါဘူး...ငါကလူလာ ခေါ်တာပါ..."

ဆိုင်းဆိုင်သည် ညို့အသံကိုကြားရလျှင် တအံ့ဩ



ဩဖြင့် လှည့်ကြည့်တော့သည်။

"ဟာ...ညို"

"ဘာ...ညိုလဲ...ဘာညိုလဲ..ဆိုင်းဆိုင် ဟင် ဒါဘာလုပ်နေတာလဲ"

"ကားတွယ်စီးတာပါကွာ...ညိုကလဲ"

"မစီးရဘူးလို့မှာထားတာမရဘူးလား"

ညိုတို့၏ ပဋိပက္ခကို ရှေ့၊ ဘေး၊ နောက်ကကား တွေပေါ်မှ လူတွေ အကုန်စိတ်ဝင်တစားငေးမောကြည့် ကြသလို လမ်းဘေးမှလမ်းသွားလမ်းလာများကလဲ ရပ်၍ပင် ကြည့်ကြတော့သတဲ့။

ဆိုင်းဆိုင်တို့စီးလာသော ဒက်ဆန်းကားပေါ်မှ လူတွေ ကတော့ ပြုံးစေ့စေ့၊ ရယ်ကျဲကျဲပင်ဖြစ်လျက် ကြည့်ရှုနေကြ သည်။ စပယ်ရာမှာ အံ့ဩသဖြင့် ပါးစပ်ပိတ်နေပြီး အသေ အချာကြည့်နေတော့၏။

"ဟာ...ညိုရာ...ဒီတစ်မှတ်တိုင်တည်းပါ"

"ဘာတစ်မှတ်တိုင်လဲ၊ တစ်မှတ်တိုင်တောင်မှ တွယ်မစီးရပါဘူး မှာထားတာမေ့ချင်ဟန်ဆောင်မ နေနဲ့၊ ကားကဒီလောက်ချောင်တာ အထဲဝင်ထိုင်စီး

www.burmeseclassic.com

www.burmeseclassic.com



ပါလား တကတည်း လစ်ရင်လစ်သလို လုပ်ချင်တဲ့အကျင့်ဟာ ကောင်းကိုမကောင်းဘူး"

ခန့်မျိုးက ဝင်ပြောလေသည်။

"ကျေးညို နင်ကလဲ လမ်းမကြီးမှာဟာ ရက်စရာကြီး"

"အို…မရှက်ပါဘူး၊ ကိုယ်က မှန်တာလုပ်တာပဲ၊ ဘာရှက်စရာရှိလဲ"

သူရအောင်က စကားရောဖောရောဖြင့်….။

"ကျေးညို…နင်ဘယ်ကားနဲ့လာတာလဲ ဘယ်သူတွေပါလဲ"

ဟု ဝင်၍ မျက်နှာချိုသွေးပါသည်။

သို့ပေမယ့် မြတ်ကျေးညို၏ စူပုပ်တင်းမာအေးခဲနေသော မျက်နှာအမူအရာကား အနည်းငယ်မျှပင် လျော့မသွားချေ။

"ကဲ…အဲဒါဘာလုပ်နေတာလဲ ဆင်းလေ"

"ညိုကလဲကွာ"

"ရှင် ဆင်းစေချင်လို့တမင်လာခေါ်တာ ဆိုင်းဆိုင် ကဲ…ဆင်းဆိုဆင်း"



ဆိုင်းဆိုင်သည် ရှက်သဖြင့် မျက်နှာတွေနီအမ်းနေကာ ကားပေါ်ကဆင်းရမှာပင် ရှက်နေပြန်သည်။ ညိုသည်ကား စိတ်မြန်လက်မြန် ရှိလွန်းလှသူဖြစ်ရာ ဆိုင်းဆိုင်၏လက်ကို အတင်းဆွဲချနေတော့လေသည်။

"ဆိုင်းဆိုင်နော်…ဆင်းမလား၊ မဆင်းဘူးလား၊ နင်မဆင်းရင် ညိုပါဒီကားကိုလိုက်တွယ်စီးပစ်မယ်၊ ဘာမှတ်လဲ"

"အား..ညိုအရမ်းမဆွဲနဲ့ဟာ…"

"ကဲ..အစ်ကိုတို့အစ်မတို့ မီးပွိုင့်က မီးစိမ်းသွားပြီခင်ဗျ"

စပယ်ရာက ဝင်ပြောလျှင် ခန့်မျိုးနဲ့ သူရအောင်တို့မှာ မနေသာတော့ပဲ အရင်ဆင်းလျှင် ဆိုင်းဆိုင်မှာ အဲဒီတော့မှ ဆင်းလိုက်တော့သည်။

ညိုသည် သူ့လက်မောင်းကိုစိတ်ရှိလက်ရှိ ဗိတ်ဆွဲလိုက်ပြီးသောအခါ အတင်းဆွဲခေါ်လာပါသည်။ ခန့်မျိုးနဲ့ သူရအောင်က အူတူတူဖြင့် သူတို့နောက်က အပြေးလိုက်လာသည်။

မီးစိမ်းနေပြီဖြစ်ရာ ကားတွေကစပြီး မောင်းထွက်ချေ

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ သို့ပေမယ့် စိုးစိုးကတော့ သူမ၏ ကားကို လုံးဝ မမောင်းဘဲ ညိုတို့ကို တမင်ပင် ပေကပ်ရပ်စောင့်နေလေရာ စိုးစိုးကား၏ နောက်မှ ကားတွေဆီမှ ဟွန်းသံတွေ ဆဲဆို အော်ဟစ်သံတွေ ညံစီလို့တည်း။

"ဘာလုပ်နေကြတာလဲ...ရပ်ရှင်ရိုက်နေတာ လား"

"နောက်ကနေပိတ်တိုက်ပစ်လိုက်မယ်"

"ဟော့...မောင်းတော့လေကွာ"

လူတွေရဲ့ အော်ပြောသံတွေကြားမှာ သူတို့အုပ်စုက တော့ ကိုယ်လုပ်ချင်ရာလုပ်နေသည်။

ညိုက ဆွဲခေါ်လာ၍ ဆိုင်းဆိုင်လဲ သူမတို့၏ ကား ပေါ်ရောက်လာရသလို ခန့်မျိုးနဲ့သူရအောင်တို့လဲ တိုးကြိတ် ပြီးဝင်ထိုင်ရသည်။

နောက်ခန်းတွင် ငါးယောက်ဖြစ်နေရာ ကားမှာ ကျပ် ညပ်နေတော့၏။

"ညိုလေ...နင့်ကို ပြန်တိုင်မယ်သိလား"

"မတိုင်ပါနဲ့ ညိုရာ၊ တစ်ခါလေးစီးမိပါတယ်၊ ခုလဲ သူများကားပေါ်ကျပ်သိပ်ပြီး လိုက်ရတယ်၊





ဖြူသွေးနဲ့ ကေသီတို့ကိုဘယ်လောက်အားနာဖို့ ကောင်းလဲ"

"ဟုတ်ပါတယ် ကျေးညိုရာ၊ ဒီကောင်ငါတို့ ဆွယ်လို့ပါလာတာပါဟာ၊ သူ့ဘာသာဆို ဘယ်မှ သွားမှာမဟုတ်ဘူး"

"နင်က ထားခဲ့တော့ သူလဲပျင်းနေကာပေါ့ ဒီတော့...ငါတို့နဲ့ ခဏတစ်ဖြုတ်ကားလျှောက်စီး တာပါ"

"ခဏတစ်ဖြုတ်လဲ ခဏတစ်ဖြုတ်ပဲဟဲ့၊ တစ် ခုခု ဖြစ်ရင် နင်တို့ဘာလုပ်နိုင်မလဲ"

"မဖြစ်ပါဘူးဟာ..မဖြစ်လို့ပဲ အကြိမ်တစ်ရာ မကတော့ဘူး၊ ဒီလိုတွယ်စီးနေတာ"

"ဘာ...ဘာ...အကြိမ်တစ်ရာမကတော့ဘူး ဟုတ်လား"

"ဟာ...ဟော့ကောင် ခန့်မျိုးဘာတွေလျှောက် ပြောနေတာလဲ...မင်းကလဲ..."

"သူရအောင် နင်ကဘာဖြစ်လို့ ဝင်ပြီးဖုံးကွယ် ချင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူ စိုးစိုးက မနေနိုင်တော့ပဲ ဝင်ဖျန်ဖြေရတော့သည်။ ဖြူသွေးနဲ့ လှကေသီကတော့ သူတို့တစ်ယောက်နဲ့တစ်ယောက် ထပ်ပြီး ထိုင်နေရ၍ စိတ်ရှုပ်ကာ ခန့်မိုုးနဲ့သူရအောင်တို့ကို ဆွဲဆိတ်နေတော့သည်။

"ကဲပါ...ကဲပါ...တော်ကြပါဟာ...ရန်ဖြစ်မနေကြပါနဲ့၊ တော်ပါတော့ ညိုရယ်၊ အခုလဲ ဆိုင်းဆိုင်နင့်မျက်စိအောက်ရောက်လာပြီပဲ၊ တော်ပါတော့...ပြောနေလဲ ဘာမှပိုထူးလာတာမှ မဟုတ်တာ"

မြတ်ကျေးညိုသည် သူငယ်ချင်းတွေကို အားနာ၍သာ ဆက်ရန်မတွေ့တော့ပဲ ငြိမ်လိုက်ရတာဖြစ်သည်။ စိတ်ထဲမှာ နည်းနည်းမှကို မကျေနပ်ပါ။ ထို့အတူ ဆိုင်းဆိုင်သည်လည်း ညိုကပြန်တိုင်တော့မှာကို ကြိုသိလျှင် စိတ်ညစ်နေရ၍...။

ညိုသူ့ကိုစိတ်ကောက်လျှင်တောင် မချော့ပါဘူးဟု စိတ်ထဲမှာတေးမှတ်နေလေသည်။

ကျောင်းရောက်တော့ စိုးစိုးရဲ့ကားပေါ်မှအဆင်းတွင် ညိုတို့ရန်ဖြစ်ကြတော့မည်ဆိုတာကိုသိသော သူငယ်ချင်းတွေ



က နှုတ်ပင်မဆက်နေတော့ပဲ သူတို့ကိုထားရစ်ခဲ့ကြသည်။

ဆိုင်းဆိုင်သည်လည်း နားပူမခံချင်သည်ဖြစ်ရာ အမြန်လစ်ဖို့ ခြေလှမ်းပြင်လျှင် ညိုက ဆိုင်းဆိုင်၏ လက်ကို ဆောင့်ဆွဲထားလိုက်လေသည်။

"ဒါက...ဘယ်လဲ...ဟင်"

"အယ်...ညိုကလဲကွာ...ကျောင်းထဲမှာ.."

"ကျောင်းထဲမှာ ဘာဖြစ်လဲ ဘယ်သူမှရှိတာမှ မဟုတ်တာ ရန်ဖြစ်စရာရှိဖြစ်မှာပဲ"

"ကားပေါ်မှာလဲဖြစ်ပြီးပြီး အခုဆက်ဖြစ်ဦးမလို့လား".

"ဖြစ်မှာပဲ...လာထိုင်"

"အ...အား...ညို..ဘာလုပ်တာလဲကွ"

"နားရွက်လိမ်ခါတယ်လေ ဘာဖြစ်လဲ ကဲ...ကဲ..."

ဆိုင်းဆိုင်သည် ညို့နံဘေးတွင် ဝင်ထိုင်လိုက်ရတော့လေသည်။ ညိုကား သူ့နားရွက်တစ်ဘက်ကို လိမ်ဆွဲထားတုန်းပင်။

သိပ်ဆိုးတာပဲညိုရယ်၊ ချစ်လွန်းလို့ သည်းခံတာကို

www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်းယူတယ်၊ ဆိုင်းဆိုင်သည် သူ့နားရွက်ကိုလိမ်ဆွဲထားသော ညို့လက်ကောက်ဝတ်ကိုပြန်ကိုင်ရင်း...

"ညို...လွှတ်တော့ကွာ၊ ကိုယ် ထိုင်နေပြီပဲ"

တောင်းပန်သလို အသံနဲ့ပြောတော့မှ ညိုက လွှတ်လေသည်။

ဆိုင်းဆိုင်၏ နားရွက်မှာတော့ ညိုကလိမ်ဆွဲထား၍ နီရဲနေပါသည်။ ဆိုင်းဆိုင်သည် ညို့ကို မျက်နှာချိုသွေးရင်း ညို့လက်ချောင်းလေးတွေကို အသာအယာဆုပ်ကိုင်လိုက်၏။

"မတိုင်နဲ့နော် ညို"

"တိုင်မှာပဲ..."

"ဖေဖေနဲ့မေမေကအစိုးရိမ်ကြီးမှန်း သိလျက်သားနဲ့ ညိုရယ်"

"အဲဒါက စိုးရိမ်စရာကိုး၊ ညိုလဲ စိုးရိမ်တာပဲ၊ တိုင်မှာပဲ"

"ညိုကလဲ ကိုယ့်ချစ်သူဘက်တော့မလိုက်ဘူး"

"လိုက်သင့်ရင် လိုက်မယ်၊ ဒါကဘက်မလိုက်သင့်တဲ့ကိစ္စမို့လို့ မလိုက်နိုင်ဘူး၊ မှန်တဲ့လူဘက်က



နေမှာပဲ"

"ဒီတစ်ခါတည်းတွယ်စီးပါတော့မယ်လို့ ကတိပေးမယ်ကွာ"

"အံမယ်လေး...မပေးပါနဲ့ရှင်၊ တခြားကိစ္စတွေမှာသာကတိတည်ချင်တည်မယ်၊ ဒီကားတွယ်စီးတဲ့နေရာမှာကျတော့ ဘယ်တော့မှလဲ ကတိတည်တာလဲမဟုတ်ပဲနဲ့၊ အပိုတွေပြောမနေနဲ့၊ ရည်းစားဖြစ်လာတာဖြင့် ကြာပြီ၊ ရိုးနေပြီ ရှင်ပါးစပ်ဟရင် ဘာပြောမယ်ဆိုတာကုအစသိနေပြီရှင့်"

"တိုးတိုးပြောပါ ညိုရာ၊ ကိုယ်မကြားမှာကျနေတာပဲ၊ အော်ကျယ်အော်ကျယ်နဲ့ကွာ၊ သိပ်စိတ်ညစ်တယ်"

"စိတ်ညစ်ချင်ရလောက်အောင် ညိုက ဘာမှရှင့်ကို စိတ်ညစ်အောင်မလုပ်ဘူး၊ ရှင်ပဲ ကိုယ့်ဇာတ်လမ်းကိုယ်ထွင်တာ...ညစ်ပေါ့..."

မြတ်ကျေးညိုသည် စကားဆက်မပြောတော့ပဲ နှုတ်ခမ်းကောက်ချိပ်နေတော့သည်။

ဆိုင်းဆိုင်ကလဲ စိတ်ညစ်ညစ်နဲ့ ညို့ကို ချော့

www.burmeseclassic.com

www.burmeseclassic.com



ဖို့ပင် စိတ်ကူးမရှိ။ သူ့ဘာသာ ငြိမ်ထိုင်နေသည်။ နာရီပေါင်းများစွာ ဤကဲ့သို့ အတူထိုင်ပြီးသောအခါ ကျောင်းဆင်းချိန်နှလာကြိုသောမြတ်ကျေးညို၏ အစ်ကိုကြီးကားကိုမြင်မှ ညိုက ဆိုင်းဆိုင်နားတွင် ထိုင်နေရာမှ ထသွားသည်။

ညိုသည် စိတ်အကောက်ကြီးကောက်လျက် သူ့ကိုနှုတ်ဆက်မသွားချေ။



( ၅ )

ထိုပြဿနာကို ညိုက အိမ်ရောက်ရောက်ချင်း ဖုန်းဖြင့်ဦးအောင်ကြီးတိုင်ထားသည်ဖြစ်ရာ ဆိုင်းဆိုင် ပြန်ရောက်သောအခါ မေမေက ဘာမပြော ညာမပြော နားရွက်ကို ဆိမ်တော့သည်။

"ဟာ...ဟာဗျာ...မေမေကဆွဲပြန်ပြီ...ဒီနားရွက်ပဲ..."

"ဘယ်သူကမင်းရဲ့ဒီနားရွက်ကို ဆွဲလိုက်သေးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိမလဲ…အမေ့ချွေးမ…အတိုင်အတော ထူမပေါ့"

"ကောင်းတယ်…မင်းကို နားရှက်ဆွဲတာ ကောင်းတယ်၊ မင်းလုပ်ပုံကဘယ်လောက်စိုးရိမ်စရာကောင်းလဲ၊ ငါ့သာ ညို့နေရာမှာ ဒီလိုမျက်စိနဲ့တပ်အပ်မြင်ရင် စိုးရိမ်လွန်းလို့မင်းကို ဆွဲဆောင့်ပစ်မိမှာပဲ၊ သူ့ခမျာ ဘယ်လောက်စိုးရိမ်ရှာမလဲ၊ ဖုန်းထဲမှာ ငိုသံတွေပါပြီးတော့ကို ပြောတယ်"

ဆိုင်းဆိုင်သည် ဒီနေ့မှ ညို့နဲ့တိုက်တိုက်ဆိုင်ဆိုင်ဆုံပေးသော ကံကြမ္မာကိုပဲ အပြစ်ဖို့နေချင်တော့သည်။

ဒီအကြောင်းအရာဟာ ရက်ပေါင်းများစွာ ဆူလို့ မှုလို့ ပြီးတော့မည်မထင်။

"ကဲ…မေမေ…ဆူဦးမလို့လား၊ နေ့ခင်းကလဲ ညို့ကဆူပြီးပြီ၊ အခုလဲ ထပ်ဆူရင် သားရဲ့ နားတွေ အူထွက်ကုန်တော့မယ်"

"ဆူရမှာပဲ၊ ဆူရမှာပဲ၊ မင်းဒီလိုကားတွယ်စီးတာအကြိမ်တစ်ရာလောက်ကိုရှိပြီတဲ့၊ ကြည့်စမ်းမိဘကွယ်ရာမှာ လုပ်ချင်တိုင်းလုပ်တာကောင်းသ



လား၊ မင်းဟာလေ…မိဘက ဒီလောက်ကြပ်မတ်ပြီး အုပ်ထိန်းတာတောင် လစ်ရင်လစ်သလို ခိုးလုပ်တဲ့အကျင့်ရှိကိုရှိတယ်၊ အဲဒါ မင်းအတွက် မကောင်းဘူး၊ သူများမသိအောင်ခိုးကြောင်ခိုးဝှက် လုပ်တာဟာ အကျင့်မကောင်းတာပဲ"

"သားက လူကြီးဖြစ်နေပါပြီမေမေရယ်၊ အသက်လဲ နှစ်ဆယ်ကျော်ပြီ၊ ဘွဲ့လဲ ရခါနီးပြီ၊ သားကို ခုထိဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ ချုပ်ချယ်တာတော့ မကောင်းပါဘူး၊ သားအတွက် မေမေတို့ဖေဖေတို့က ချစ်ပြီး စေတနာနဲ့ ကောင်းအောင်ထားမြစ်ပိတ်ပင်တာပေမယ့် တစ်ခါတလေ သားစိတ်ညစ်တယ်၊ ပြီးတော့ ရည်စားလေးတစ်ယောက်ပဲ မှတ်မှတ်ရရထားဖူးပါတယ်၊ ထားမိတဲ့ ရည်းစားကလဲ မေမေတို့ဘက်လုံးလုံးပါနေတယ်"

ဆိုင်းဆိုင်သည် ရင်ထဲတွင် ခံစားရသမျှတို့ကို ပြောထိုက်မိလျှင် မေမေကမဲ့ရွဲ့သည်။ ဖေဖေကတော့ သူ့ကိုခေါင်းတညိတ်ညိတ်လုပ်၍ ကြည့်ရင်း ဝင်ပြောပါသည်။

"မင်းက အဲဒါကို ကျိတ်ခံစားနေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ပြီး စိတ်ညစ်နေရတယ်ဆိုပါတော့လေ၊ အဲဒီ လိုပြောချင်တာလား"

ဆိုင်းဆိုင်က ပြန်မဖြေပါ။ ငူငူကြီး ထိုင်နေလေသည်။ သူ့ရင်ထဲတွင် မကျေနပ်ချက်တွေများတော့များနေတာပင်။ ဒါပေမယ့် ဘာတွေကို မကျေမနပ်ဖြစ်နေမိမှန်းလဲ ကိုယ့်ဘာသာ မသိပြန်။

"ကဲ..ဒါဖြင့် ဖေဖေမေးမယ်၊ မင်းက ဘာတွေဖြစ်ချင်လဲပြောပါဦး"

"မပြောပါဘူးဗျာ ပြောတော့လဲသားလုပ်ချင်တာတွေကို တစ်ခုတလေတောင်ခွင့်မပြုတာ. သား ပြောလဲ အပိုပဲ..."

"ဟော့ကောင်..ငါစိတ်ကြည်ကြည်လင်လင်ထားပြီး အကောင်းမေးတာကို အကောင်းဖြေစမ်းကွာ၊ ငါ့ကိုစိတ်တိုအောင်မလုပ်နဲ့၊ ငါစိတ်တိုလာရင် မင်း ကိုကျောင်းပါထုတ်ပစ်လိုက်မယ်၊ ဘာမှတ်လဲ"

ဆိုင်းဆိုင်သည် ဖေဖေ့ကိုတော့ တကယ်လန့်သွားပါသည်။ ဖေဖေက သူ့ကိုချစ်သည် မှန်သော်လည်း ဒေါသ



ဖြစ်လျှင် သူပြောရင်ပြောတဲ့အလျောက် လုပ်ပြတတ်သော လူစားမျိုးလဲဖြစ်သည်။

"အိုး...အဖေကြီးကလဲ ဘာလို့အလကားနေရင်းစိတ်တိုရတာလဲ"

"စိတ်တိုတာပေါ့ကွ၊ ဒီကောင်က ပြောပုံကြည့်ဦး၊ ငါတို့က ချုပ်ချယ်ထားလို့ သူမှာ လူဖြစ်ပဲ ရှုံးနေသလိုလိုပြောနေပြီကွ၊ သူ ဒီလောက်တောင် စိတ်ထဲမှာ ခံစားနေရရင် ပြောချလိုက်၊ ဘာတွေ လုပ်ချင်တယ်ဆိုတာကို ပြော...

လူကြီးမိဘက စဉ်းစားချင့်ချိန်ပြီး သူ့စိတ်ထဲမှာ လုပ်ချင်တာတွေပေးပြီး လုပ်နိုင်းမယ်လို့ ငါက ဆုံးဖြတ်ပြီးမေးပါတယ်၊ ဒီကောင်က ကန့်လန့်ပြောချင်တယ်၊ ငါက အဲဒါစိတ်မတိုဘဲနေတော့မလား ကွာ...."

"ကဲ...ကဲ...သားရယ် ဒါဖြင့်လဲ မင်းဘာတွေလုပ်ချင်လဲ...ပြောပြောလိုက် သားဖေဖေက သူ့စိတ်တိုင်းကျတာမျိုးဆိုရင် ပေးလုပ်မယ်တဲ့"

ဆိုင်းဆိုင်သည် ဒီလိုမေးခံရမည်မထင်၍ ရုတ်တ

www.burmeseclassic.com

ရက်ဆိုတော့ ခေါင်းထဲတွင် ဘာမှစဉ်းစားမရဖြစ်နေတော့သည်။

ငါ...ဘာတွေလုပ်ချင်လဲ။

စီးကရက်သောက်ချင်လား၊ အင်း အဲဒါလဲ စိတ်မဝင်စားပါဘူး။ မသောက်ချင်ဘူး။ ကိုယ့်ရောဂါကိုယ်မွေး တဲ့ မကောင်းတဲ့အမှုတစ်ခုပဲ။

အရက်၊ ဘီယာ၊ ဟာ ဒါတွေကလဲ ဘာမှစိတ်ပျော်စရာမရှိပါဘူး။ မူးယစ်တွေလီတဲ့အရသာကို ဘာကြောင့် ပိုက်ဆံအကုန်ခံပြီး ဝယ်ယူသောက်သုံးရမှာလဲ လုံးဝအဓိပ္ပာယ်မရှိဘူး။

ဟာ...ဒါဖြင့် ဆိုင်းဆိုင်သည် ခေါင်းထဲတွင် မီးသီးတစ်ချက်ပွင့်သွားသလို လင်းခနဲစိတ်ကူးရသွားပါသည်။

"သား..မနက်ဆို အိမ်မှာ ကော်ဖီနဲ့မုန့်အမြဲ မစားချင်ဘူး၊ ခန့်မျိုးတို့နဲ့လက်ဖက်ရည်ဆိုင်သွား ထိုင်ချင်တယ်ဖေဖေ"

"ဒါပဲလား..."

ဖေဖေက တစ်ချက်ပြုံးပြီးမေးသည်။မေမေကတော့ ခေါင်းခါရင်း...။



"သားကလဲ ကိုယ့်အိမ်က အစားအသောက်တွေက ဒီလောက်ကောင်းတာကိုကွယ်၊ ရှာရှာကြံကြံမင်းမို့ သူများလုပ်တာလုပ်ချင်ရတယ်လို့"

"ကဲ....အမေကြီး...မင်း ဝင်မပါနဲ့ဦး၊ သူ့မှာ တောင်းဆိုစရာ၊ တင်ပြစရာတွေ ရှိဦးမယ် အဲဒါ နားထောင်လိုက်ဦး၊ ပြီးမှ ငါဆုံး ဖြတ်မယ်"

ဆိုင်းဆိုင်သည်နောက်ထပ်ခေါင်းထဲမှာပေါ်လာသည်များကို ဆက်ပြောရန်အသင့်ဖြစ်နေတော့၏။

"ကဲ...သား...ဆက်ပြောပါဦး"

"နောက်...နောက်တစ်ခုက သားညဆို အစောကြီး အိပ်ရာအတင်းဝင်ခိုင်းတာမျိုးမလုပ်ပါနဲ့လား ဖေဖေ၊ သားက ကလေးမှမဟုတ်တော့တာ သား ဘာသာ အိပ်ချင်တဲ့အချိန်အိပ်ပါရစေ၊ အခန်းထဲမှာ မီးဖွင့်ပြီး နေချင်နေမယ်၊ ဗီဒီယိုကြည့်ချင်ကြည့် မယ်၊ တီဗွီဂိမ်း၊ ကွန်ပျူတာဂိမ်း ကစားချင်ရင် ကစားမယ် အဲဒါမျိုးလုပ်ချင်တယ်၊ သားမအိပ်မချင်း တဂျီဂျီလာအိပ်ခိုင်းတာမျိုးမလုပ်စေချင်ဘူး"

"ပြီးတော့ ဘာတောင်းဆိုဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို..."

ဆိုင်းဆိုင်သည် နောက်ထပ်အကြောင်းအရာတစ်ခုကိုတော့ ဖေဖေလိုက်လျော့မှာမဟုတ်ပါဘူးဟုထင်ပြီး ခဏငြိမ်၍စဉ်းစားနေမိပါသည်။

"ဘာလဲကွ၊ ကျန်သေးရင်လဲပြော၊ မကျန်တော့ဘူးဆိုလဲ အချိန်ဆွဲမနေနဲ့"

"ဟို...သား...ဟိုလေ ကားမောင်းချင် တယ် ဖေဖေ၊ သူများတွေလိုပဲ ကားမောင်းတတ်ချင်တယ်၊ ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်ချင်တယ်"

"အို...ဘုရားရေ..မဖြစ်ပါဘူး...သားရယ်၊ မဖြစ်ပါဘူး"

မေမေကတော့ ရင်တွေဖိကာ တွင်တွင်ငြင်းနေလေသည်။ ဖေဖေကတော့ အေးအေးတည်ငြိမ်စွာ ငေး၍ စဉ်းစားလေသည်။

"မင်းတောင်းဆိုတာတွေ ဒါအကုန်ပဲလားကွ"

"ဟုတ်ကဲ့"

"ကားတွယ်စီးပါရစေဆိုတာရော ထည့်ပြော





ချင်သေးလား"

ဆိုင်းဆိုင်သည် ဒါကိုတော့ ဘယ်နည်းနဲ့မှ ထည့်ပြောလို့ရမယ်မဟုတ်မှန်း ခန့်မှန်းမိသည်ဖြစ်ရာ တမင်ကို ထည့်မပြောတာဖြစ်သည်။ ဒီကိစ္စမျိုးက ခိုးပြီး လုပ်ရင် ရနိုင်သေးသည်လေ။

"သား အဓိကဖြစ်ချင်တာတွေက အဲဒါတွေပဲဖေဖေ"

"အေး...ကောင်းပြီ၊ ဒါဆို မင်းတောင်းဆိုထားတဲ့ သုံးချက်က ပထမအချက်ကိုစပြောမယ်၊ မင်း....မနက်မနက်ဆို အိမ်မှာ မုန့်မစားချင်ဘူး၊ ကော်ဖီမသောက်ချင်ဘူး၊ လက်ဖက်ရည်ဆိုင်သွားချင်တယ်ဆိုတာက ငါကတော့ ခွင့်ပြုချင်တယ်၊ ဒါပေမယ့် မင်းအမေက သူပြင်ဆင်ထားတာလေး မှမင်းမစားရင် မျက်ရည်လေး တစမ်းစမ်းလုပ်တော့မယ်ဆိုတာကိုရော မင်းထည့်စဉ်းစားရဲ့လား"

ဆိုင်းဆိုင်သည် မေမေ့ရဲ့ မျက်ရည်ဝဲချင်ချင်မျက်နှာကို တစ်ချက်လှည့်ကြည့်ပြီးလျှင်....။

"သား...မေမေပြင်ဆင်ထားတဲ့ကော်ဖီနဲ့ မုန့်



www.burmeseclassic.com

www.burmeseclassic.com



လဲစားပါ့မယ်၊ပြီးမှ လက်ဖက်ရည်ဆိုင်ကိုသွားထိုင်ပါ့မယ်၊ အဲဒါကျေနပ်လားမေမေ''

''သားရယ်..အိမ်မှာလည်းစားပြီးပြီ၊ လက်ဖက်ရည်ဆိုင် ဘာသွားလုပ်ဦးမလို့လဲ''

''ခန့်မျိုးနဲ့သူ့ရအောင်တို့နဲ့ အတူတူ လက်ဖက်ရည်ဆိုင်မှာ မနက်စောစောထိုင်ကြည့်ချင်တာပါ မေမေရယ်''

''ကဲ...ကဲ...အမေ၊ မင်းကိုလဲ သူလိုက်လျော ပြီးပြီး၊ မင်းကျေနပ်လိုက်၊ ဟုတ်ပြီလားငါ့သား လက်ဖက်ရည်ဆိုင်ထိုင်ချင်တာထိုင်တော့၊ မင်းရော ကျေနပ်လား....''

''ကျေနပ်ပါတယ်..ဖေဖေ''

''ကဲ..ဒါဖြင့် နောက်တစ်ခုအိပ်ရာစောစောမ ဝင်ချင်တာလဲ မင်းသဘောပေါ့ကွာ၊ ဒါပေမယ့် ဆယ့်တစ်နာရီအထိပဲ ခွင့်ပြုမယ်၊ ဆယ့်တစ်နာရီ ကျော်လို့မှ အိပ်ရာမဝင်ရင်တော့ ငါနဲ့ တွေ့ပြီပဲမှတ်''

''ဟုတ်ကဲ့၊ ခါတိုင်းကိုးနာရီအိပ်ရာဝင်ရတာ



ထက်စာရင်တော့ ပိုကောင်းပါတယ်၊ သား ကျေနပ်ပါတယ်''

အမှန်တော့ ဆိုင်းဆိုင်သည် အိပ်ရာဝင်ချိန်ကို သတ်မှတ်ပေးတာတော့ သိပ်ဘဝင်မကျလှ။ သို့ပေမယ့် ဒီထက်ပိုပြီးတော့လဲ တောင်းဆို၍ရမည်မဟုတ်မှန်း အလိုလိုရိပ်မိလျှင် ဒီလောက်နဲ့ပဲ ကျေနပ်ရတော့သည်။

''ကဲ...ဒါဖြင့် နောက်တစ်ခုပြောမယ် မင်းက ကားကို ကိုယ်တိုင်မောင်းပြီးကျောင်းသွားချင်တဲ့ကိစ္စ၊ အဲဒီကိစ္စကတော့ အရေးအကြီးဆုံးပဲ''

ဆိုင်းဆိုင်သည် သိပ်ပြီး မျှော်လင့်မထားသော မျက်လုံးတွေနဲ့ ဖေဖေ့ကိုကြည့်နေမိသည်။

''ကားတစ်စီးကို ကျွမ်းကျွမ်းကျင်ကျင်မောင်း တတ်ဖို့ဆိုတာက နှစ်နှစ်လောက်ကြာတယ်၊ အဲဒါထားပါ၊ မမောင်းတတ်ခင် အမောင်းသင်တာက အတတ်မြန်ရင်တော့ တစ်ပတ်ပေါ့၊ ပါကင်ဝင်တာဘာညာသင်ရတာနဲ့ဆို နှစ်ပတ်၊သုံးပတ်ကုန်မယ်၊ အမောင်းသင်လိုင်စင်က ခြောက်လကိုင်ရမယ်၊ ပြီးမှ ယာဉ်မောင်းလိုင်စင်ရအောင်ဖြေရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မင်းလက်ထဲကို တကယ့်ယာဉ်မောင်းလိုင်စင်စစ်စစ်ရဖို့က နောက်ခြောက်လ၊ ခုနစ်လထိ စောင့်ကိုစောင့်ရမှာပဲ၊ ဒါလူတိုင်း ဒီလိုစောင့်ရတာပဲ၊ လိုင်စင်မရသေးပဲနဲ့ ပေးပြီးမမောင်းနိုင်းဘူး၊ ဒီတော့မင်း ကားမောင်းချင်တဲ့ဆန္ဒဟာ ချက်ချင်းမပြည့်ဘူး''

''ဖေ..ဖေဖေက ဘာပြောတာလဲဟင်၊ သားကိုကားမောင်းဖို့တော့ခွင့်ပြုတယ်ဆိုတဲ့သဘောလားခင်ဗျာ''

''ဟုတ်တယ်...''

''ဟာ...ဝမ်းသာလိုက်တာ''

''အဖေကြီး ရှင်ဘာတွေလျှောက်လုပ်တာလဲ၊ ကလေးဒုက္ခရောက်အောင်''

''ဒုက္ခမရောက်စေရအောင် သူ့ကို အစောင့်အရှောက်နဲ့ လွှတ်မှာပါကွာ၊သူ့လက်ထဲ လိုင်စင်ရလာလို့ သူကိုယ်တိုင်ကျောင်းကို ကိုယ်တိုင်ကားမောင်းပြီးသွားရင်တောင် သူ့ဘေးမှာ အခုလက်ရှိသူ့ကားကိုမောင်းပေးနေတဲ့ ဒရိုင်ဘာကိုပဲ အဖော်





ထည့်ထားရမှာပဲ၊ လိုအပ်ရင် သူက ချက်ချင်းဘာလုပ်သင့်သလဲ ဆိုတာ ဆုံးဖြတ်တတ်နေပြီ...

ကဲ...သား မင်းစိတ်ထဲမှာဖြစ်ချင်တာတွေကို တတ်နိုင်သလောက်တော့ လိုက်လျောပေးပြီးပြီ...

ဒါပေမယ့် မင်း ကားယူပြီး ဘယ်သွားသွား ဒရိုင်ဘာကိုလှဖေကတော့ ဘေးကပါမှာပဲ၊ သူ့ကို ဆက်ခန့်မြဲခန့်မှာပဲ၊ သူကမင်းကို စောင့်ရှောက်ဖို့ ဘေးကအမြဲပါမှာပဲ၊ အဲဒါကို မကျေနပ်ဘူး၊ သဘောမကျဘူးဆိုရင် မတတ်နိုင်ဘူး၊ ဒါပဲ အပြတ်ပြောမယ်''

ဆိုင်းဆိုင်သည် ဖေဖေ့၏အဆုံးအဖြတ်တွေကြောင့် ရင်ထဲမှာ မတင်မကျကြီးနဲ့ အီလည်လည်ဖြစ်နေရတော့သည်။

သူ့ဘဝဟာ ဘယ်ဘက်ကရုန်းရုန်း ဘယ်လိုမှကို လွတ်လပ်တဲ့အရသာမခံစားရပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်သည် သူ့ကိုတိုင်သဖြင့်ည ာက် နေလျှင်တောင် မချော့ပါဘူးလို့မနေ့တော့ စိတ် နဲ့ တေး မှတ်ထားခဲ့ပေမယ့် ညတုန်းက ဖေဖေနဲ့အကြေအလည် ဆွေးနွေးလာခဲ့ပြီးသော သူရရှိလိုက်တဲ့ အခွင့်အရေး တစ်မျိုးတို့ကို ချစ်သူအားပြောပြချင်နေသည်။

ဒါနဲ့ ကျောင်းရောက်ရောက်ချင်း သူ့အတန်းရှိရာ ဆီပင် အရင်မသွားဘဲ မြတ်ကျေးညို၏ အတန်းကို သုတ်ခြေတင်သောခြေလှမ်းများဖြင့် ရောက်သွားတော့သည်။

ညိုတို့၏အတန်းက စာသင်နှင့်နေပြီ။ ဆိုင်းဆိုင်သည် ပြောချင်လှပါတယ်ဆိုမှ ချစ်သူနဲ့ချက်ချင်းတွေ့ခွင့်မရတော့ အားမလိုအားမရဖြစ်ပြီး ညိုအတန်းရှေ့ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတော့သည်။

စိုးစိုးက သတိပြုမိပြီး ညို့ကို တံတောင်ဖြင့် အသာ လေးတွက်လျှင်....။





"ကျေးညိုရေ ကိုယ်တော်ချောတော့ ရောက်နေပြီဟေ့"

"သိသားပဲ သူ့ဘာသာလုပ်ချင်တာလျှောက်လုပ်ပြီး ညိုကစိတ်ကောက်တော့ချော့ဖို့ ရောက်နေတာလေ"

"ဆိုင်းဆိုင်က ညိုကိုတော့ တော်တော်ချစ်တာဟဲ့၊ တကြည့်ကြည့်နဲ့၊ ညိုက သူ့ဘက်လဲမပါပဲနဲ့ ဘယ်လောက်တိုင်တိုင်စိတ်လဲ မခုဘူး"

"ငယ်ငယ်တည်းကရော ခုထိရော ညို့ကိုမ ညှာမတာ သရဲဟန်ဆောင်ခြောက်ပြတာတော့ မုန်းတယ်"

"အဲဒီဝါသနာကတော့ မပျောက်ဘူး"

"ကားတွယ်စီးချင်တဲ့ ဝါသနာကလဲ မပျောက်ပါဘူး"

"ဟယ်...ဟိုကောင်လဲရောက်လာပြီ"

စိုးစိုးက အလန့်တကြားပြောလိုက်လျှင် ညိုကပါ လိုက်ရှာဖွေကြည့်မိသည်။

ထိုအခါ ညိုကို အသည်းအသန်လိုက်နေသော YIT



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကဇော်မိုး ဆိုသူပင်ဖြစ်သည်။ သူက ဆိုင်းဆိုင်ကို မသိချေ။ ဆိုင်းဆိုင်ကသာ သူ့ကိုသိနေသည်ဖြစ်ရာ ထိုကောင်လေး ကော်ရစ်ဒါမှာ လက်ပိုက်ရပ်ကတည်းက သူ့မျက်မှောင်ကြီး ကို ကျုံ့ထားလျက် မိုက်ကြည့်ကြည့်နေတော့လေသည်။

ညိုသည် အတန်းတက်ရတာပင်စိတ်မပါတော့။ အတန်းမြန်မြန်ပြီးစေချင်လှပြီ။ ဆိုင်းဆိုင်က မထင်ရင် မထင် သလို စိတ်လိုက်မာန်ပါစွတ်ပြီး လုပ်တတ်သူမို့ ညို့မှာ စိုးရိမ် နေရလေသည်။

ဇော်မိုးသည် သူ့ကို ခေါက်တုံ့ခေါက်ပြန်အသေအ ချာကြည့်လိုက်၊ မျက်လုံးချင်းဆုံလျှင် မိုက်ကြည့်ကြည့်လိုက် လုပ်နေသော ခပ်မြင့်မြင့်မားမားကိုယ်ဟန်နဲ့ ရုပ်ချောချော သူနဲ့ ရွယ်တူကောင်ကို သတိထားမိလာသည်။

ထိုအခါ သူကလဲ ပြန်ပြီး မျက်လုံးချင်းမခွာတမ်း တည့်တည့်ပြန်စိုက်ကြည့်မိသည်။ အလကားနေရင်း ကိုယ့်ကို လာမိုက်ကြည့်ကြည့်တာမို့ ယောက်ျားလေးတွေ ပီပီ ဒါကို မခံချင်။

သူကလာကြည့်လျှင် ကိုယ်ကပြန်ကြည့်နှင့် သူတို့ ချင်းသူတို့တော့ အချိတ်အဆက်တွေဖြစ်လာကြသည်။



ဆိုင်းဆိုင်သည် သူကပိုပြီးစိတ်တိုနေသူပီပီ နောက် ...းတော့ သူပဲ အရင် ထိုကောင်ရှေ့ခြေစုံသွားရပ်လျက် . . . .

"မင်းကဘာကြည့်တာလဲ"

"မင်းကရော ဘာလို့ငါ့ကိုလာကြည့်လဲ"

"မင်းကိုမကြည့်လို့ပေါ့ကွ"

"မကြည့်ရအောင် မင်းနဲ့ငါ ဘယ်ဘဝတုန်း က ရန်ငြိုးရန်စရှိခဲ့ဖူးလို့လဲကွ"

"ရှိတာပေါ့ကွ၊ မင်းမှာမရှိပေမယ့် ငါ့မှာရှိ တယ်"

"မင်း . . . အဲဒါ . . . တမင်ပြဿနာရှာတာပဲ"

"ပြဿနာရှာတာက မင်းကွ၊ မင်း အခု မင်း နဲ့မဆိုင်တဲ့ ဒီနေရာကို ဘာလာလုပ်လဲ ငါသိတယ်"

"ဩော် . . ."

ညိုသည် သူတို့ချင်း အပြန်အလှန် ပြောနေသည်များ မြင်နေရလျှင် စိတ်တွေပူပြီး လူက တည်တည်ငြိမ်ငြိမ် ...လို့ မရဖြစ်နေတော့သည်။

"ဒုက္ခပဲ . . . ဒုက္ခပဲ . . . ဆိုင်းဆိုင်တော့ ပြဿနာ သွားရှာနေပြီ . . . စိုးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်"

မြတ်ကျေးညိုနဲ့ စိုးစိုးတို့မှာ စိုးရိမ်စိတ်တွေ အတန်းအပြင်ကို တကြည့်ကြည့်ဖြစ်နေချိန်တွင် အပြ ကား ဆိုင်းဆိုင်းသည် အတန်းထဲက ညို့ကိုပင် သတိ တော့ပဲ ဇော်မိုးကိုမဲနေတော့သည်။

"ငါ..ဘာကိစ္စနဲ့ ဒီကိုလာလာ မင်းမှာတားမြစ် ပိုင်ခွင့်မရှိဘူး၊ ငါ့ခြေထောက်နဲ့ ငါလာတယ်၊ ငါ့ စိတ်သဘောနဲ့ငါ ကြည့်ချင်တဲ့သူကို လာကြည့် တယ်၊ အဲဒါ ဘာဖြစ်တာလဲ"

"ငါ့မှာ တားပိုင်ခွင့်ရှိလို့တားတယ်ကွာ..မင်း ဘယ်ကောင်မလေးကို လာကြည့်သလဲဆိုတာ ငါ သိတယ်၊ ဟိုဒုတိယတန်းမှာ ထိုင်နေတဲ့ အင်္ကျီအ ဖြူနဲ့ ကောင်မလေးကို လာကြည့်တာ မဟုတ် လား"

ဇော်မိုးသည် ဒီကောင်သိနေသဖြင့် ရုတ်တရက် မိသည်မှာ သူ့သဘောကျနေသော မြတ်ကျေးညိုရဲ့ အ လား မောင်လားဟူသည့်အတွေးပင်၊ အဲဒါဆိုလျှင် သူ ပန်ရဖို့ပဲရှိတော့သည်။





"ငါ...မြတ်ကျေးညိုကို သဘောကျနေတာ ကြာပြီ ဒါကြောင့် လာလာစောင့်ကြည့်နေတာပါ၊ မင်းက သူနဲ့ဘာတော်လို့လဲ"

"ဘာတော်တော့ မင်းနဲ့ဘာဆိုင်လဲ၊ လာမ ကြည့်နဲ့ကွ၊ ကြည့်ခွင့်မရှိဘူး"

"ဟ..ဘာတော်သလဲဆိုတာ ငါက မသိဘဲနဲ့ မင်းကအသလွတ်ကြီး မကြည့်နဲ့လို့ အမိန့်ပေးတာ ကို လိုက်နာလိုက်ရင် ငါက ငနုံငအပေါ့ကွ၊ ငါက သူများကို အကြောက်ကြီးပြီး သူများအလကားနေ ရင်းအမိန့်ပေးတဲ့စကားကို နားထောင်တဲ့ ငပေါ ကြီးမဟုတ်ဘူးကွ၊ အဲဒီလို လုံးဝအဖြစ်မခံဘူး ဟေ့ကောင်၊ မင်းပါးစပ်က မင်းနဲ့သူ ဘာဆိုင်သ လဲ၊ ဘာပတ်သက်သလဲ ပြော..."

"ဘာကွ...မင်း ကများ မာရေကြောနေနဲ့ မှတ်ထားကွ ညိုက ငါ့ချစ်သူကွ၊ ငါ့ရည်းစားကွ၊ ဖတ်စ်ရီးယားထဲက ညို့ကို ငါပိုင်ထားတာကွ"

ဇော်မိုးသည် မထင်မှတ်ထားသည်ကိုကြားလိုက် ရတော့ ဖြုံသွားပါသည်။ သို့ပေမယ့် သူ သဘောကျနေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏ အစ်ကို တွေမောင်တွေမဟုတ်ဘဲ ရည်းစား ဖြစ်နေသည်မို့ သူ့စိတ်ထဲတွင် မကျေနပ်လှသဖြင့် တမင်ပင် ဘုပြန်ပြောလိုက်လေသည်။

"ဟားဟားဟား....ရည်းစားပဲဖြစ်ရုံရှိသေး တယ်၊ ပိုင်ပြီလို့ မပြောစမ်းပါနဲ့ကွာ၊ သူ့ဘာသာ ရည်းစားရှိတာ သူက ခုထိ လွတ်လပ်တဲ့ အပျို တစ်ယောက်ပဲ ငါကလဲလွတ်လပ်တဲ့ လူပျိုတစ် ယောက်ပဲ ကြိုက်ခွင့်ရှိတယ်၊ မင်းကသူ့ကို မပိုင် သေးပါဘူးကွာ၊ အဲဒီလိုအသားလွှတ်..."

"ဟာကွာ...ပြောဦးကွာ...ပြောဦးကွာ"

ဆိုင်းဆိုင်သည် စိတ်မြန်လက်မြန်ရှိလှစွာပင် ဇော်မိုး ၏ အင်္ကျီကော်လာစကို လက်တစ်ဖက်ဖြင့် ဆွဲယူဆုပ်ကိုင် ကျန်လက်တစ်ဖက်၏ လက်သီးကတော့ ဇော်မိုး၏မေးရိုးကို ချိန်ခနဲ အသံမြည်အောင် ထိုးပြီးနေလေသည်။

ညိုသည် အဖြစ်အပျက်ကို မြင်မြင်ချင်း အတန်းထဲ တင် ဆရာရှိသည်ကိုပင် မေ့လျော့ပြီး ချက်ချင်းပင် အတန်း ထဲက ပြေးထွက်လာမိတော့၏။ ဆရာအပါအဝင် အတန်းထဲ ကကျောင်းသားတွေသည်လည်း အခန်းအပြင်ကရန်ပွဲကို စိတ်

BURMESE CLASSIC .com



ဝင်စားနေသည်ဖြစ်ရာ ညိုလဲ ပြေးထွက်သွားရာ အားလုံး စိတ်ဝင်တစားကြည့်ရှုနေ ကြတော့သည်။

ညို့နောက်မှ စိုးစိုးကပါ အပြေးပါလာခဲ့သည်။ ညို သူတို့နားရောက်ချိန်တွင် သူတို့တစ်ယောက်တစ်ချက်စီ အပြန် အလှန်ပင် ထိုးကြိတ်ပြီးနေတော့လေသည်။

"ဆိုင်းဆိုင်...တော်တော့...ရန်မဖြစ်နဲ့တော့ လေ"

ဆိုင်းဆိုင်သည် ဇော်မိုးကိုပြေးပြီး ထိုးဖို့အတွက် ပြန် ပြင်ဆင်နေချိန်တွင် ညိုသည် သူတို့ကြားဝင်ရပ်ပြီး အော်လိုက် သည်။

"ညို...ဖယ်စမ်း...ဒီကောင့်ကို ကိုယ်မှတ် လောက်အောင် ပညာပေးမလို့ကွ၊ ညိုနဲ့မဆိုင်ဘူး ....ဖယ်"

"မဖယ်ဘူး...၊ ရှင် အဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်နေလို့ လာတားတာသိလား၊ ကျောင်း ထဲမှာ ဒီလို ဗရမ်းဗတာရန်ဖြစ်ရတယ်လို့ ဆိုင်း ဆိုင်ရယ်"

ညိုသည် လူတွေရှေ့လည်းမရှက်နိုင်။ ကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သောမျက်လုံးပေါင်းများစွာတို့ကိုလည်း ဂရုမစိုက်နိုင်။

ဆိုင်းဆိုင်၏ လက်မောင်းတစ်ဘက်ကို ညိုလက်တွေနဲ့ အတင်းဆွဲထားတော့သည်။ တစ်ဖက်က ဇော်မိုးသည် ...ဟာ ဒီနေရာမှာရှုံးသွားပြီမှန်း သိပေမယ့် ယောကျ်ားလေး ပီပီ သူက ကိုယ့်ကို တစ်ချက်ထိုးလျှင် ပြန်ထိုးချင်၍သာ ထိုးလိုက်ရတာဖြစ်ပြီး၊ သူများရဲ့ ကျောင်းထဲရန်မဖြစ်ချင်သဖြင့် ဆိုင်းဆိုင်က လာမထိုးတော့လျှင် သူလဲမထိုးပဲ သူ့နှုတ်ခမ်းထောင့်က သွေးတွေကို အသာစမ်းရင်း ရပ်နေလေသည်။

ထိုအချိန်တွင် အတန်းထဲက ဆရာထွက်လာတော့သည်။ ဆရာက ရန်ဖြစ်သော လူငယ်လေးနှစ်ယောက်ကို အသေအချာကြည့်လိုက်ရင်း....။

"ကဲ...ဘယ်လိုဖြစ်ကြတာလဲကွ"

ဟု တစ်ခွန်းမေးလိုက်သည်။

သူတို့ တစ်ယောက်မှမဖြေကြ။ အသီးသီးကိုယ့်နှုတ်ခမ်းထောင့်က သွေးစလေးတွေကို အသာတို့နေကြပြီး ငြိမ်နေလေသည်။

ဆရာကပဲ ဆက်ပြောပါသည်။



"ကျောင်းထဲမှာ အချင်းချင်း ထိုးဟယ်ကြိတ်ဟယ်နဲ့ ရန်ဖြစ်ကြတယ်ဆိုတာ ဘယ်လောက်အပြစ်ကြီးတယ်မှတ်လဲ၊ ဆရာ...မော်ကွန်းထိန်းရုံးခန်းကို မင်းတို့ကို ခေါ်သွားလို့ရတယ်၊ မင်းတို့ ဒီလိုဖြစ်တာဟာ ကျောင်းထုတ်ပစ်လို့လဲရတယ်"

ညိုသည် အထိတ်ထိတ်အပျာပျာဖြင့်...။

"ဆ...ဆရာ...အပြစ်မယူပါနဲ့ဆရာ၊ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ သူတို့အစားတောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ"

ပြောမိပြောရာဝင်၍ပြောလိုက်ပါသည်။

"ညည်းကလဲ နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းဆုံဖြစ်အောင် ချိန်းရသလား၊ အဲဒါကြောင့် ပြဿနာဖြစ်ရပြီ"

ညိုသည် ရှက်လွန်းသဖြင့် မျက်နှာတွေပင် နီမြန်းနေသွားပါသည်။ ကျောင်းသူကျောင်းသားတစ်ချို့၏ ရယ်သံ သဲ့သဲ့ကိုလည်း ကြားရ၏။

ဆိုင်းဆိုင်သည် ညို့ကို အပြောခံရတော့ ငြိမ်မနေနိုင်တော့...။

www.burmeseclassic.com



"မဟုတ်ဘူး…ဆရာ…ညိုက ကျွန်တော့်ကောင်မလေးပါ၊ ဟိုကောင်နဲ့ညိုဘာမှမဆိုင်ပါဘူး၊ ကျွန်တော့်ကောင်မလေးကိုဒီကောင် လာလာကြည့်နေတာမကျေနပ်လို့ ထိုးလိုက်တာပါ၊ ဟိုကောင်နဲ့ညိုက ဘာမှမဆိုင်ဘူး"

"ဟုတ်ပါတယ်ဆရာ…ဟုတ်ပါတယ်၊ ကျွန်မသူ့ကိုမသိပါဘူး၊ သူကသာ ကျွန်မနဲ့ ဆိုင်တာပါဆရာ၊ ကျွန်မကို အထင်မလွဲပါနဲ့"

ဆရာက ဒီတော့မှ အားနာသလိုမျက်လုံးတွေဖြင့်ကြည့်ပြီး တစ်ဘက်မှ ဇော်မိုးကိုလှမ်းမေးသည်။

"ဟေ့ကောင် သူတို့ပြောတာဟုတ်သလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး…ဒါဖြင့်လဲ မင်းတို့ပြဿနာက ရှင်းနေပြီပဲ၊ မင်းလဲ လာနှောင့်ယှက်မနေနဲ့တော့ ဟုတ်လား၊ ဒါနဲ့မင်းတို့ဘယ်အတန်းကလဲ ပြောပါဦး၊ ငါမင်းတို့ကိုအပြစ်ပေးမလို့မဟုတ်ပါဘူး၊ သိထားရအောင်မေးကြည့်တာပါ၊ ဆရာကတပည့်တစ်ယောက်ရဲ့ အနာဂတ်ကို ဘာမဟုတ်တဲ့အကြောင်း





ရန်စပြီး ထိုးတော့ ညိုက ရှင့်ကို စိတ်တိုပြီး ရန်ဖြစ်ချင်တာပေါ့၊ ညို့အမှားမဟုတ်ဘူး၊ ညိုမလွန်ဘူး"

"အလကားနေရင်း ရန်ဖြစ်တာ မဟုတ်ဘူးကွ၊ ဒီကောင့်ကို ကိုယ်ဆွဲထိုးချင်နေတာကြာပြီ၊ ကိုယ့်ချစ်သူကိုလာလာကြည့်နေတာ ဘယ်သူကသည်းခံနိုင်ပါ့မလဲကွ၊ ညိုက ကိုယ့်ဘက်တော့မပါဘူး"

"အံမယ်…ဘယ်လိုပြောတယ်၊ ဘာ··ရှင့်ဘက်မပါတာလဲ၊ ကျုပ်ဘယ်သူ့ဘက်ပါတယ်ဆိုတာ အားလုံးရှေ့မှာ ရပ်ပြပြီးပြီးပဲ၊ ညို့ကို ဟိုကောင်ဘက်ပါတယ်လို့မစွပ်စွဲချင်ပါနဲ့၊ ညို့စိတ်က ဘယ်တော့မှ မဖောက်ပြန်ဘူး"

"ဆောရီးကွာ…ညို့ကို ကိုယ်က အဲဒီ့သဘောပြောတာမဟုတ်ပါဘူး၊ ကိုယ်ကညို့ကိုချစ်လို့ပြဿနာဖြစ်သွားတာပါကွာ၊ ဒါကို ညိုက အပြစ်တင်တော့ ကိုယ်စိတ်မကောင်းဘူး"

"အပြစ်တင်စရာရှိတင်မှာပဲ၊ မှန်တဲ့အကြောင်းအရာလုပ်ရင်လဲ ညိုကချီးကျူးမှာပဲ၊ ညိုက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ကောင်းတာပဲဖြစ်ချင်တာယ်၊ မကောင်းတာ လုပ်တာကို ကောင်းတယ်ဆိုပြီး ဇွတ်မပြောတတ်ဘူး''

''ညို···ကိုယ့်ကိုချစ်လား''

ညိုသည် နေရင်းထိုင်ရင်း ခေါင်းစဉ်ပြောင်းပြီး ဒီလို မေးတော့ အံ့သြပြီး ဆိုင်းဆိုင်ကို လှည့်ကြည့်လိုက်မိပါသည်။

ထိုအခါ နှုတ်ခမ်းထောင့်တွင် သွေးစလေးတွေ ခြောက်သွေ့လျက်။ ညို့ကို မြတ်နိုးစွာ ငေးမောလျက် ပြုံးနေသည့် ဆိုင်းဆိုင်၏မျက်လုံးများနဲ့ဆုံရလျှင် ညိုသည် ချစ်သူ သ‹က်တမ်းဘယ်လောက်ပင်ကြာကြာ ရှက်စနိုးနဲ့ ခေါင်းငုံ့သွားရတော့သည်။

''ဖြေလေ··ညိုရဲ့··''

''ဟာ··ဘာဖြစ်လို့ထပ်လာမေးနေရတာလဲ၊ အဆန်းပါလား အဲဒါ···''

''ကိုယ့်အတွက်တော့ အမြဲ ဆန်းသစ်နေတာပဲ ညိုရယ်၊ ညိုက ကိုယ်ကို ချစ်တယ်လို့တစ်ခါပြောတိုင်း တစ်ခါရင်ခုန်ရတယ်''



ခြောာ··ဆိုင်းဆိုင်ရယ်···။

''ညို့ကိုသိပ်ချစ်တယ်ကွ၊ ကိုယ့်ဘဝမှာညိုက အဓိကပဲ၊ ညိုမရှိရင် မဖြစ်ဘူး၊ ညို ကိုယ့်ဘေးမှာမရှိတော့တဲ့နေ့မှာ ကိုယ်သေသွားနိုင်တယ်၊ ချစ်သူ‌ေသလို့ လိုက်သေတာမျိုးကိုပြောတာမဟုတ်ဘူး၊ ညိုမရှိရင် ကိုယ့်ဘဝကသေသွားမယ်လို့ ပြောတာပါ၊ ညို့ကို ကိုယ်က အဲဒီလောက်တောင်ချစ်တယ်''

''ညိုလဲ ဆိုင်းဆိုင်ကိုချစ်ပါတယ်၊ ချစ်လို့အရာရာတိုင်းမှာ လိုက်စိုးရိမ်ပူပန်နေတာပေါ့''

ဆိုင်းဆိုင်သည် ချစ်သူ၏ နဖူးဆံစပ်ကလေးကို ရှုပ်ကနဲ ငုံ့နမ်းလိုက်ပြီးတဲ့အခါ သူတို့ကြားက ပဋိပက္ခဟာ အဆုံးသတ်သွားခဲ့ပါတော့တယ်။

''ဩော်···ညို့ကို ကိုယ်ပြောပြစရာတွေ ရှိတယ်ကွ''

''အင်း···ဘာလဲ''

''မနေ့ကကွာ··ကိုယ်ကားတွယ်စီးလို့ ညိုအတိုင်ကောင်းလိုက်တာ အဖေနဲ့ကိုယ် အတိုက်အခံ

www.burmeseclassic.com

www.burmeseclassic.com



တွေပြောလိုက်ရတယ်"

"ဟင်···အဲဒါလဲ ရှင့်မျက်နှာက ပျော်နေသလို ကြီးပြောနေပါလား၊ ခါတိုင်းဆို ရှုပုပ်ပြီး စိတ်ဓာတ်ကျနေတဲ့မျက်နှာနဲ့ပြောတယ်၊ အခုဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲကွာ···အဖေက ကိုယ်လဲ စိတ်ရှုပ်ရှုပ်နဲ့ ကိုယ့်ကို ချုပ်··တာဟာ ဘာဖြစ်တယ်ညာဖြစ်တယ်ပေါ့ကွာ၊ ကိုယ်စိတ်မပျော်ဘူးပေါ့၊ စိတ်ကျဉ်းကျပ်တယ်ပေါ့ကွာ။ အဲဒီတော့ ခိုးလုပ်ချင်စိတ်တွေဖြစ်လာတယ်ပေါ့···အဲဒါမျိုးတွေကွာ၊ ကိုယ်လဲအပြည့်အစုံမမှတ်မိတော့ဘူး၊ လျှောက်ပြောမိတယ်"

မြတ်ကျေးညိုသည်ကား ချစ်သူပြောမှုကို တမေ့တမောပင် ငေးမောမော့ကြည့်နားထောင်နေပါသည်။ ညိုရယ် ညို့ရဲ့ အဲဒီမျက်လုံးနဲ့ကြည့်ပြီး အဲဒီလို နားထောင်တတ်တဲ့ အမူအရာလေးတွေကို ကိုယ်သိပ်ချစ်ရတယ်။

"အဲဒီမှာကွာ အဖေက ကိုယ့်ကို ဘာစိတ်ကူးပေါက်တယ်မသိပါဘူး၊ အခွင့်အရေးတွေ





တောင်းခိုင်းတော့တာပဲ၊ ကိုယ်လိုချင်တာတွေပြောတဲ့···"

"ဟုတ်လား···"

"အစတော့ကိုယ်လဲ ဘယ်ယုံမလဲ၊ ကိုယ်တစ်သက်လုံး ဘာလုပ်ချင်ချင် ပေးမှမလုပ်တာကွာ ဖေဖေပြောတာ သိပ်မယုံပါဘူး၊ ဒါပေမယ့် သူက စိတ်တိုတယ်ကွ၊ ကိုယ်က ကိုယ် လိုချင်တဲ့အကြောင်းအရာတွေမပြောဘူးဆိုရင် ကျောင်းထုတ်မယ် ဘာညာကွာ ထအော်တော့တာပဲ"

"ဟယ်တော့်···အန်ကယ်လ်ကလဲ"

"ဟဲဟဲ···အဲဒါကွာ···ကိုယ်လဲ လန့်လန့်နဲ့ ··ခေါင်းထဲမှာ ရှိသမျှလေးတွေ ပြောချလိုက်တာပေါ့"

"ဘာလဲဟင်···"

"မနက်ကျရင်ကွာ ခန့်မိုးတို့နဲ့လက်ဖက်ရည်ဆိုင်သွားထိုင်ချင်တယ်ပေါ့"

"အဲဒီတော့···"

"မေမေကကွာ သူကျွေးတာ အရင်စားပါ··



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးမှ သွားတဲ့၊ အဲဒါနဲ့ ကိုယ်လဲ လက်ဖက်ရည်ဆိုင်ထိုင်ခွင့်ရရင် ပြီးရောဆိုပြီး လက်ခံလိုက်ရတယ်''

ညိုက ချစ်သူ၏အဖြစ်သနစ်ကို ပြုံးစေ့စေ့ဖြစ်ချင်လာသည်။

''နောက်တစ်ခုကကော...''

''အံမယ်...နောက်တစ်ခုရှိသေးလား''

''ရှိတယ်ကွ၊ နောက်တစ်ခုက ညဆို ကိုယ့်ကို ကိုးနာရီဆိုအတင်းမအိပ်နိုင်းပါနဲ့ဆိုတာလေ''

''အံမယ်..ဘယ်ဆိုးလို့လဲ ဆိုင်းဆိုင်ကအဲဒါကိုပြောဖို့ သတိရသားပဲ၊ ညိုလဲကလေးတစ်ယောက်လို ကိုယ့်ကိုညဘက်ကိုးနာရီထိုးတာနဲ့ အတင်း အိပ်ခိုင်းတာကို သိပ်သဘောမကျဘူးဖြစ်နေတယ်''

''အေးကွာ...ကိုယ်လဲ အဲဒါကို ပြောတော့ အဖေက ည ဆယ့်တစ်နာရီဆိုရင်တော့ အိပ်ရမယ်လို့ အချိန်ပြောင်းပေးပြန်ရောကွာ''

''သြော်...ဖြစ်ရလေ..ကြံကြံဖန်ဖန်နော်၊ တစ်ခါတည်းခွင့်ပြုရင်ရသားနဲ့ အချိန်ကလဲ သတ်မှတ်





သေးတယ်...မလွယ်ပါလား''

''ဟုတ်တယ်၊ မအီမလည်ကြီးနဲ့ရတဲ့အခွင့်အရေးအသစ်တွေကွ''

''ဒါပဲလား...''

''မဟုတ်ဘူး..နောက်ဆုံးတစ်ခုကကွာ ကိုယ်တော်တော်အရဲစွန့်ပြီး တောင်းရတာပဲသိလား''

ဆိုင်းဆိုင်သည် သူပြောသမျှ တမော့မော့နဲ့ စိတ်ဝင်တစားနားထောင်နေသော ညို့နှာသီးဖျားကို ချစ်စနိုးနဲ့ တစ်ချက်လိမ်ဆွဲလိုက်ပြီး...။

''ကိုယ်ကားမောင်းချင်တယ်လို့ပြောလိုက်တယ်''

''အဲဒါတော့ စတန့်ထွင်ချင်တာပါ...''

''စတန့်မထွင်ပါဘူးကွာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကိုယ့်အိမ်မှာလဲ ကားရှိလျက်နဲ့ မမောင်းတတ်တော့ အသုံးမကျသလို ခံစားရတယ်ကွ၊ အဲဒါကြောင့် ဖေဖေ့ကို ပြောလိုက်တာပါ''

''အန်ကယ်လ်ကခွင့်ပြုလား...''

''ခွင့်တော့ခွင့်ပြုတယ်''



www.burmeseclassic.com

www.burmeseclassic.com





"ဩော်..."

"ဒါပေမယ့် ထုံးစံအတိုင်း မအီမလည်ကြီးပါပဲ ညီရှာ၊ ကိုယ်ကားမောင်းဘယ်လောက်ပဲတတ်တတ် အခုကိုယ့်ကို ကားမောင်းပို့တဲ့ ဒရိုင်ဘာကြီးက ကိုယ့်ဘေးမှာ အစောင့်အရှောက်အနေနဲ့ နေနိုင်းမှာပဲတဲ့၊ ဟားဟားဟား...ကိုယ့်ဖေဖေကလေ တော်တော့်ကို ကြံဖန်ပြီးချုပ်ချယ်ချင်တာသိလား ညီရှယ်၊ ကိုယ် ရတဲ့အခွင့်အရေးတွေက တစ်မျိုးကြီးလိုခံစားရတယ်၊ မအီမလည်အူတူတူကြီးကွ၊ အဲဒါကြောင့် ညီ့ကို အရမ်းပြောပြချင့်ပြီး အတန်းတောင်သွားမတက်သေးပဲ ဒီကိုတန်းလာမိတယ်"

မြတ်ကျေးညိုသည် ချစ်သူနဲ့အတူရောယောင်ရ[...] လိုက်မိပြီး ချစ်သူ၏အဖြစ်သနစ်တွေကို ဘယ်လိုဝင်အ[...] ပေးရမှန်းပင်မသိတော့ချေ။



( ၈ )

ဆိုင်းဆိုင်ကားမောင်းသင်သောအခါ ညိုက ရက်တိုင်း ိုလို လိုက်ရပါသည်။ ဆိုင်းဆိုင်ကို သူ့ကားအား မောင်း း‌သည့်ဒရိုင်ဘာကြီးကပင် ကားမောင်းပြန်သင်ပေးတာ ဖြစ် ည်။

ညိုကတော့ ချစ်သူ၏ ယခုမှ ခံစားခွင့်ရသော အခွင့် ရေးအသစ်၊ အတွေ့အကြုံအသစ်ကို အားပေးလို၍ နောက် လိုက်ပေးရခြင်းပဲဖြစ်သည်။

ဆိုင်းဆိုင်ကိုယ်တိုင်ကလည်း....။



www.burmeseclassic.com

www.burmeseclassic.com



"ညို…ဒီညနေ ကားမောင်းသင်ရင် ညိုလိုက်ဦးနော်၊ ကိုယ်က အခုမှ စပြီးမောင်းသင်တာပေမယ့် ကိုယ့်ဘာသာ စတီယာရင်ကိုင် ကိုယ့်ဘာသာ လီဗာနင်းပြီးမောင်းခွင့်ရတဲ့ကားကို ညိုကလဲ လိုက်စီးရတယ်ဆိုပြီး ပျော်တယ်ကွ၊ ညို ကိုယ့်နောက်မှာပါတဲ့နေ့ဆိုရင် ကားမောင်းရတာပိုပြီး အတတ်မြန်သလိုပဲ ခံစားရတယ်"

လို့ အမြဲတဖွဖွမှာတတ်သည်။

ညိုကိုယ်တိုင်ကလည်း အမြစ်သည်းသည်ပဲ ပြော၊ ချစ်သူက ဒီလိုမှ စိတ်ချမ်းသာမည်လို့သိလိုက်တာ လိုက်လျောပေးလိုတဲ့ဆန္ဒက အပြည့်ပင်။

ဆိုင်းဆိုင်ကားမောင်းသင်ပြီး ပြန်လျှင် ညို့ကို ညို့ မှာဝင်ချပေးခဲ့ရသည်။

ညို့မိသားစုတွေက ဆိုင်းဆိုင်၏ ပုံစံကို တ ပြောနဲ့ ရယ်စရာဖြစ်နေတော့၏။

"ဒီကောင်ကွာ…ကလေးလိုပဲ…လူကြီးမိဘတွေက မကစားနဲ့ဆိုတဲ့အရုပ်ကို အခုမှကစားခွင့်ရတဲ့ ပုံပေါက်နေတယ်"





လို့ ဖေဖေက ဝေဖန်တတ်သည်။

"သူ့ခမျာ ကားမောင်းသင်နေရတာနဲ့ ငါ့သမီးကိုတောင် ညည သရဲလုပ်ပြီး ဖုန်းထဲကနေ မခြောက်အားတော့ဘူး၊ ကောင်းတာပေါ့၊ ညိုတို့ အလကားနေရင်း ကြံဖန်ကြောက်စရာတစ်ခုလျော့သွားပြီပေါ့လေ"

ဟူ၍ မေမေက ကြံဖန်ပြီး ပြောတတ်သည်။ မြတ်သျှးညို၏ အစ်ကိုကြီးကတော့…

"ဒီကောင်မဆိုးဘူးပဲ၊ သင်တာရက်ပိုင်းပဲရှိသေးတယ်၊တော်တော့်ကို ဟုတ်သွားပြီ၊ အေးပေါ့လေ၊ သူကခမျာသိပ်မောင်းတတ်ချင်တဲ့ စိတ်ကပြင်းထန်နေတော့ အလွယ်တကူမောင်းတတ်သွားတာပဲ၊ ငါကတော့ ဒါကိုသဘောကျတယ်ကွ၊ဘယ့်နှယ့်ကွာ…ထားပါတော့အိမ်မှာ ကိုယ့်မိန်းမ တစ်စုံတစ်ခုဖြစ်လို့မှ ကိုယ်ကိုယ်တိုင် ကားမောင်းပြီး မပို့နိုင်ရင် ဘယ်ဖြစ်မလဲ၊ ညကြီးအချိန်မတော်ဖြစ်ရင် ဒရိုင်ဘာလဲဘယ်အသင့်ရှိမလဲ၊ ကိုယ်တိုင်ကားမောင်းတတ်ထားရင် ကောင်းပါတယ် ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီမလေးကို ဒီကောင့်လက်ထဲစိတ်ချလက်ချ ထည့်နိုင်မယ်''

ထိုအခါ မြတ်ကျေးညိုသည် အရှက်သည်းပြီး အစ်ကိုဖြစ်သူကို နှုတ်ခမ်းစူထော်စိတ်လုပ်ကာ....။

''ကိုကြီးနော်...ဘယ်လိုဖြစ်လို့ အဲဒါတွေ လျှောက်ပြောနေတာလဲ၊ညီုတို့ကဖြင့် ဘာမှမဟုတ်ပဲနဲ့''

''အံမယ်လေးဟာ..တစ်နေ့ လက်ထပ်ရမယ်ဆိုတာ သိသားနဲ့ အပိုတွေ ဟန်လုပ်နေတယ်၊ ကျောင်းလဲ ဒီနှစ်ဆို ပြီးပြီ၊ ဟိုကောင်က နေမလား၊ သူ့မိဘကို ပူဆာပြီး ငါ့ညီမကို လာတောင်းတော့မှာပေါ့၊ ဟုတ်တယ်မဟုတ်လား ဖေဖေနဲ့မေမေ''

''သားကြီးရယ်...ညီမလေးကို ဘာလို့ နောက်နေရတာလဲ၊ တစ်နေ့ဖြစ်လာမှပြောကွယ်၊ ကြိုပြီး လျှောက်ပြောမနေနဲ့ မေမေမကြိုက်ဘူး၊ မင်းကလေ...ဘယ်လိုအစ်ကိုလဲကွယ်၊ ကိုယ့်ညီမကိုယ်တိုရမှန်းလဲမသိဘူး''

အစ်ကိုကြီးက ပြုံးစေ့စေ့နဲ့ ငြိမ်သွားလျှင် ညီုက



သားစုအလယ်မှ ထွက်လာပြီး အခန်းထဲဝင်သွားခဲ့သည်။

ဝင်သာဝင်လာရတယ်၊ ညို နည်းနည်းတော့ကြောက်သည်။ ညိုတို့နဲ့ တစ်အိမ်ကျော်တွင် အသုဘ ရှိသဖြင့် ညိုက ကိုယ်နဲ့လဲ ဘာမှမဆိုင်ပဲနဲ့ ကြောက်နေတာဖြစ်သည်။

အမှန်ဆို ညိုမိသားစုအလယ်က ၎င်းထွက်ပြီး တစ်ယောက်တည်းမနေလို၊ ခုလို အသုဘရှိနေသော အချိန်ဆို ညိုက ဖေဖေနဲ့မေမေ့အခန်းထဲ ဝင်အိပ်တာများသည်။

ဒီနေ့တော့ အစ်ကိုကြီးနောက်တာနဲ့ ညိုလဲရှက်ပြီး မိဝင်ရာဝင်လာတာမို့ ညို့အခန်းထဲမှာ တစ်ယောက်တည်း။

မြတ်ကျေးညိုသည် အဝတ်အစားအမြန်လဲနေစဉ်မှာ ခပ်ဝေးဝေးဆီမှ ခွေးအူသံသဲ့သဲ့ကို စပြီးကြားရတော့ လိုလိုနေရင်းပင် ကြက်သီးထသွားသည်။

ရုစ်တန်းတုန်းက ဆိုင်းဆိုင်ခြောက်ဖူးကာကိုသွားသတိပြန်သည်။

''ခွေးတွေက မကောင်းဆိုးဝါးတွေမြင်ရင် သူတို့လဲ ကြောက်ပြီးအူတယ်''

ဆိုတာကို စိတ်ထဲစွဲနေရာ အခုအသက်အရွယ်ထိပင် ကား ကြောက်လို့ကောင်းတုန်း။ ဘုရား...ဘုရား...ဟို

www.burmeseclassic.com

www.burmeseclassic.com



ဘက်အိမ်က သေတဲ့ လူရဲ့ ဝိညာဉ်များလာသလား။

အဲဒီလူကို ညိုလဲမြင်ဖူးတွေ့ဖူးသည်။

သူကလဲညိုတို့မိသားစုကိုသိသည်။ အရင်းနှီးကြီး မဟုတ်ပေမယ့် လမ်းတွေ့လျှင် ပြုံးပြနှုတ်ဆက်တာမျိုး ရှိသည်။ အင်းသူကများ မတော် မျက်စိလည်ပြီး ဒီဘက်အိမ်တွေကိုရောက်လာမလား။

ညိုသည် ပြတင်းပေါက်ပိတ်မထားမိပြန်ရာ ထိုပြတင်းပေါက်ဆီသွားပြီး အပြင်ကို လက်ထုတ်၍ တံခါးပိတ်ရမှာ ကြောက်ပြန်သည်။

ခွေးသည် ဆက်တိုက်ပင် တောက်လျှောက် အူလာလေရာ အဲဒီတစ်အိမ်ကျော်မှာ တန့်ကနဲ ရပ်တန့်သွားလျှင် ညိုသည်ကား ကြက်သီးမွေးညင်းတွေ ထောင်ထနေအောင် ထိတ်လန့်လျက် အခန်းထဲက ပြေးထွက်လာမိတော့၏။

"ဟဲ့...ဘာဖြစ်တာလဲ"

"ခွေးအူတယ်...ဖေဖေ"

"ခွေးအူတာများသမီးရယ်"

"ညိုကြောက်တယ်၊ ဟိုတစ်အိမ်ကျော်မှာ အသုဘရှိလို့ အူတာသိလား အဲဒီနားရောက်တော့ ရပ်သွားတယ်"



"သမီးရယ် အသက်လဲကြီးလှပြီ...ဒါတွေကြောက်တုန်းပဲ...ငါ့သမီးကို ဘယ်လိုတရားချရမှန်းတောင်မသိဘူး"

"အဲဒါ..ညို..ဒီနေ့ဖေဖေမေမေနဲ့အတူတူ အိပ်မယ်နော်"

"တစ်ပတ်မှာ လေးရက်လောက်ကြုံဖန်တွေးကြောက်ပြီး မိဘတွေကြားဝင်ဝင်အိပ်နေတဲ့ အလုပ်ကြီးကတော့ ခုထိထမ်းဆောင်တုန်းပဲဟေ့"

အစ်ကိုကြီးက ညို့ခေါင်းကိုပုတ်ရင်း နောက်လျှင် ဒီတစ်ခါတော့ ညို့ကိုအားလုံးကဝိုင်းရယ်ကြလေသည်။ ညိုကတော့ ဒီတစ်ခါကို စိတ်ဆိုးစိတ်ကောက်မနေအား...။

အင်း...ညကျရင် ဆိုင်းဆိုင်က ခုတစ်လောမှာ စိတ်ကောင်းပြီး အေးအေးလူလူပဲ ဖုန်းနဲ့ စကားပြောပြောနေတာ။ ညို့ကိုလည်းမခြောက်တော့တာကြာပြီ။

ညကျ သူ ဖုန်းခေါ်ရင် ညို ဘယ်လိုလုပ်ထပြီး စကားသွားပြောရမလဲ။ညိုကဒီမှာ ကြောက်စရာတစ်ခုကို ခေါင်းထဲမှာစဉ်းစားမိပြီး ကြောက်နေပြီဆိုတာ သူတော့သိ

www.burmeseclassic.com

www.burmeseclassic.com



သေး။

ဖုန်းခေါ်ချင်သလောက် ခေါ်ပါစေ။ ဖုန်းပလပ်တွေ အကုန်ဖြုတ်ထားမယ်။ မနက်ကျတော့ ကျောင်းရောက်မှပဲ အကြောင်းစုံကြည့်ရှင်းရတော့မယ်။

မြတ်ကျေးညိုသည်ကား ညှိမျှပင် ကြောက်စရာမရှိကြံဖန်ကြောက်ပြီး ချစ်သူနဲ့ ညဘက်တွေမှာ ဖုန်းပြောရင်း ကြည်နူးရခြင်းကိုတောင် စွန့်လွှတ်မိသတဲ့။

မနက်ကျတော့ ညို ကိုယ်ကလေးနည်းနည်းနွေးနေသည်။ ခေါင်းလဲအုံနေသည်။ ညိုက မေမေ့ကို...။

"မေမေ..ညိုဖျားချင်လားမသိဘူး၊ ကိုယ်နွေးပြီး ခေါင်းအုံနေတယ်၊ နှာရည်တွေလဲယိုတယ်"

"ဟားဟားဟား...ကြောက်ဖျားဖျားပြန်ပလား ငါ့ညီမရေ..."

"ဟယ်..သားကြီးကလဲ ညီမလေးကိုကွယ်





မစပါနဲ့၊ မတော်တဆဖျားနာတာပါ၊ ညက သမီး ဆိုင်းဆိုင်ကားမောင်းသင်တော့ လေတိုးခံပြီး ကား လိုက်စီးတယ်မဟုတ်လား၊ ပြန်လာတော့ ရေကလဲ ချိုးလိုက်သေးတယ်၊ ဖျားတော့မှာပေါ့"

"ဒီနေ့ ပရက်တီကယ်ပဲသွားလုပ်ပြီးရင် အိမ် ပြန်မယ်၊ အဲဒါ မနက်ပိုင်းကို ကိုကြီးတစ်ခါတည်း ထိုင်စောင့်နေလိုက်ပါလား"

"ညီမလေး...ငါဒီနေ့ ငါ့ရုံးခန်းကို လူကြီး လာမှာမို့ အချိန်ပြည့်ရှိရမယ်တဲ့၊ နင့်ကိုလိုက်ပို့ပြီး တာနဲ့ ရုံးတန်းပြေးရမယ်"

အစ်ကိုကြီးက ကုမ္ပဏီလခစား ရာထူးကောင်းတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်ရာ ညိုသည် သူမကို အစ်ကိုကြီး မစောင့်နိုင်တဲ့အတွက် စိတ်မကောက်ပါ။

"ဖေဖေလဲ မအားဘူး သမီးလေး..၊ ဖေဖေ့ ကုမ္ပဏီကလဲ စက်ပစ္စည်းသည်ကို လေဆိပ် မှာ သွားကြိုပေးရမယ်လို့ တာဝန်ပေးထားတယ်"

"အင်း...ဒါဆိုလဲ ညိုဘာသာပဲ ကားငှားပြီး ပြန်လာလိုက်မယ်၊ ရပါတယ်..ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းဆိုင်ကားကို ယူသုံးစရာရှိလဲသုံးလိုက်ပါလားသမီးရဲ့"

"ဩော်..မေမေကလဲ...မသုံးချင်ပါဘူး ကိုယ်ကဘာမှလဲမဆိုင်သေးပဲနဲ့၊ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတစ်ခုအတွက် သုံးလိုက်ရတာမျိုး စိတ်မသန့်ဘူး၊ ပြီးတော့ မတ္တာပ်တိုင်တက်ပြတယ်လဲ ထင်မှာစိုးရိမ်တယ်"

"အေးလေ အဲဒါလဲဟုတ်ပါတယ်၊ ဆိုင်းဆိုင်ကိုလည်း မေမေတို့က လက်ခံသလို သမီးကိုလည်း ဟိုဘက်မိဘကလက်ခံတာပေမယ့် လူကြီးချင်းကျတော့ တစ်ခါမှသေသေချာချာကို သမီးတို့အကြောင်းနဲ့ဆက်စပ်ပြီးတွေ့ပြီးမပြောဖူးသေးတော့ တစ်မျိုးပေါ့"

"ကဲပါ..မေမေ..အဲဒီကိစ္စထားလိုက်ပါသို့ တစ်ခါတလေတွေလည်း ဖေဖေနဲ့ ကိုကြီးမအားရင် ကားငှားပြီး ပြန်ရင်ပြန်၊ ဒါမှမဟုတ် စိုးစိုးကားကြုံနဲ့ ပြန်တာလဲရှိတာပဲ၊ စိတ်မပူပါနဲ့၊ တကယ်လို့ ဆိုင်းဆိုင်ကပါ သမီးအိမ်ပြန်လို့ သူပါလိုက်ပြန်ချင်





တယ်ဆိုရင်လဲ အဲဒီကျတော့ အတူတူပြန်နေကျအတိုင်း ပြန်လို့ရပါတယ်၊ သမီးက တကူးတကကြီးသာလိုက်မပို့နိုင်းတာပါ၊ လမ်းကြုံရင်တော့ ဆိုင်းဆိုင်ရဲ့ကားလဲစီးတာပါပဲ"

ညိုသည် ခေါင်းတအုံ့အုံ့၊ နှာလေးတချေချေ၊ ချမ်းစိမ့်စိမ့်နဲ့ ကျောင်းကို အနွေးထည်ပါးလေးဝတ်ကာ ရောက်လာခဲ့သည်။

ကျောင်းရောက်တော့ ပရက်တီကယ်ခန်းထဲတန်းပြီးဝင်ရသဖြင့် ဆိုင်းဆိုင်နဲ့ပင်မတွေ့ဖြစ်။ သူရောက်နေပြီလားမရောက်သေးဘူးလားပင်မသိ။

ပရက်တီကယ်ပြီးတော့ ညိုသည် ကိုယ်တွေပိုပြီးပူလာသလိုခံစားရသဖြင့် ဆိုင်းဆိုင်ကို သူရှိတတ်သောနေရာတွေလောက်သာလိုက်ရှာကြည့်သည်။

သူ့ကိုတော့မတွေ့။ သူ့ကားနဲ့ ဒရိုင်ဘာကြီးကတော့ သစ်ပင်အောက်တွင်တွေ့ရ၏။ညိုသည် ထိုကားဒရိုင်ဘာကြီးထံသွားလိုက်ပြီး...။

"ဦးလေးကြီး...ဆိုင်းဆိုင်ရော၊ ဘယ်သွားလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အတန်းတက်နေတယ်..သမီးလေး"

"ဩော်..အဲဒါဆို..သူ့ကိုတွေ့ရင်ပြောလိုက်ပါနော်၊ ညို အိမ်ပြန်သွားပြီလို့"

"အေးကွယ်..အေး..စိတ်ချ...ပြောလိုက်မယ်"

"တကယ်လို့ ညနေ သူကားမောင်းသင်ဖို့သွားရင် ညိုလိုက်ဖြစ်မှာမဟုတ်ဘူးဆိုတာလဲ ပြောပေးပါ"

"ဟုတ်ပြီ..ဦးလေး အကုန်ပြန်ပြောလိုက်ပါ့မယ် သမီး"

"ဒါဆို...ညိုသွားပြီနော်"

ဒရိုင်ဘာကြီးက ညိုဘာကြောင့်ပြန်သည်ရယ်လို့ သိပ်မစပ်စုသည်မို့ ညိုသည်မှာစရာရှိတာမှာပြီးလျှင် ကျောင်းဝင်းအပြင်ထွက်ကာ ကားငှားလိုက်သည်။

ကားငှားပြီးနောက် ကားနောက်ခန်းတွင် ညိုသည် အေးအေးဆေးဆေးဝင်ထိုင်ပြီး အိမ်ပြန်လာလျှင် မမျှော်လင့်ပဲ တွေ့လိုက်ရပြန်သည်မှာ ဒတ်ဆန်းကားနောက်မြီးကို တွယ်ခိုနေသော ဆိုင်းဆိုင်၊ ခန့်မျိုးနဲ့ သူရအောင်တို့သုံးယောက်ပင် ဖြစ်လေသည်။



ဒီတစ်ခါ သူတို့တွယ်စီးနေသော ကားမှာချောင်ချောင်ချိချိလည်းမဟုတ်။ အတော့်ကိုကျပ်ညပ်နေလျက် လက်တစ်နေရာစာကိုင်ထားရဖို့ကိုတောင် မနည်းကြိုးစားထားရသလို ခြေနင်းခုံတစ်နေရာစာကို ခြေချခွင့်ရဖို့လဲ မနည်းကြိုးကျော် တွယ်ထားရတဲ့ပုံစံမျိုးဖြစ်နေသည်။

ညိုသည် ဖျားလို့စိတ်ညစ်နေတဲ့အထဲ သူ့ကိုဒီပုံစံနဲ့ ထပ်ပြီးမြင်ရလျှင် လူကဒေါသဖြစ်လွန်း၍ မျက်ရည်တွေ ပင်ဝဲလာသည်။

ဟိုးတစ်လောလေးကမှ သိပ်မကြာသေးဘူး ဒီပြဿနာဖြစ်ပြီးတယ်၊ ခုတစ်ခါထပ်လုပ်ပြန်ပြီ။ သူဟာတော်တော့်ကိုခေါင်းမာတယ်။

ဒီအကြောင်းအရာနဲ့ပတ်သက်ရင် တော်တော့်ကို အပြောရကျပ်တာပဲ။ညိုသည် ကိုယ်ကဖျားနေတာပင် သတိမပြုအားတော့။ သူ့နောက်ကို မရမက လိုက်ခေါ်မည်ရယ်လို့စိတ်ကူးရလျှင်ရချင်း...

"ဒီမှာ..ဒီမှာ..ဦးလေး"

TAXI ဒရိုင်ဘာကို လှမ်းခေါ်လိုက်တော့၏။

"ဟေ..ဘာလဲ"

www.burmeseclassic.com

"ဟိုမှာ ဟိုရှေ့က ဓတ်ဆန်းတွေ့လား"

"အေး...ဘာဖြစ်လို့လဲ"

"အဲဒီ ဓတ်ဆန်းနောက်ကိုလိုက်ပေးပါ"

"ဘာလုပ်မလို့လဲ..တူမကြီးပဲ အိမ်ပြန်ဖို့ငှားတာလေကွယ်"

"အစကဟုတ်တယ်၊ အခုမဟုတ်တော့ဘူး"

"ဟော.."

"ဒီလိုပါ၊ အဲဒီဓတ်ဆန်းကားမှာ တွယ်စီးနေတဲ့ရှပ်အပြာကြားနဲ့ ဂျင်းအပြာရင့်ဝတ်ထားတဲ့ ကျောပိုးအိတ်အညိုနဲ့ကောင်လေးလေ ဦးလေး တွေ့လား"

ဆိုင်းဆိုင်က အရပ်လဲမြင့်မြင့်မားမား၊ အသားအရည်လည်း ဖြူစင်ကြည်လင်လှပြီး ရုပ်ရည်လဲ ထင်းနေအောင် ချောမောကာ မြင်သာထင်သာသူဖြစ်ရာ အငှားကားဒရိုင်ဘာကြီးက ချက်ချင်းမြင်သည်။

"အေး...အေး..တွေ့တယ်"

"အဲဒါ..သူက ကျွန်မနဲ့ အမျိုးတွေပါ၊ သူ့အိမ်က သူ့ကိုကားနဲ့ကျောင်းအကြိုအပို့လုပ်တာ



တောင် ပြောမရဘူး၊ အမြဲပဲလစ်ရင်လစ်သလို ကားတွယ်စီးတယ်၊ သူက အဲဒါကိုသိပ်ဝါသနာပါတယ်၊ သူ့အိမ်ကလဲအစိုးရိမ်ကြီးတော့ ကျွန်မကို အပ်ထားတာလေ၊ သူ အဲဒီလို ကားတွယ်စီးရင် ရအောင်ပြန်ခေါ်လာပေးပါ၊ မရရင် အိမ်ပြန်တိုင်ပါလို့ မှာထားလို့ပါ၊ အဲဒါ အခုမီရင် ကျွန်မ လိုက်ခေါ်ချင်လို့၊ ကူညီပါ ဦးလေး ကျွန်မကျသင့်သလောက် ပိုက်ဆံပေးပါ့မယ်"

"ဩော်..အေး...ဒီလိုလားကွယ်..ရပါတယ်၊ ကူညီရတာပေါ့၊ ဒီကောင်လေးကွယ်မကြီးမငယ်နဲ့၊ ကိုယ့် ကိုယ်ပိုင်ကားလဲ ရှိလျက်နဲ့ အသက်အန္တရာယ်များတာကိုမှ လုပ်ချင်တယ်"

ညိုကတော့ ဒရိုင်ဘာကြီးကို ကြည့်ကောင်းအောင် အမျိုးတော်တယ်လောက်သာပြောပြပြီး စိတ်ထဲမှာတော့ သူ့ကို ဘယ်လိုပြန်ခေါ်ရင်ကောင်းမလဲလို့စဉ်းစားနေပါသည်။

"ကားကလဲ အရမ်းကျပ်နေတယ်၊ လက်ကတစ်ဘက်တည်းတောင် မနည်းတွယ်ထားရတယ်၊ ဘုရား...ဘုရားပြုတ်ကျမှဖြင့် ကျွန်မရင်ပူလိုက်

www.burmeseclassic.com



တာရှင်''

''ဟုတ်ပါရဲ့...ကားက တော်တော့်ကိုကျပ်နေပြီ၊ ကိုယ်ပိုင်ကားမရှိလို့ တက္ကစီခလဲမတတ်နိုင်လို့ ဒီလိုကျပ်ညပ်နေတဲ့ ဘတ်(စ်)ကားကိုတွယ်စီးရရင်လဲ ထားပါတော့ကွယ်၊ အခုတော့ ဒီကောင်လေးနဲ့ယ် ကိုယ့်မှာလဲကားရှိလျက်နဲ့''

''သူက သိပ်စတန့်ထွင်ချင်တာ၊ ဦးလေးရဲ့ သူ့အိမ်ကလည်းတစ်ဦးတည်းသော သားဆိုတော့ ဖူးဖူးမှုတ်ထားတဲ့အထိ ချစ်တယ် ပိုးမွေးသလို မွေးတယ်၊ အဲဒါကို သူက တခြားဟာတွေတော့ မိဘပြောတာ လိုက်နာပါတယ်၊ အဲဒီလို ကား တွယ်စီးတာကျတော့ ငယ်ငယ်ရှစ်တန်း ကျောင်းသား ဘဝကတည်းကကိုပဲ၊ ဘယ်ကဘယ်လို ပိုးဝင်ပြီး ဝါသနာပါသွားမှန်းကို မသိဘူး''

''အေးပေါ့ကွယ်၊ ဘဝမှာ အေးအေးဆေးဆေးနေကြရတဲ့ လူတွေကျပြန်တော့ သူများတွေတပင်တပန်းလုပ်ရတာမျိုးကို လုပ်ကြည့်ချင်တယ်ထင်ပါရဲ့''



ညိုသည် လူကအဖျားတွေလဲ တရှိန်းရှိန်းတက်လာ...သလို ဆိုင်းဆိုင်ကတော့ လူတွေနဲ့ တိုးတိုးကြိတ်ကြိတ်ကား...ွယ်စီးရင်း ခန့်မျိုးနဲ့ သူရအောင်တို့နဲ့ သဘောတကျစကား...တွေပြောလိုက်၊ ရယ်လိုက်လုပ်နေတာကိုမြင်ရလျှင် ပိုပြီး...ဒေါသတွေဖြစ်လာတော့သည်။

ထိုအချိန်တွင် ကားသည် မှတ်တိုင်တစ်ခုတွင်ရပ်လျှင်...အထဲမှဆင်းမည့်သူတွေကို တွယ်စီးသူတွေက ခဏဆင်း၍...ယ်ပေးရတာနဲ့ကြုံလျှင် ကားဒရိုင်ဘာကြီးက အလိုက်တသိ...င် သူ့အငှားကားကို ရပ်ပစ်လိုက်ပြီး...။

''တူမကြီးခပ်မြန်မြန်လေးဆင်းပြီး သမီးရဲ့ကောင်ကလေးကို သွားဆွဲခေါ်လိုက်၊ အချိန်မီတယ်၊ အထဲကလူတွေအများကြီးဆင်းနေဦးမယ်၊ ဆင်းဆင်း သွားမြန်မြန်ခေါ်လိုက်''

''ဦးလေးပိုက်ဆံ''

''နေနေရတယ်၊ ဦးလေးမှတ်တိုင်နဲ့အလွန်တစ်နေရာမှာရပ်စောင့်ပြီးနေမယ်၊ ပြီးမှ မင်းတို့ဦးလေးဆီလာခဲ့လိုက်မင်းတို့မမြင်လဲ ဦးလေးက မင်းတို့ကို ကြည့်နေမယ့်သူဆိုတော့ မြင်မှာပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ…မြန်မြန်သွားချေ"

ညိုသည် ကားကို တံခါးမြန်မြန်ဖွင့် မြန်မြန်ဆင်းပြီး ဘယ်လိုကဘယ်လို မြန်ဆန်နေသည်မသိသော ခြေလှမ်းတွေဖြင့် ဒတ်ဆန်း ကားနံဘေးတွင် ခါးတစ်ဘက်ထောက်ရပ်နေသော ဆိုင်းဆိုင်နားကိုရောက်သွားတော့သည်။

"ဒီမှာ"

ညိုသည် ညို့ကိုတောင်မမြင်ဘဲ ကားတွယ်စီးဖို့အရေး အထဲကဆင်းနေသော လူတွေကို စိတ်မရှည်သလို လိုက်ကြည့်နေသည့်ဆိုင်းဆိုင်၏ ကျောကို တစ်ချက်ပိတ်ထုရင်း အော်လိုက်လေသည်။

"ဟာ…ညို"

"ညိုတွေဘာတွေလုပ်မနေနဲ့ ဆိုင်းဆိုင် အခုဒါဘာလုပ်ပြန်တာလဲဟင်…ခန့်မျိုး၊ သူရအောင်နင်တို့ကလဲ ကိုယ့်ဘာသာကားတွယ်စီးချင်ရင်စီးပါလားဟဲ့၊ ဆိုင်းဆိုင်ကို မခေါ်ပါနဲ့လို့ ငါလဲမကြိုက်ဘူး၊ သူ့အိမ်ကလည်းမကြိုက်ဘူးလို့ သိထားရဲ့သားနဲ့"

"ညိုအော်ကျယ်အော်ကျယ်လုပ်မနေနဲ့ ဒီကောင်တွေကိုလဲ ရန်လိုမနေနဲ့၊ ကိုယ့်ဘာသာပျော်လို့ကားလျှောက်စီးတာပါကွာ…ညိုကလဲ…ကျွတ်…စိတ်ပျက်တယ်"

"ကဲ…ကဲ…အစ်ကိုတို့အစ်မတို့ပြဿနာကို ခုလောလောဆယ်ရှင်းလို့ပြီးဦးမှာလား၊ မပြီးရင်ကျွန်တော်တို့ ကားထွက်တော့မယ်ခင်ဗျ"

စပယ်ရာက စပ်ဖြဲဖြဲမျက်နှာနှင့် ဝင်ပြောလျှင်ညိုသည် ဒေါသအခံရှိနေသူဖြစ်ရာ…။

"မပြီးဘူး…မပြီးဘူး…နင်တို့ကားထွက်သွားချင်ရင်သွားပေါ့၊ ဘာဝင်ပါတာလဲ၊ သူများကိစ္စဝင်ပါစရာမလိုဘူး၊ ကိုယ့်လမ်းကိုယ်သွားနိုင်တယ်၊ သွားကြ"

ဟူ၍ မဲပြီးပိတ်အော်လိုက်ရုံမက ဆိုင်းဆိုင်၏အင်္ကျီလက်မောင်းကိုလဲ ဆောင့်ဆွဲ၍ ဆွဲခေါ်လေရာ ဆိုင်းဆိုင်သည် စိတ်လျှော့ပြီး ညိုခေါ်ရာ အသာတကြည်လိုက်လာခဲ့သည်။ စပယ်ရာကတော့သူတို့၏ ထုံးစံအတိုင်း ဆဲရေးတိုင်းထွာလျှက် ကားကို မောင်းဖို့ ဒရိုင်ဘာကို အော်ပြောပြီး ထွက်သွားချင် ကားဂိတ်တွင် ခန့်မျိုး၊ သူရအောင်၊ ဆိုင်းဆိုင်နဲ့ညို





www.burmeseclassic.com

www.burmeseclassic.com



တို့သာလျှင် ကျန်ရစ်ပါသည်။

"ကျေးညို..နင်ကလဲ ပြဿနာရှာပြန်ပြီဟာ"

"ခန့်မိုးနင်ငါ့ကိုမကျေနပ်ရင် မခေါ်နဲ့ရတယ်၊ ငါကတော့ ဆိုင်းဆိုင်ကို အဲဒီလိုတွယ်စီးတာမြင်တိုင်း ငါ့စိတ်ကို ငါထိန်းမရဘူး၊ လုပ်ချင်တာ ချက်ချင်း လုပ်တာပဲ၊ ငါ့ကြောင့်အရှက်ကွဲမှာကြောက်ရင် နောက် နင်တို့ကားတွယ်စီးတဲ့အခါ ဆိုင်းဆိုင်ကို မခေါ်နဲ့ ဒါပဲရှိတယ်"

"နင်က ဘယ်လိုကြံဖန်တွေ့ရပြန်တာလဲ၊ အခု အချိန်က ကျောင်းတက်နေရတဲ့ အချိန်ကြီး"

သူရအောင်က သူတို့ခိုးလုပ်ပါတယ်ဆိုမှ ညို့နဲ့ တိုး ရသည်ကိုမကျေမနပ်ဖြစ်သလို ပြောတော့၊ ညို့အတွက်ရန် တွေ့စရာ တစ်ကွက်ရပြန်သည်။

"ဩော်...နင်တို့က ငါလစ်တုန်း ခိုးထွက် တာပေါ့လေ...ကြည့်စမ်း..ငါအတန်းတက်ရတာ မဖြောင့်အောင်နင်ပြောလိုက်တာပဲ၊ သူရအောင် ရယ်၊ငါအတန်းထဲမှာ ရှိနေတုန်း နင်တို့ဒီလိုမျိုး အကြိမ်ပေါင်းများစွာခိုးထွက်ပြီး ကားတွယ်စီးနေ



တယ်ပေါ့...ဟုတ်လားသူရအောင်"

"ကဲပါ...ကဲပါ..ညို့ရာ ကိုယ့်သူငယ်ချင်း ချင်းရန်တွေ့မနေပါနဲ့ ကိုယ့်ကိုပဲ ရန်တွေ့ပါ၊ အခု လဲ ကိုယ့်ကိုကားပေါ်ကဆွဲချထားနိုင်ပြီပဲ ညို့ ကျေ နပ်တော့လေကွာ"

မြတ်ကျေးညို၏လက်ဖဝါးကို ဆိုင်းဆိုင်ဆုပ်ကိုင်ပြီး ဖြောင်းဖြလိုက်တော့မှ ဒီတော့မှပဲ ညို့လက်ဖဝါးတွေ [illegible] နေတာကို သတိပြုမိလေသည်။

"ဟင်...ညိုလက်တွေပူခြစ်နေပါလား [illegible] ဘာဖြစ်နေတာလဲ"

ဆိုင်းဆိုင်က ညို့နဖူးပြင်ကို လှမ်း၍ စမ်းလိုက်သော မှ ညို အဖျားတက်နေကာ သိသွားပါသည်။

"ညို..ဖျားနေတယ်ကြည့်စမ်း"

"ဟုတ်တယ်၊ ဖျားနေတယ်၊ ကျုပ်မှာ [illegible] နေလျက်ကြီးနဲ့ရှင့်ကိုစိတ်ပူလို့ နောက်က [illegible] ပင်ပန်းခံပြီး ကားနဲ့ တောက်လျှောက်လိုက်[illegible] တယ်"

"ညို...ဘာကားနဲ့လာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညို ကားငှားပြီး အိမ်ပြန်တာ၊ နေဦး...ညို တက္ကစီရော..."

ညိုသည် ဟိုဟိုသည်သည် လှည့်ရှာကြည့်တော့ ကားမှတ်တိုင်နဲ့မလှမ်းမကမ်း ကားရပ်လို့ရတဲ့ နေရာတွင် ရပ်စောင့်နေသော...ညိုက ကြည့်လိုက်တော့ လက်လှမ်းပြသော တက္ကစီဒရိုင်ဘာကိုတွေ့လိုက်လေသည်။

"ဟိုမှာ...စောင့်နေတယ်...ကဲ..လာ..သွား ကြရအောင်"

"ဟဲ့...ညို..ငါတို့ကရော..."

"နင်တို့က ပြန်ချင်တာနဲ့ပြန်ပေါ့...ငါနင်တို့ ကို ဒေါသဖြစ်တယ်၊ မခေါ်ဘူး"

ညိုသည် ဟိုနှစ်ယောက်ကိုရန်တွေ့ပြီးလျှင် ဆိုင်းဆိုင် လက်ကိုဆွဲပြီး အငှားကားဆီပဲ ပြန်လာခဲ့ပါသည်။ ကားပေါ် ရောက်တော့မှ...။

"ညို...ကိုယ်တွေသိပ်ပူနေတယ်၊ အိမ်ပြန်မယ် လေ"

"မပြန်နိုင်သေးပါဘူး၊ ရှင့်ကို ရှင့်အိမ်က ကားပေါ်ပို့ပေးပြီးမှပြန်မယ်"





"ညို့ကလဲကွာ နေမကောင်းရက်ကြီး ကျောင်း လာရလား"

"ပရက်တီကယ်ရှိလို့၊ အေးပေါ့လေ ညို ကျောင်းလာလိုက်တော့ ပရက်တီကယ်အပြီး အိမ် ပြန်လိုက်တော့ တိုက်ဆိုင်ပြီး ရှင်ခိုးလုပ်တဲ့ ကိစ္စ ကို သိသွားရတာအမြတ်ပေါ့"

"ညို....ဒီတစ်ခါ မတိုင်ပါနဲ့တော့ကွာ"

"တိုင်မှာပဲ..."

"ဒီတစ်ခါတိုင်ရင် ကိုယ့်မှာ အခုလက်ရှိရထား တဲ့ အခွင့်အရေးတွေပြန်ရုပ်သိမ်းသွားရုံတင်မက ဘူး၊ ဖေဖေက ကျောင်းတောင်ထုတ်မယ်လို့ Warning ပေးထားတယ်"

"ထုတ်..ထုတ်ပေါ့၊ အဲဒီလိုလုပ်မယ်မှန်းသိရင် ဘာလို့ ဒီအပြစ်ကိုကျူးလွန်လဲ"

"အပြစ်ကျူးလွန်တာမဟုတ်ပါဘူးညိုရယ်၊ တစ်ခါတလေ အပျော်စီးတာပါ၊ ပြီးတော့ ကိုယ် ဘယ်တုန်းကမှ ဝေးဝေးလံလံလဲမစီးပါဘူး၊ အနည်း ဆုံး သုံးလေးမှတ်တိုင်ပါပဲ၊ ညိုရယ် ကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ ညို ကိုယ့်ဘက်က မှားမှားမှန်မှန် ပေါ့၊ ဘက်လိုက်စေချင်တယ်၊ ပြီးတော့ ကိုယ် ကျောင်းထုတ်ခံရရင် ညိုစိတ်ချမ်းသာမလားပြော”

မြတ်ကျေးညိုသည် ချက်နဲ့လက်နဲ့ပြောနေသော ချစ်သူကို မျက်စောင်းကြီးထိုးရုံကလွဲလျှင် ဘာမှပြန်ပြောစရာလဲ မရှိပြီ။

“နောက်မလုပ်တော့ပါဘူးလို့ ကတိပေးရင် ညို မတိုင်ဘူး”

“မလုပ်ဘူးကွာ၊ မလုပ်ဘူး၊ ကဲကျေနပ်တော့”

“ဒါပေမယ့် အဲဒီကတိဟာ ရှင်ပေးတဲ့ကတိ တွေ တဲမှာ မယုံရဆုံးပဲ၊ လုံးဝမယုံဘူး”

“ဟာ...ဖြစ်ပြန်ပြီတစ်မျိုး”

“ရှင်ကျောင်းထုတ်ခံရမှာစိုးလို့ မတိုင်တာပဲ မှတ်ပါ၊ ညိုလုံးဝမကျေနပ်ဘူး၊ ညို့စကားကို ဘယ် တော့မှ နားမထောင်တာစိတ်အဆိုးဆုံးပဲ”

ဆိုင်းဆိုင်ကတော့ နောက်တစ်ခါကားတွယ်စီးမည်ဆိုလျှင် ညို ကျောင်းမှာတကယ်ရှိမရှိ ကြည့်ပြီးမှ ထွက်ပြီး ကားတွယ်စီးလျှင်လည်း ဘေးဘီဝဲယာကိုလေ့လာပြီး ညို

ရိပ်ကိုကြိုကြည့်ထားပြီး ရှောင်ပုန်းနိုင်ဖို့ ကိုစိတ်ကူးနေလေ သည်။

ကျောင်းရောက်တော့ တက္ကစီခရှင်းပြီးလျှင် ဆိုင်း ဆိုင်ကပါ...။

“ညိုလဲ..အရမ်းဖျားနေပြီ...ကိုယ်ပါတစ်ခါ တည်းအိမ်ပြန်လိုက်တော့မယ်၊ ညို့ကိုလဲ ဝင်ပို့ခဲ့ မယ်”

ဆိုသဖြင့် ညိုတို့နှစ်ယောက်သား အိမ်အတူပြန်လာ ခဲ့ကြပါသည်။ မြတ်ကျေးညိုကား တော်တော့်ကိုအဖျားတက် နေသည်ဖြစ်ရာ ဟန်ပင်မဆောင်နိုင်တော့ပဲ ဆိုင်းဆိုင်၏ ကား နောက်ခန်းတွင် အတူထိုင်နေရာမှ....။

“ညို..ခေါင်းအရမ်းအုံလာတယ်၊ အဲဒါ လှဲ ချင်တယ်”

လို့ပြောလိုက်လျှင် ဆိုင်းဆိုင်က...။

“ညိုကိုယ့်ပေါင်ပေါ်ခေါင်းအုံးပြီး လှဲလိုက်၊ သက်သာသလိုနေ...”

ညိုသည် ပျော့ခွေယိုင်နဲ့စွာ ချစ်သူ၏ပေါင်ပေါ် ခေါင်းအုံးလိုက်ရတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်သည် ဒီလောက် အဖျားကြီးနေတာတောင် ဖွဲ့နပဲကြီးစွာ သူနောက် မရမက လိုက်ခေါ်သည့် ညီ့ကို ကရုဏာသက်စွာ ငုံ့ကြည့်ရင်း ညီ့ဆံပင်လေးတွေကို သပ် ပေးနေသည်။

ညီရယ်···ညီအချစ်ကြီးပြီး အစိုးရိမ်ကြီးပုံတွေက ဖေဖေနဲ့မေမေပုံစံအတိုင်း သိပ်တူတာပဲ။

ညီက သိပ်ချစ်လို့ အစိုးရိမ်အပူပန်ကြီးတာ၊ ဘာမ ဟုတ်တဲ့ ကားတွယ်စီးတာလေးကို အလိုလိုနေရင်း တွေးပူ ပြီး တားမြစ်တာတွေ အတွက် ကိုယ် ဘယ်လိုမှ စိတ်မဆိုး ရက်ပါဘူး။

ဒါပေမယ့် ညီရယ် ဝါသနာဆိုတာက ခက်တယ်။





( ၉ )

နောက်ပိုင်းတွင်တော့ ဆိုင်းဆိုင်သည် ညီ့အလစ်ကို သချောမှ သူငယ်ချင်းတွေနဲ့ ကားတွယ်စီးဖို့ နိုးထွက်တတ် ရာ ညီနဲ့ ထပ်မံ၍ မဆုံသလောက်ဖြစ်သွားပါသည်။

သူတို့သူငယ်ချင်းတွေဆုံကြတိုင်း ညီ့အကြောင်းကို ခန့်မျိုးနဲ့သူရဇ်အောင်တို့က ပြောတတ်ကြသည်။

"ကျေးညီက တကယ်ပဲကွာ၊ လူကြားထဲလဲ မရှက်ဘူး၊ မင်းကိုအတင်းဆွဲခေါ်ဖို့၊ အော်ဖို့၊ ရန် တွေ့ဖို့ တော်တော့်ကိုသတ္တိရှိတယ်"

"ငါတို့ကကွာ···ငယ်ငယ်လေးထဲက ပေါင်း လာတဲ့သူငယ်ချင်းမို့ သူအော်တာရန်တွေ့တာ စိတ် တော့မဆိုးပါဘူး၊ ဒါပေမယ့် တစ်ခါတလေ စိတ် တိုတယ်ကွ၊ မင်းကမင်းဘာသာ ကားတွယ်စီးတာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ ငါတို့ကိုလာမဲပြီးဟောက်တာခံရတော့ စိတ်တိုတယ်ကွ''

''အေးကွာ..ငါလဲ မင်းတို့ကို သူအဲဒီလိုဟောက်ရင် အားနာရတာပါပဲ၊ ညီက တခြားကိစ္စတွေမှာသာ ငါ့ဘက်လိုက်ချင်လိုက်မယ်၊ အဲဒီကားတွယ်စီးတဲ့ ကိစ္စကျတော့ မေမေ့ အတိုင်းပဲ၊ အစိုးရိမ်ကြီးပြီး ဆူပူမြည်တွန်တောက်တီးတယ်၊ စိတ်ကောက်တယ်''

''သူတို့က ကြံဖန်စိတ်ပူတာပါကွာ၊ ကိုယ်ပိုင်ကားမစီးနိုင်တဲ့ လူတန်းစား၊ လိုင်းကားဘတ်(စ်)ကားတွေပဲစီးနိုင်တဲ့ လူတန်းစားတွေဟာ ယောက်ျားမှန်ရင်ကွာ အလုပ်ချိန်မီဖို့၊ အိမ်ပြန်နောက်မကျဖို့တွေအတွက် ကားတွယ်စီးတာမျိုး၊ ခဏခဏကိုကြုံရမှာပဲ၊ ချောင်တဲ့ကား စောင့်စီးဖို့အချိန်လဲ ဘယ်သူမှ တကူးတကကားပြီး စောင့်မှာမဟုတ်ဘူး၊ ကားကို ချောင်ချောင်ကျပ်ကျပ် စီးရတာပဲ၊ ကားပေါ်ကပြုတ်ကျတာ ဘာညာကွာ၊ တစ်ခါတလေမှပါ၊ ဖြစ်ခဲပါတယ်...



''ပြီးတော့ကွာ မင်းတို့ငါတို့ဆိုတာက ပျော်ချင်လို့စီးတာဆိုပေမယ့် သတိလက်လွတ်ကြီးတော့မနေပါဘူး၊ သေသေချာချာ မြဲမြဲမြံမြံလက်ကိုင်ပြီးစီးတာပါကွာ၊ အကြာကြီးလဲစီးတာမဟုတ်ဘူး၊ သုံးလေးမှတ်တိုင်ဆိုရင် ကျေနပ်သွားကြတာပဲ၊ အဲဒီတော့ ဘယ်လာ လက်အံသေပြီးပြုတ်ကျတာဖြစ်ပါ့မလဲ...

ဆိုင်းဆိုင်ရာ သူတို့တွေးကြည့်သင့်တယ်''

ဆိုင်းဆိုင်က သူငယ်ချင်းတွေပြောသမျှ ခေါင်းညိတ်ရတော့သည်။

''ညီကကွာ မိန်းကလေး ဆိုတော့ မိန်းကလေးလိုပဲတွေးတာပေါ့၊ ယောက်ျားလေးတွေက ဘယ်လိုစွန့်စားမှုတွေလုပ်ချင်သလဲဆိုတာ သူတို့မှ မခံစားတတ်တာ၊ ဒီတော့ ငါ့ကို မိန်းကလေးတွေ နေသလို ငြိမ်ငြိမ်လေးနေစေချင်တယ်ထင်တယ်''

''ဟားဟားဟား...ဒါဆို မြတ်ကျေးညီခများယောက်ျားမရပဲ မိန်းမရှာကြီးရသွားမှာပေါ့''

ခန့်မျိုးစကားကြောင့် သူတို့ပြိုင်တူ ရယ်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ခုတော့ မနက်ခင်းရဲ့အချိန်တွေကို လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား လုပ်ရခြင်းဟူသော အခွင့်အရေးကိုရနေသဖြင့် ဆိုင်းဆိုင်မှာ အနည်းငယ်တော့ စိတ်ပျော်နေပါသည်။

သူတို့သူငယ်ချင်းတွေက ဟိုဘက်လမ်းဒီဘက်လမ်းတွေနေကြတာမို့ လက်ဖက်ရည်ဆိုင်အတူတူထိုင်နိုင်ကြခြင်းလဲဖြစ်သည်။

"ငါလဲ ခန့်မှိုးပြောတော့ တစ်ခါတလေ စဉ်းစားကြည့်တယ်"

"ဟ..ဘာလဲမိန်းမရှာလုပ်ဖို့လား"

"မဟုတ်ပါဘူးကွာ၊ မင်းကလဲ ငါပြောချင်တာက ဒီလိုကွာ၊ ဖေဖေနဲ့မေမေဟာ ငါ့ကိုငယ်ငယ်က မိန်းကလေးတစ်ယောက်မွေးသလို ပြုစုယုယပြီး အေးအေးဆေးဆေးလေးကစားနိုင်းတာမျိုး၊ ကိုယ့်ကိုယ်ကို ဒဏ်ရာအနာတရဖြစ်မဲ့ ကစားနည်းမျိုးမကစားခိုင်းတာမျိုးတွေနဲ့ နေနိုင်းခဲ့ပေမယ့် ငါက မိန်းမရှာစိတ်မဝင်ပဲ၊ ပျော့တီးပျော့ဖပ် မဖြစ်ဘဲယောကျ်ားလေးတွေလို စွန့်စားကြည့်ချင်တဲ့စိတ်



သူက ကိုယ့်ကို တစ်ချက် လာထိုးရင် ပြန်ထိုးချင်တဲ့စိတ်မျိုးရှိနေတာ တော်ပါသေးရဲ့လို့ တွေးမိတယ်"

"အေးကွာ...နောက်မို့ ငါတို့လဲ မင်းလို မိန်းမရှာနဲ့သူငယ်ချင်းဖြစ်နေရင် သူများတွေက ဟားတာခံရဦးမယ်"

သူတို့ရဲ့လမ်းမတန်းကြီးပေါ်မှ လက်ဖက်ရည်ဆိုင်ထဲ တော့ လေးဖြူသီချင်းသံက လွှမ်းမိုးထားလေသည်။

သူတို့ သုံးယောက်က သီချင်းကို အတူတူ လိုက်ည်း ရင်း...။

"လေးဖြူ သီချင်းတွေက လှတယ်ကွာ၊ ငါတော့ ဘယ်သူဘယ်လိုပြောင်းပြောင်း လေးဖြူပဲကြိုက်တယ်၊ သူကလဲပြောတယ်၊ တခြားဘာ Music တွေခေတ်ပြောင်းပါစေ၊ သူကတော့ Heavy Rock မှာပဲ နေရစ်ခဲ့မယ်တဲ့၊ ငါလဲ လေးဖြူလိုပဲ Rock ထဲမှာပဲ ကျန်ခဲ့မယ်"

"ဆိုင်းဆိုင်...မင်းကွာ တကယ်ပဲ မင်းမိဘက ဒီလောက်မင်းကိုအေးအေးဆေးဆေး ငြိမ်ငြိမ်က

www.burmeseclassic.com

www.burmeseclassic.com



လေး နေအောင်ထားခဲ့တာတောင် သီချင်းကြိုက်တော့လဲ Heavy မှ…၊လေးဖြူမှဖြစ်နေတယ်"

"ဟုတ်တယ်ကွ…တကယ်ဆို ခင်မောင်တိုးလိုင်း၊ စံလင်းလိုင်း၊ စိုင်းထီးဆိုင်လိုင်းကို မင်းစိတ်က ကြိုက်သွားရမှာ"

"ငါက သီချင်းဆို ဆူညံပေါက်ကွဲနေမှကြိုက်တယ်၊ ရင်ထဲမှာခံစားရတာတွေ ဖွင့်အော်ပစ်လိုက်တာမျိုးပေါ့"

"ဩော်…ဒါနဲ့မင်းကားမောင်းတတ်သွားပြီလားကွ"

"တတ်သွားပါပြီကွာ၊ ဒါပေမယ့် သင်မောင်းလိုင်စင်ကခြောက်လမှ မပြည့်သေးတာ၊ လိုင်စင်ဘယ်ရဦးမလဲ၊ ထုံးစံအတိုင်း ဒရိုင်ဘာနဲ့ သူဌေးစတိုင်လ်နဲ့ကျောင်းသွားရမှာပေါ့၊ လိုင်စင်ရလဲ မထူးပါဘူးကွာ၊ မင်းတို့ကို ငါပြောပြထားသားပဲ၊ ဘေးမှာဒရိုင်ဘာက အမြဲပါမှာတဲ့ကွာ"

"အေးကွာ…မင်းအဘိုးကြီး သူမို့ ကြံကြံဖန်ဖန် ဒီလိုစိတ်ကူးပေါ်တယ်"



သူရအောင်က တစ်စုံတစ်ရာတွေးမိသလို မျက်လုံးတွေဖြင့် ဆိုင်းဆိုင်ကိုကြည့်ရင်း…။

"ဟော့ကောင် ဆိုင်းဆိုင်မင်းကားကိုယ်တိုင်မောင်းပြီး ကျောင်းတက်ဖို့ကို စိတ်ကူးထဲ မထည့်သင့်တော့ဘူးကွ"

ဟုရုတ်တရက် သတိရတဲ့အချက်တစ်ခုကို ထောက်ပြလိုသော အသံဖြင့် ပြောသည်။

"ဟ…ဘာလို့လဲ"

"ဆိုင်းဆိုင်ကွာ အူတူတူနဲ့ မင်းကလဲ နောက်ခြောက်လကြာရင်ပဲ ငါတို့က စာမေးပွဲကြီးဖြေပြီးလို့ ကျောင်းတောင် ပြီးပြီလေကွာ"

"အေး…ဟုတ်သားပဲ"

"ဟားဟားဟားဟား··ဖြစ်ရလေ ဆိုင်းဆိုင်ရာဖြစ်ရလေ··မင်းအဖေက မင်းထက် ဉာဏ်ကောင်းတယ် တွေ့လား၊ သူက မင်းကိုဒီအခွင့်အရေး စ,ပေးကတည်းက အချိန်ကိုတွက်ချက်ပြီးသားကွ၊ ဒါကြောင့် တစ်သက်လုံးမှ ကားမောင်းခွင့်မပေးတော့ဘူးထင်ထားတဲ့မင်းကို ဒီအခွင့်အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တမင်ပေးလိုက်တာပဲ၊ သူကလည်တယ်ကွ"

ဆိုင်းဆိုင်သည် သူငယ်ချင်းတွေထောက်ပြတော့မှ စိတ်ဓာတ်တော်တော်ကျသွားပြီး မှိုင်တွေသွားခဲ့ပါသည်။

"စိတ်ညစ်မနေနဲ့ ဟောကောင်၊ လိုင်စင်ရတဲ့ အထိဆက်သာအမောင်းသင်၊ မင်း အဖေ ချမှတ်သလို ဒရိုင်ဘာက မင်းဘေးမှာပါရလှ အလွန်ဆုံး လေးငါးခြောက်လပေါ့ကွာ"

"ဘာဖြစ်လို့လဲ မင်းက ဘာကြောင့် ဒီလိုအသေအချာပြောနိုင်တာလဲ"

ခန့်မျိုးက ဆိုင်းဆိုင်၏ ပုခုံးကို တစ်ချက်ပိတ်ထိုးလိုက်ပြီး...။

"အေ့ကောင်...မင်းနဲ့ညီ့က ကျောင်းပြီးရင် လက်မထပ်ပဲနေမလားပြော.."

"ဟာ...လက်ထပ်မှာပေါ့"

"အေးလေ...လက်ထပ်တော့ မင်းတို့ဘာသာ သတ်သတ်ပဲနေနေ၊ ဘယ်လိုပဲ နေနေ မင်းက မင်းမိန်းမညီ့ကို ကားကိုယ်တိုင်မောင်းပြီး လျှောက်လည်မယ်လေ၊ အဲဒီ့တော့ ဒရိုင်ဘာကပါဦးမလား



ကွ"

"အေး...ဟုတ်သားပဲ"

သူရအောင်ကလည်း ဝင်အားပေးလေသည်။

"ကျေးညီ့က ဒီနေရာမှာတော့ မင်းဘက် ပါပါတယ်၊သူနဲ့ မင်းက လင်မယားဖြစ်သွားရင် မင်းနဲ့ ပတ်သက်တာ မှန်သမျှ မင်းအိမ်က လိုက်ချုပ်ချယ်လို့လဲ မရတော့ပါဘူး၊အဲ့ဒီ ကျရင် မင်းရဲ့ ဒရိုင်ဘာကြီးလဲ မင်း ကားမောင်းသမျှ ဘေးက ပါခွင့်မရတော့မှာ သေချာတယ်၊ဘယ်သူမဆို ကိုယ့်လင်မယားနှစ်ယောက်တည်းပဲ ကားနဲ့ အတူတူ အပြင် ထွက်ချင်မှာပေါ့၊မဆိုင်တဲ့ လူတစ်ယောက် အမြဲ ကန့်လန့်ကန့်လန့် ပါတာမျိုး ဘယ်သူကမှ ကြိုက်မှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ညီ့က လက်ခံမှာ မဟုတ်ဘူး၊ အေးကွာ...မင်းတို့နဲ့ အဲဒီ့လိုတွေ ဆွေးနွေးတိုင်ပင်ရတာရော၊လျှောက်ပြောရတာရော ငါ သိပ်သဘောကျတယ်ကွာ၊ညီ့ကို နောက် မှာထားရဦးမယ်၊မင်းတို့ကို သိပ်မဟောက်ဖို့..."

www.burmeseclassic.com



ဆိုင်းဆိုင်၏ စကားကြောင့် ခန့်မျိုးနဲ့ သူရအောင်တို့က တဟက်ဟက်ရယ်ကြလေသည်။ 'ကျေးညို ဟောက်တာတော့ အပျော့ပဲ' ဟူ၍လည်း ပြောလိုက်သေး၏။



## တတိယအဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



( ၁၀ )

ကျောင်းပြီးသွားကြသောအခါ ဆိုင်းဆိုင်၏ မခင်က ဆိုင်းဆိုင်အတွက် အစီအစဉ်တစ်ခုထပ်မံ ခေါင်ပြန်သည်။

သူငယ်ချင်းတွေ ပြောလိုက်သလိုပင် ကျောင်းပြီးမှပဲ ဆိုင်းဆိုင်မှာ ကားမောင်းလိုင်စင်ရသည်ဖြစ်ရာ ကျောင်းသွားစရာမရှိသောသူ့အတွက်ကားမောင်းချင်လျှင် လမ်းရှောစရာမှာ ညီ့ အိမ်ကို သွားလည်၊ညီ့ကို သွားခေါ်ပြီး ဈေးသွားခြင်း၊ရုပ်ရှင်ကြည့်ခြင်းတွေသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကလည်း နေ့စဉ် လုပ်လို့မရသော ကိစ္စဖြစ်ရာ တစ်ပတ်တစ်ခါလောက် အပြင်ထွက်ခွင့်၊ကားမောင်းခွင့်ရဖို့အရေး ဆိုင်းဆိုင်မှာ ဦးနှောက်ခြောက်မတတ် ဖန်တီးနေချိန်တွင် ဖေဖေက သူ့ရဲ့ အစီအစဉ်ကို စတင်ပေးတာဖြစ်သည်။

သူတို့ စာမေးပွဲတွေ ပြီးတော့ သုံးလ အကြာအမှာ ဖေဖေက စပြောတာဖြစ်သည်။

"ကဲ...သား၊မင်းလဲ ကျောင်းပြီးအောင် တက်ပြီးပြီ၊ဘွဲ့တစ်ခုလဲ ရပြီးပြီ ဆိုတဲ့သဘောပဲ၊ကျောင်းသား ဘဝရဲ့ ပျော်ရွှင်မှုတွေလဲ မင်းမှာ အပြည့်အဝ ရပြီးပြီ"

ဖေဖေက အဲ့ဒီလို စပြောတော့ ဆိုင်းဆိုင်သည် ခေါင်းအသာ ငုံ့ရင်း မဲ့ပြုံး ပြုံးမိလေသည်။

အပြည့်အဝ ရသတဲ့လား။သား ဘယ်လောက်ထိ ချုပ်ချယ်ခံခဲ့ရတယ်ဆိုတာ သား ကိုယ်တိုင်လည်း အသိ။ဘေးလူတွေလည်း အမြင်ပါပဲ။

"ဖေဖေ မေးချင်တာက မင်း အခု ကျောင်းပြီးသွားပြီဆိုတော့ ဘာအလုပ် လုပ်ချင်စိတ်ရှိလဲ





ဆိုတာ သိချင်တယ်"

ဆိုင်းဆိုင်သည် သူ့ကို အိမ်ထဲတွင် လှောင်ထားမည်ရယ်လို့ပင် ထင်ထားခဲ့မိသော ဖခင်ထံမှ ထိုစကားကို ကြားလျှင် အံ့သြသွားပါသည်။

သူ့ကို ကလေးတစ်ယောက်လို ထားတတ်သော ဖခင်ကြီးထံမှ ဤစကားတစ်ခွန်းဟာ လုံးဝ မျှော်လင့်မထားခဲ့တဲ့သူ့အတွက်တော့ အံ့သြမင်သက်စေလေသည်။

"ဘာဖြစ်သွားတာလဲ"

"သား အံ့သြသွားလို့ပါ"

"ဘာဖြစ်လို့ အံ့သြရတာလဲ၊ဒါ အံ့သြစရာလား၊ငယ်တုန်းအရွယ်မှာ ပညာသင်စရာရှိတာ သင်မယ်၊ပညာတတ်သွားတဲ့အခါ အလုပ် တစ်ခုခုကို လုပ်ရမယ်၊လူဆိုတာ ဆင်းရဲသည်ဖြစ်စေ၊ချမ်းသာသည်ဖြစ်စေ၊ အလုပ်တော့ လူတိုင်း လုပ်သင့်တယ်၊ အလုပ် မလုပ်ဘဲနေရင် နွံနက်ကုန်မြေလေးဖြစ်သွားမှာပေါ့၊အသုံး မကျတဲ့ လူတစ်ယောက်ဖြစ်သွားမှာပေါ့၊မင်းကို အလုပ်လုပ်စေချင်တာဟာ ပိုက်ဆံလိုလို့ အလုပ်လုပ်ခိုင်းတာမဟုတ်ဘူးဆိုတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊မေမေနဲ့ မေမေ ပိုင်ဆိုင်သမျှဟာ မင်းတစ်ယောက်တည်းအတွက်ပဲ၊မင်းပဲ ပိုင်ဆိုင်ရမှာပဲ.....

ဒါပေမယ့် လောကကြီးမှာ အသုံးကျတဲ့ လူတစ်ယောက်ဖြစ်အောင် သားကို အလုပ်လုပ်ခိုင်းရတာပဲ၊သား ဘာအလုပ်လုပ်ဖို့ ဝါသနာပါလဲ၊ဒါမှမဟုတ် မင်းစဉ်းစားလို့ မရသေးဘူးဆိုရင်လဲ စဉ်းစားနိုင်တယ်၊အဲဒါမှ မဟုတ်သေးဘူးဆိုရင်လဲ မိဘ, တွေရဲ့ အလုပ်မှာပဲ ဆက်ဦးစီးမလား"

ဆိုင်းဆိုင်သည် အခုတလောမှာ အပြောင်းအလဲတွေပေးနေသော လောကကြီးကို ကျေနပ်ရင်း သူ့တွင် ရှိနေသည့် စိတ်ကူးကို ပြောပြလိုက်ပါသည်။

"သား အခုခေတ်စားနေတဲ့ ကော်ဖီဆိုင်လှလှလေး တစ်ခု ဖွင့်ချင်တယ်"

"အင်း...ပြောပါဦး၊ဘယ်လို စိတ်ကူးတွေနဲ့ စိတ်ကူး ယဉ်ထားလဲ"

"အဲဒီ ကော်ဖီဆိုင်မှာ ကော်ဖီရယ်၊TEA ရယ်ပဲ ထားမယ်၊အအေး လုံးဝမတင်ဘူး၊ဒါပေမယ့် အ



စားအသောက်ကတော့ Snacks ပေါ့၊အဲဒါလေးတွေတော့ ရှိမယ်၊ဟော့ထ်ဒေါ့၊ဟမ်ဘာဂါ၊ ကိတ်၊ပိုင်(Pie)မုန့်၊ပတ်(ဖ)၊ပေါင်မုန့်၊အာလူးကြော်၊ကော်ပြန့်၊ဆာတေး...အဲဒါလေးတွေပေါ့၊မုန့်က တော်ရုံသင့်ရုံ Snacks ပေါ့၊ပေါ့ပေါ့ပါးပါး အစားအစာတွေပဲ ထားမယ်.....

အဲဒီ ဆိုင်နဲ့ တွဲရက်မှာ ဂိမ်းစင်တာလေး တစ်ခုတော့ ထားချင်တယ်၊ကိုယ် တတ်နိုင်တဲ့ ပိုက်ဆံလောက်နဲ့ ထားလို့ရမယ့် ဂိမ်းကစားတဲ့ ပစ္စည်းတွေပေါ့...ထားချင်တယ်....

ဆိုင်ထဲမှာတော့ သူများတွေလိုပဲ ဟော်လို ဂစ်တာနဲ့ သီချင်းဆိုတဲ့ အဆိုရှင် အသစ်တွေ၊တစ်ခါတလေ အထိမ်းအမှတ်နေ့တွေဆို နာမည်ကြီးတွေဖိတ်ပြီး ဆိုခိုင်းတာတွေ၊Valentine's Day ၊New Year ၊Christmas ၊သင်္ကြန်အကြို၊အဲဒီလို နေ့တွေကျတော့ အစီအစဉ်တစ်မျိုးလေးတွေ လုပ်မယ်၊ကံစမ်းမဲတွေ ဖောက်မယ်၊အဲဒါမျိုးလုပ်ချင်တယ်...

ပိုက်ဆံအမြတ်ကတော့ သိပ်ပြီးမရနိုင်ဘူး၊စီး

www.burmeseclassic.com

www.burmeseclassic.com



ပွားရေး တစ်ခုအနေနဲ့လဲ အားပြုလို့တော့မရနိုင်ဘူး၊ဒါပေမယ့် သားအနေနဲ့ကတော့ အဲဒီလို ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် လူငယ်စတိုင်လ်နဲ့ လုပ်ရတဲ့ အလုပ်မျိုးနဲ့ စချင်တယ်"

ဆိုင်းဆိုင်သည် စိတ်ကူးထဲ ရှိသမျှတွေ မနားတမ်းတောက်လျှောက်ပြောချလိုက်ပါသည်။သူ့ အသံတွေက တက်ကြွနေသည်။စိတ်လှုပ်ရှားမှုဖြင့် ဟိန်းနေသည်။

သူသည် သူ့ဘဝတွင် တစ်ခါမှ မကြုံဖူးသော ဤသို့ လွတ်လပ်စွာ ဖန်တီးခွင့်ရမည့် သူ၏ စိတ်ကူးတစ်ခုအတွက် တော်တော့်ကို စိတ်အားထက်သန်နေတော့သည်။

"အံမယ်လေး...သားရယ်၊ပြောလိုက်တာ...ပြောလိုက်တာ၊ငါ့သားမှာ ဒီလို ထူးဆန်းတဲ့ လုပ်ငန်းကိုင်ငန်း လုပ်ချင်နေတဲ့ စိတ် ဘယ်အချိန် ကတည်းက ရှိနေလဲကွယ်...၊ပြောစမ်းပါဦး"

"သား ဒီလိုပဲ သူငယ်ချင်းတွေနဲ့ သွားဖူးရင်းညိုနဲ့ သွားဖူးရင်း အဲဒီဆိုင်တွေထဲဝင်တိုင်း ကိုယ်ကိုယ်တိုင်ဆို ဘယ်လိုလေးပြင်ဆင်ပြီး ဖွင့်မယ်ဆိုတဲ့ စိတ်ကူး ခဏခဏဖြစ်တယ်၊ကြာပါပြီ..."





"မေမေတို့ရဲ့ ပိုးထည်တိုက်မှာပဲ ဝင်လုပ်လိုက်ပြီးရော...သားရယ်"

"ကဲပါ မြင့်ရယ်...၊ငါက သူ့ကို လွတ်လပ်ခွင့် ပေးပြီး သူ လုပ်ချင်တာလုပ်ခိုင်းဖို့ စပြီး ပြောတာပဲ၊ငါတို့ရဲ့ အလုပ်ထဲ ဆွဲထည့်မနေပါနဲ့"

"အကျိုးမရှိဘူး ထင်လို့ ပြောပြတာပါ"

"ဒါပေမယ့်...ငါတို့သားက သူ့ အဲဒါကို ပျော်သတဲ့၊မင်းက ဘာလို့ ကန့်ကွက်ချင်သလဲ၊သူ့ လုပ်ငန်းက စီးပွားဖြစ်ဖြစ် မဖြစ်ဖြစ် မျှော်ကိုးမနေပါနဲ့၊ငါတို့ ပိုင်ဆိုင်တာတွေကတော့ သားစဉ်မြေးဆက် ထိုင်စားလို့ ရနေတာပဲ၊သူ့မှာ အလုပ်တစ်ခုကို ကိုယ်တိုင် ဦးစီးပြီး လုပ်ချင်စိတ်ရှိရင် ငါကျေနပ်တယ်"

"ဖေဖေ...ဒါဆို သားကို လုပ်ခွင့်ပေးမှာလား"

"အေးပေါ့ကွာ...လုပ်ပေါ့"

"ဟာ...ဝမ်းသာလိုက်တာ"

"အေး...ဒါပေမယ့် တစ်ခုတော့ မှာထားမယ်၊ဝင်ငွေ ကောင်းတာ မကောင်းတာထက် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါလို့ စလိုက်တဲ့ အလုပ်ကိုတော့ အောင်မြင်အောင်လုပ်ပါ၊လူငယ်တွေကြားထဲ နာမည်ရအောင်လုပ်ပါ...အလဟဿကြီးတော့ အဆုံးရှုံးမခံနိုင်ဘူး၊အောင်မြင်တာပဲ မြင်ချင်တယ်''

''ဟုတ်ကဲ့...၊စိတ်ချပါ ဖေဖေ''

''ပြီးတော့ ဖေဖေ မှာမယ်၊မင်းဟာ လုပ်ငန်းတစ်ခုကို ဦးစီးပြီးလုပ်ရတော့မယ့် လုပ်ငန်း ပိုင်ရှင် တစ်ယောက်ဖြစ်ပြီ၊ဒီတော့ ကလေးကလားအလုပ်တွေ မလုပ်နဲ့တော့''

''ဘာ...ဘာ အလုပ်တွေလဲ ဖေဖေ''

''ကားတွယ်စီးတဲ့ အလုပ်ပေါ့''

''မလုပ်ပါဘူး၊မလုပ်တာ ကြာပြီ''

''ဘာကြာပြီလဲ၊မနေ့ တစ်နေ့ကလား မသိဘူး ငါ့မိတ်ဆွေတစ်ယောက်က မင်းကို လိုင်းကားတစ်စီးပေါ်မှာ တွယ်စီးသွားတာတွေ့လို့တဲ့ အံ့သြပြီး ပြောတယ်၊သူ ကိုယ်တိုင်တောင် သူများ အမြင်မှားသလားဆိုပြီး ဇဝေဇဝါတောင်ဖြစ်သတဲ့၊ဖေဖေ့ကို လာပြောရတာတောင် အားနာနေသလို





ပဲ၊ ဟုတ်တာပေါ့ကွ၊ နာမည်ကြီး စိန်ထည်တိုက်၊ ပိုးထည်တိုက် ပိုင်ရှင်တွေရဲ့ တစ်ဦးတည်းသောသားက ကားတွယ်စီးတဲ့ အဖြစ်က တော်တော့်ကို ယုံစရာမကောင်းတဲ့ မြင်ကွင်းကိုး၊ငါ မင်းကို ပြန်မမေးချင်လို့ ဒီအတိုင်း မေ့ထားလိုက်တယ်မှတ်''

''ဟယ်...ဘုရား...ဘုရား...သားရယ်၊မင်းလုပ်ပြန်ပြီလား အဲဒီအလုပ်...''

''မဟုတ်ပါဘူး မေမေရယ်...''

''ဘာမဟုတ်ပါဘူးလဲ ဟော့ကောင်၊ငါတော့ ယုံတယ်၊မင်း ဟိုကောင်လေးတွေနဲ့ မနက်ညနေ လက်ဖက်ရည်ဆိုင်ထိုင်ရင် လစ်ထွက်ချင် လစ်ထွက်မှာပဲ၊ငါထင်တယ် မင်းနှယ်...ကိုယ့် ရည်းစားဆီသွားတွေ့ဖို့ထက် ကားတွယ်စီးဖို့ကို ပို စွဲလမ်းနေတာ အံ့သြတယ်''

ဆိုင်းဆိုင်သည် သူ့ အပြစ်နဲ့ သူမို့ ငြိမ်ကုပ်နေရပါသည်။ကျောင်းသားဘဝ မဟုတ်တော့ပြီမို့ ကျောင်း ထုတ်ခံရစရာ မရှိပေမယ့် ကားမောင်းခွင့်၊သူငယ်ချင်းတွေနဲ့ တွေ့ခွင့်တွေ ပျောက်ဆုံးသွားမှာကိုတော့ စိုးရိမ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေမေက ခုတလောသူ့ကိုအရင်ကလောက် မချုပ်ချယ်တော့ဘူးလို့လည်း စိတ်ထဲမှာ အလိုလိုခံစားသိရှိနေသဖြင့် အရင်ကလောက်လည်း မစိုးရိမ်ပါ။

"သမီးလေး ကျေးညိုကလဲ ကျောင်းပြီးတော့ မိန်းကလေးပီပီ အပြင်သိပ်မထွက်ဘဲ အိမ်မှုကိစ္စတွေနဲ့ပဲ အိမ်မှာ အနေများနေတော့ မင်းကို သူလဲ အချိန်ပြည့် မျက်စိဒေါက်ထောက်လိုက်မကြည့်အားတော့ဘူး၊ဒါကြောင့် မင်း ကားတွယ်စီးတာကို သူ မမြင်လို့ ပြန်မတိုင်တာပဲ၊နို့မို့ သူက မနေဘူး၊မျက်ရည်လေး တဝဲဝဲနဲ့ လူကိုယ်တိုင် လာတိုင်ချင်တိုင် မတိုင်ရင် ဖုန်းထဲမှာ ငိုယိုပြီးတိုင်တယ်၊သားရယ် မင်း စဉ်းစားကြည့်၊ပြီးတော့ သူ့ဘက်လဲ စာနာကြည့်၊ဘယ်မိန်းကလေးကများ ကိုယ် ချစ်တဲ့ယောကျ်ားလေးတစ်ယောက်ဟာ အဆင့်အတန်း ရှိတဲ့ လူတစ်ယောက်ဖြစ်လျက်နဲ့ အဲဒီလို တိုးတိုးဝှေ့ဝှေ့နဲ့ ကားတွယ်စီးတာကို မြင်ချင်ပါ့မလဲ"

မေမေသည် ဒီလို ပြောနေရင်းနဲ့ တစ်ခုခုကို သတိရသွားသလို မျက်လုံးတွေဖြင့် ဆိုင်းဆိုင်ကို ထပ်ကြည့်ကာ...



"ဟဲ့...ဒါနဲ့ မင်းတို့ချင်း တခြား ဘာတွေများ တိုင်ပင်ထားတာရှိလဲ၊ပြောပါဦး၊မေမေ ခုမှ သတိရတယ်"

ဟူ၍ဆက်မေးလျှင် ဆိုင်းဆိုင်သည် ဘာကို နားလည် ရမှန်းမသိဖြစ်ကာ အူတူတူဖြင့်...

"ဘာကိုလဲ မေမေ"

"ဟဲ့...သားရယ်...၊ကျောင်းလဲ ပြီးပြီ၊မင်းလဲ ကိုယ့်ဘာသာ အလုပ်တွေဘာတွေ စ,လုပ်ဖို့တောင် စီစဉ်ပြီပဲ သား၊ကျေးညိုနဲ့ မင်းက ဘယ်တော့လောက် လက်ထပ်မယ်လို့ တိုင်ပင်ထားသလဲ မေးတာကွယ်၊မင်းနှယ်...အူတူတူနဲ့..."

ထိုအခါ ဆိုင်းဆိုင်သည် ထပ်မံ၍ အံ့သြရလျက် ရင်ထဲမှာ ဝမ်းသာမှု အရှိန်အဟုန်တွေက ပိုပြီးတိုးပွားလာတော့လေသည်။

"အဲဒါ...အဟဲဟဲ...သားတို့ကတော့ လက်ထပ်ဖို့...အဲ...သားဘက်ကပါ...၊သားကတော့ လက်ထပ်ချင်နေပြီပေါ့၊ညို့ကိုတော့ မတိုင်ပင်ကြည့်ရသေးဘူး၊ညိုကလဲ ဘာလို့လဲမသိဘူး၊ဘယ်တော့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မလဲဆိုတာ မမေးဘူး"

"ဟဲ့...သူက မိန်းကလေးကွယ်...ဒါကို စပြီး ပြောပါ့မလား၊မင်းက သိတတ်ပြီး မေးရမှာပေါ့၊ဘာပဲ ဖြစ်ဖြစ် မေမေကတော့ မြတ်ကျေးညိုနဲ့ပဲ မင်းကို သဘောတူတယ်"

"သားကလဲ ညို့ကိုပဲ သဘောကျတာပါ မေမေရယ်...၊ဘာ စိတ်ပူနေတာလဲ"

"သြော်...လူ့စိတ်ဆိုတာ မပြောနိုင်ဘူးလေကွယ်...၊မင်း စိတ်ပြောင်းသွားမှာ စိုးရိမ်တယ်"

"စိတ်မပြောင်းပါဘူးဗျာ မေမေကလဲ"

"အေး...ဒါဖြင့်လဲ မင်းတို့ ကိစ္စကို လူကြီးတွေနဲ့ အရင်ဆုံပြီး စကားပြောချင်ပြီ၊ဒီရက်ပိုင်းအတွင်းပေါ့၊အဲဒါ ကျေးညိုနဲ့ မင်းပဲ အရင် တိုင်ပင်လိုက်ဦး၊ကဲ...ဘယ်လိုလဲ အဖေကြီး၊ကျွန်မ စီစဉ်တာ ကျေနပ်လား"

"ကျေနပ်တာပေါ့ကွ၊ဒီကောင့်ကို ဒီအတိုင်းလွှတ်ထားရမယ့် အတူတူ အိမ်ထောင်နဲ့ ဘာနဲ့ အတည်တကျ စီစဉ်ပေးလိုက်ပြီး လက်လွှတ်လိုက်



တာ ပိုကောင်းတယ်၊ဒါမှ သူ တစ်ခုခုလုပ်ချင်လာတိုင်း သြော်...ငါ့မှာ အိမ်ထောင်နဲ့၊မိသားစုနဲ့ပါလားဆိုပြီး ကိုယ့် စိတ် ကိုယ်ထိန်းနိုင်မှာ...

မင်း, သားက လူကသာ အသက်ကြီးပြီ၊တစ်ခါတလေ ကလေးဆန်ဆန် အဲဒီ့ လိုင်းကားကို အပျော် လိုက်တွယ်စီးတာမျိုး လုပ်ချင်တာကို ဘဝင်မကျဘူး"

ဆိုင်းဆိုင်သည် ဖေဖေနဲ့ မေမေက ဘာကြောင့်ပဲ ဒီလိုမျိုး စီစဉ်ချင်ပါစေ ဒီတစ်ခါ စီစဉ်တာကိုတော့ သူ အလွန်အမင်း ကျေနပ်စွာ လက်ခံပါသည်။

ချစ်သူနဲ့ အတူတူ နေရတော့မယ့် အကြောင်းအရာလောက် ဘယ်အကြောင်းအရာကများ ပိုပြီး ပျော်စရာကောင်းတာ ရှိမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ညိုသည် ချစ်သူက အားတက်သရောဖြင့် ပြောပြသမျှ အသစ်အဆန်းအကြောင်းအရာများကို ငေးမော နားထောင်နေပါသည်။သူနဲ့ အတူတူ လက်တွဲခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးမှာ အခုလောက် တက်ကြွနေတာမျိုး တစ်ခါမှ မတွေ့ဖူးခဲ့သည်ဖြစ်ရာ ချစ်သူ၏ တက်ကြွ ပျော်ရွှင်မှုများကို ညိုပါ လိုက်ခံစားရင်း ပျော်နေပါသည်။

"ကိုယ့်ဆိုင်ကို ဖွင့်ဖို့ နေရာလဲ လျှောက်ရှာရဦးမယ်၊အဲဒါ ညိုပါလိုက်နော်၊ပြီးတော့ Decoration လုပ်ဖို့ စဉ်းစားတဲ့အခါ ညိုလဲ အတူတူ လိုက်စဉ်းစားပေးရမယ်၊ကိုယ် ဒီနေ့ပဲ ဂျပန်မှာနေတဲ့ ကိုယ့် ဦးလေးတွေဆီ လှမ်းပြီး ဈေး တော်ရုံသင့်ရုံရှိတဲ့ Game(ဂိမ်း)ပစ္စည်းတွေအကြောင်း ဖုန်းဆက် မေးရဦးမယ်၊ကိုယ် သိပ်ဝမ်းသာနေတယ် ညိုရယ်...၊ညိုရော ဝမ်းမသာဘူးလား"

"ဩော်...ဝမ်းသာတာပေါ့ ဆိုင်းဆိုင်ရယ်၊ညိုက ဆိုင်းဆိုင် ခုလို တက်တက်ကြွကြွနဲ့ ပျော်တာ



တစ်ခါမှ မမြင်ဖူးတော့ ပိုပြီး ဝမ်းသာရတယ်၊ညိုက ဆိုင်းဆိုင်ရဲ့ မိဘတွေကို သိပ်ချုပ်ချယ်လွန်းလို့ ဆိုင်းဆိုင်အတွက် စိတ်တောင်ညစ်နေခဲ့ရတဲ့ သူပဲ၊ အခုလို လွတ်လပ်ခွင့်တွေပေးတော့ အန်ကယ်လ်နဲ့ အန်တီ့ကို ကျေးဇူးလဲတင်တယ်၊ဆိုင်းဆိုင်နဲ့ အတူတူ ညိုလဲ အရမ်းပျော်တယ်"

ဆိုင်းဆိုင်သည် ညို့ ပခုံးလေးကို ခပ်ဖွဖွထွေးပွေ့ရင်း ဆက်ပြောလိုက်သည်။

"ပြီးတော့ ဒီထက်ပျော်စရာကောင်းတာလဲ ရှိသေးတယ် ညို၊အဲဒါ ဘာဖြစ်မလဲ သိလား"

"ဘာလဲ..."

"ညို စဉ်းစားကြည့်ပါဦး"

ညိုသည် ခပ်တွေတွေနဲ့ မေးကလေးထောက်ကာ စဉ်းစားလိုက်ပြီးမှ...

"ဩော်...သိပြီ၊ဆိုင်းဆိုင်ကို ဘေးမှာ ဒရိုင်ဘာ အစောင့်အရှောက်မပါဘဲနဲ့ ကားမောင်းသွားခွင့် ပြုတာလား"

"ဟာကွာ...ညိုကလဲ တလွဲရှည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်သိမလဲ၊ထင်တာက အဲဒါပဲလေ၊ အဲဒါ ပြောတာပေါ့"

"ညိုကလဲကွာ...၊အဲဒီလို ခွင့်ပြုတာဟာ ကိုယ့် ဘဝအတွက် ဘယ်လောက်များ ပျော်စရာကောင်း နိုင်တာမို့လဲ၊ခုဟာက ကိုယ့်ဘဝတစ်ခုလုံးအတွက် ပြောတာကွ"

"ကဲ...စိတ်တိုမနေနဲ့ကွာ၊ညို မမှန်းတတ်ပါ ဘူးလို့ဆိုနေ၊ရှင်ပဲ ပြောပေါ့၊ညိုက ဆိုင်းဆိုင်ဆီက ပျော်စရာတွေ အများကြီးဆက်တိုက်ကြားရတော့ လူက ဟုန်နေပြီ"

ဆိုင်းဆိုင်သည် ညို့နဖူးကို တစ်ချက် ခပ်ဖွဖွထု လိုက်ပြီးတော့...

"ငတုံးမလေးရဲ့...ကိုယ့်ဘဝ တစ်ခုလုံး အ တွက် ပျော်စရာအကောင်းဆုံးဆိုတာက ညိုနဲ့ အတူ တူနေရဖို့ကလွဲရင်ဲ ဘာရှိမလဲ..."

ဟု ပြောလိုက်လျှင် ညိုက တအံ့တသြနဲ့ မင်သက် သွားပါသည်။

"ဟား...ဟား...ဟား မေမေတို့က ကိုယ့်ကို





အခွင့်အရေးတွေသာ ပေးတယ်၊ရယ်ရတယ်ကွာ၊ ကိုယ့်ကို စိတ်မချလို့တဲ့ ညိုနဲ့ လက်ထပ်ပေးထား တော့မယ်တဲ့၊ဒါမှ ကိုယ် ဘာပဲ လုပ်ချင်လုပ်ချင် ကိုယ့်မှာ Family ရှိနေတော့ စဉ်းစားဆင်ခြင်ပြီး ချင့်ချိန်နိုင်မှာတဲ့၊အဲဒီလို ပြောပြီး ကိုယ်နဲ့ ညို့ကို လက်ထပ်ပေးတော့မတဲ့"

"ဩော်...ရှင်က ဟိုးအရင့်အရင်တွေက ရတဲ့ အခွင့်အရေးတွေလိုပဲ မအီမလည်နဲ့ရတဲ့ အခွင့်အ ရေးလို့ ပြောချင်တယ်ပေါ့လေ"

"ဟာကွာ...မဟုတ်တာကွာ ညိုကလဲ၊ကိုယ် တို့ ချစ်သူဖြစ်တာဖြင့် နှစ်ပေါင်းကလဲ ကြာပြီ၊ ကိုယ့်စိတ်ကို မခန့်မှန်းတတ်ဘူးလားကွာ၊ကိုယ် တ ကယ်ပျော်နေလို့ ပျော်တာလား၊မအီမလည်ပုံစံနဲ့ ပြောတာလားဆိုတာ ညိုလေး သိဖို့ သင့်တယ်"

"ညိုက နောက်တာပါ ဆိုင်းဆိုင်ရယ်..."

"ကဲ...ဒါဖြင့် ညို့ မိဘတွေဆီ ကိုယ့် မိဘ တွေလာတွေ့ပြီး စကားပြောချင်တယ်တဲ့၊ညို ပြော ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



“အင်း…ပြောမယ်”

“ပြောပြီးပြီးချင်း ညို့ မိဘတွေက ဘယ်ရက်လာမြန်းပါဆိုရင် ညို သိတာနဲ့ ကိုယ့်ဆီ ချက်ချင်းဖုန်းဆက်နော်၊ကိုယ် ဝမ်းသာချင်တယ်”

“ဟုတ်ကဲ့ပါရှင်”

“နောက်မနေ့နဲ့၊ကိုယ်က ညို့ ယောက်ျားဖြစ်တော့မှာကွ၊ဟင်း…ကောင်မလေး ယောက်ျားကိုရိုရိုသေသေ ဆက်ဆံ၊ပြီးတော့ အခေါ်အဝေါ်ကိုလဲ ပြင်ဦး၊‘ကို’ လို့ခေါ်၊ဒါမှမဟုတ် ‘မောင်’ လို့ခေါ်ရင်ခေါ်၊ဆိုင်းဆိုင်လို့ ခေါ်တာကြီးကို ကိုယ်မကြားချင်တော့ဘူး”

“အဲမယ်…အချိုးက ပြောင်းရပြန်ပြီ”

“ဟုတ်တယ်၊ပြောင်းရပြီလေ၊ကိုယ်က ကိုယ်ပိုင် အလုပ်အကိုင်နဲ့ ကိုယ်ပိုင်မိန်းမနဲ့ မကြာခင်မှာ တကယ့်ဘဝအစစ်ထဲကို ရောက်ရတော့မှာကွ၊တစ်လျှောက်လုံး မိဘတွေရဲ့ ဩဇာအောက်မှာကိုယ့်ကိုကိုယ် ဘာကောင်မှန်း မရေရာခဲ့တဲ့ ဘဝက လွတ်ပြီ ကျွတ်ပြီ၊ဟဲ…ဟဲ…ဟဲ၊ကိုယ့် စကား





ကြားရင် မေမေတို့တော့ အရမ်း စိတ်ဆိုးမှာပဲနော်”

ညိုက ပြုံးစပ်စပ်ရယ်ကျဲကျဲမျက်နှာလေးဖြင့်…

“တိုင်မယ်ရှင့် အန်ကယ်လ်နဲ့ အန်တီ့ကို အဲဒီလို ပြောပါတယ်လို့ ပြန်တိုင်ကို တိုင်ပစ်မယ်ဟင်း…”

“ဟိတ်…ညိုလေးကကွာ၊ကိုယ့်ဘက်ကို လုံးဝပါဖို့ စဉ်းစားဦး၊ဘယ့်နှယ် ခုထိတောင် တိုင်မယ့်ဓာတ်လမ်းကို စထားနေပြီ၊ဒါပဲနော် ညို၊ကိုယ့်ဘက်ကို လုံးလုံး ပါသင့်ပြီ၊ဘက်လိုက်သင့်ပြီ၊တိုင်တဲ့တောတဲ့ ကိစ္စတွေက ကလေးကလားဆန်ပါတယ် ညိုရာ တိုင်မနေနဲ့၊ကိုယ့် ယောက်ျားကိုယ် နိုင်အောင်ထိန်းပေါ့ကွ မိန်းမရ…”

“ဟယ်…ကြည့်စမ်း၊ဘယ်လိုဖြစ်လို့ ပါးစပ်က ပေါက်ကရတွေ ပြောတာလဲ…၊ဆိုင်းဆိုင်နော်”

“ဆိုင်းဆိုင် မဟုတ်ပါဘူး ညို၊တစ်ခုခုတော့ ပြောင်းခေါ်ကွာ”

“အင်းပါ…အင်းပါ၊နောက်နေ့တွေပေါ့”

သူတို့ လမ်းခွဲပြီး အိမ်ပြန်ချိန်တွင် ဆိုင်းဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



ညို့ကို အရင်လိုက်ပို့ပေးသည်။ ကားမှာ သူကိုယ်တိုင် မောင်းခွင့်ရသည် မှန်သော်လည်း ဒရိုင်ဘာကတော့ ကားနောက်ခန်းတွင် အမြဲပါနေပါသည်။

ညိုကတော့ ချစ်သူနံဘေး Lover Seat တွင် ထိုင်ရလေသည်။

ဒါပေမယ့် ဒရိုင်ဘာကြီးက လူပိုသက်သက်ပါနေသောဖြစ်ရပ်ကို ဆိုင်းဆိုင်ရော ညိုပါ စိတ်ထဲတွင် မနှစ်သက်ကြပါ။ညဘက်တွေမှာ သူတို့ ဖုန်းပြောတိုင်းလည်း ဤအကြောင်းအရာကို အမြဲ ညည်းညူမိစမြဲ။

သို့ပေမယ့် အချိန်ကာလ အပိုင်းအခြားတစ်ခုမှာတော့ ဒီ ဖြစ်ရပ်ကြီးဟာ သူတို့နဲ့ အတူတူ ပါလာတော့မှာ မဟုတ်ပါဘူးရယ်လို့လဲ သူတို့ ကြိုတင်ခန့်မှန်းမိလေရာ ခုလောလောဆယ်မှာတော့ ဒါကို သည်းခံထားရဆဲဖြစ်နေပါသည်။





( ၁၁ )

စေ့စပ်ဖို့ကိုပင် အကြီးအကျယ်လုပ်ချင်နေသော ဆိုင်းဆိုင်၏ မိဘတွေ၏ သဘောကို လိုက်လျှောရသဖြင့် သူတို့ နှစ်မိသားစုလုံးတင်မက အခင်ဆုံး သူငယ်ချင်းတွေပါ ဝင်ပြီး အလုပ်ရှုပ်လာရတော့သည်။

"ဖိတ်စာကိုတော့ ငါ့ ပုံနှိပ်တိုက်မှာ ရိုက်ပေးမယ်၊အကောင်းဆုံး၊အလှဆုံး ဖြစ်အောင် ငါကိုယ်တိုင် ဒီဇိုင်းထွင်ပြီး ရိုက်ပေးမယ်၊ဂျပန်က ဝင်တဲ့ ဖိတ်စာကတ်ဒ်တွေနဲ့ ရိုက်ပေးမယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်တိုက် လုပ်ငန်းရှိသော သူရအောင်ကလည်း အားတက်သရော ကူညီသည်။

"SEDONA ဆိုတော့ ပိုက်ဆံ တော်တော်ကုန် မှာပဲနော်၊စေ့စပ်တာတောင် ဖိတ်မယ့်ဦးရေက မနည်းဘူး"

လှကေသီက ကုန်ကျစရိတ်တွေ မှန်းကာ ကြားထဲက ဝင် နှမြောပေးနေသေး၏။

"တစ်ဦးတည်းသော သားအတွက်ပုံအောလုပ်တော့တာပဲ၊ကျေးညို နှင့် သိပ်ကံကောင်းတယ်ဟယ်၊ကိုယ် ချစ်တဲ့သူနဲ့လဲ ပေါင်းရတယ် သူများအားကျစရာကောင်းလောက်အောင်လဲ အစအရာ လုပ်ရတယ်"

ဖြူသွေးကတော့ မနာလိုခြင်းကင်းစွာပင် ညို့ရဲ့ဘဝအတွက် အားကျသလို တပြောပြောဖြစ်ခဲ့သည်။

"လက်ထပ်ပြီးရင် နှင်တို့ကို အိမ်ခွဲပေးမှာလား ကျေးညို၊အိမ်ခွဲပြီးနေနော်၊ငါက စေတနာနဲ့ ပြောတာ၊ဆိုင်းဆိုင် မိဘတွေက သူတို့ရဲ့ သားကိုသိပ်ချစ်ပြီး အရင်ကလို ဝင်ပါနေရင် နင်တို့ စိတ်ညစ်



ရလိမ့်မယ်"

စုံးစိုးကတော့ စေတနာကောင်းစွာ အကြံပေးပါသည်။

"အံမယ်လေး...နှင်တို့ သတိပေးစရာတောင် မလိုဘူး၊သိလား၊သူတို့ရဲ့ သား ကိုယ်တိုင်က အိမ်ခွဲနေမယ်၊အိမ်ခွဲနေမယ် တကဲကဲ ဂျီတိုက်ပြီး သူ့ဘာသာ ဘယ်လိုပြောယူတယ် မသိပါဘူး၊သူ့ မိဘတွေက ခွင့်ပြုသတဲ့"

"ဟယ်...ကောင်းလိုက်တာ"

"ဝမ်းသာတယ် ညိုရေ...ဒီသတင်းက ဝမ်းသာစရာ အကောင်းဆုံးပဲ"

"ငါတို့က ဘက်လိုက်တယ်ပဲ ပြောပြော၊ညို့ကို ပိုပြီး စိတ်ချမ်းသာစေချင်တယ်ဟ"

"အဲဒါ အခု သူ့မှာ မအားဘူးလေ၊သူ့ မိဘတွေ ဝယ်ထားပြီးသားခြံနဲ့ တိုက်ကို အတွင်း အပြင် **Decoration** တွေ ပြန်လုပ်ဖို့၊ဆိုင်ဖွင့်ဖို့လဲ နေရာရသွားပြီဆိုတော့ ဆိုင်ဖွင့်နိုင်ဖို့ ညို့နဲ့ စေ့စပ်ဖို့ဆိုတော့ တစ်ချိန်လုံး စိတ်တွေလောနေတယ်၊ငါ

www.burmeseclassic.com

www.burmeseclassic.com



တို့ တွေ့ချိန်တောင် နည်းသွားတယ်၊ခန့်မျိုးက သူ့ဆရာကြီးလေး၊ဆိုင်အတွက် ခန့်မျိုးနဲ့ တိုင်ပင်လိုက်၊ပြင်လိုက်ပေါ့"

"အဖြစ်သည်းမနေပါနဲ့ ညိုရယ်၊နောက်ဆို နေ့တရုဝ ဒီမျက်နှာကြီးပဲ မြင်နေရတော့မှာပါ"

"ဒါတော့ဒါပေါ့၊အခုလဲကြည့်လေ၊စေ့စပ်တဲ့နေ့ဝတ်ဖို့ အဝတ်အစားစီစဉ်မှာတောင် သူ လိုက်မပေးနိုင်ဘူး၊ငါကပဲ သူ့အတွက်ရောငါ့အတွက်ပါ စီစဉ်ဝယ်ခြမ်းခဲ့တဲ့အခါ ဒိတ်တိုဖို့ကောင်းတယ်၊နှစ်ယောက်သား တိုင်တိုင်ပင်ပင်တောင် မလုပ်ရဘူး"

"ငါတို့နဲ့ပဲ တိုင်ပင်ပေါ့ ညိုရယ်"

"အေးလေ...ငါတို့က နင့် အချစ်ဆုံး သူငယ်ချင်းတွေပဲ၊ငါတို့နဲ့ပဲ သွားပေါ့၊အဖော်လုပ်ပေါ့၊ရတာပဲ..."

"အေး...သူကလဲ နင်တို့နဲ့ပဲ သွားပါတဲ့လေ"

"ဟဲဟဲ...သတို့သားလောင်းက ငါတို့လက်ဝကွက်အပ်လိုက်တာနော်၊အပိုင်ပဲ"



ညိုသည် ဘာပဲဖြစ်ဖြစ် ချစ်သူနဲ့ စေ့စပ်ရခြင်း၊လက်ထပ်ရခြင်းတွေကို ကြုံရတော့မည့် အဖြစ်တစ်ခု အတွက် ကျေနပ်ပါသည်။ပျော်လည်း ပျော်ပါသည်။

နှစ်ယောက်တည်းနဲ့ ဘဝလေးတစ်ခုကို အစပျိုးရတော့မှာကို တွေး၍ ကြည်နူးတတ်နေခဲ့လေသည်။

သူ့ဘဝကို ကိုယ်က ပိုင်ဆိုင်ပြီး ကိုယ့်ဘဝကို သူက ပိုင်ဆိုင်ရမယ်။သူ ဖြစ်ချင်တာ မှန်သမျှ ဘေးကနေ အကြံပေးကူညီ တိုင်ပင်ခွင့်ရမယ်။

သူ့ရဲ့ အနာဂတ်ဟာ ကိုယ့်ရဲ့ အနာဂတ်။

ကိုယ့်ရဲ့ အနာဂတ်ဟာလည်း သူ့ရဲ့ အနာဂတ်။

ဆိုတဲ့ အတွေးတွေနဲ့ ညညဆို အတွေးလွန်။အရင်ကလို အိပ်မပျော်ရင်သရဲအကြောင်းတွေးပြီး ကြံဖန် ကြောက်တာမျိုး၊ညဘက် ခွေးအူသံ သဲ့သဲ့ကြားရင်တောင် စောင်ခေါင်းမြီးခြုံပြီး တုတ်တုတ်မှ မလှုပ်ရဲတော့တာမျိုး ဖြစ်ဖို့တောင် မေ့လျော့နေပါသတဲ့။

တကယ့်တကယ်တော့ ဆိုင်းဆိုင်ဆိုတဲ့ သူငယ်လေးနဲ့ မြတ်ကျေးညိုဆိုတဲ့ သူငယ်မလေးတို့ဟာသူငယ်တန်း ဆိုတဲ့ ဘဝကတည်းက ရေစက်ဆုံပြီးတွေ့ခဲ့ရတဲ့ လူသားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကို နှစ်ပေါင်းများစွာ ရင်းနှီးမှုတွေ အထပ်ထပ်ဆင့်။အချိန်ကာလ အတော်ကြာကြာ ချစ်သူအဖြစ်နဲ့ ဖြတ်သန်းခဲ့ရတဲ့ သူတွေမို့ သူတို့လောက် ဘယ်သူကများ ဒီလောက် နှစ်ပေါင်းနှစ်ဆယ်ကျော် အမြဲဆုံစည်းရတဲ့သူတွေ ရှိပါ့မလဲလို့ မြတ်ကျေးညိုက ကြံဖန်တွေးတောပြီး ပီတိဖြစ်ရသတဲ့...။

"ညိုရေ...ပန်းရောင် သမ်းရုံကလေးရှိတဲ့ ပုလဲရောင်လေး ဝတ်ဟဲ့...လှတယ်"

ညိုသည် ဈေးထဲလျှောက်ရင်း အတွေးလွန်နေရာမှ လှကေသီက ပြောတော့မှ ခေါင်းထဲကို အကျီချုပ်ဖို့ ကိစ္စပြန်ရောက်လာပါသည်။

"ပုလုံးတွေ၊စီးကွင့်တွေ၊ဘော်ကြယ်တွေတော့ သတ်သတ် လိုက်ဝယ်မနေတော့ဘူး၊အလုပ်ရှုပ်တယ်၊အကျီချုပ်ပေးတဲ့သူကိုပဲ အပြီးပြောပြီး အပ်တော့မယ်"

"ဈေးပိုကြီးမှာပေါ့..."

စိုးစိုးက နှမြောသလို ပြော၏။

"ဟဲ့...ငစိုးရဲ့၊နှမြောမနေနဲ့၊ကျေးညိုက သူဌေး



ကတော်လေး၊သူက ဖြုန်းနိုင်တယ်"

"ဟယ်...အဲဒီလို မဟုတ်ပါဘူး၊ အဲဒါတွေ လိုက်ဝယ်ရင် ကိုယ်လဲမသိဘဲ လျှောက်ဝယ်တော့ အကျီချုပ်တဲ့အခါ မလှမှာစိုးလို့ပါ၊ဒီဇိုင်နာကို တစ်ခါတည်း အပ်လိုက်ရင် ပို ကောင်းမယ်ထင်လို့ပါ"

"နောက်တာပါ ညိုရဲ့၊ငါတို့လဲ ညိုသဘောပါပဲ၊ ကိုမြင့်စိုးဆီမှာပဲ အပ်မယ်နော်"

"ဆိုင်းဆိုင်အတွက်ရောနင်တို့ စဉ်းစားပေးကြဦး..."

"အံမယ်...သူ့ သတို့သားအကြောင်း ခေါင်းထဲ အချိန်ပြည့် ထည့်ထားတယ်၊ကြည့်စမ်း"

"ဖိနပ် ရွှေဦးလေ ညိုရဲ့၊ပြီးတော့ ပဝါရှည်ကြီး စုံချရမှာမဟုတ်လား၊အဲဒါလဲ ရှာဝယ်ရဦးမယ်၊ယောကျ်ားအဝတ်က လွယ်တယ်၊ခဏာပဲ"

"ဟဲ့...ဩော် ညိုရယ်...နင်ကလဲ ပိုးထည်တိုက်တစ်ခုလုံး ပိုင်ထားတာဟယ်၊အဲဒီ သူ့ရဲ့ ပိုးထည်တိုက်ကပဲ နင့်အရောင်နဲ့ လိုက်တဲ့ အဆင်

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ပေါ့၊တိုက်ပုံနဲ့ ရုပ်ကတော့ သွားချုပ်ပေါ့"

ညိုကြ ဒီတော့မှ သတိရပြီး...

"အေးလေ...ကြည့်စမ်း၊ဟုတ်ပါရဲ့၊ငါ မေ့သွားတယ်၊ဆိုင်းဆိုင်ကလဲ သူ့ဘာသာတောင် မေ့ပြီး သူ့ အတွက်ပါ ဝယ်ခဲ့တဲ့၊ငါ့ကို မှာလိုက်သေး"

ညိုတို့ သူငယ်ချင်း တစ်သိုက်မှာတော့ စကားတွေပြောလိုက်၊ရယ်လိုက်၊တိုင်ပင်ဝယ်ခြမ်းလိုက်၊မိတ်ကပ်လိမ်းသမားဆီ ပြေးလိုက်နဲ့ တစ်နေ့ တစ်နေ့ မအားနိုင်တော့ပေ။

ဆိုင်းဆိုင်ကတော့ ချစ်သူနဲ့ စေ့စပ်ရမယ့် ကိစ္စကို စိတ်မဝင်စားတာတော့ မဟုတ်။ဝင်စားပါသည်။ဒါပေမယ့် သူကလည်း သူ့ စိတ်ကူးနဲ့သူ ကော်ဖီဆိုင် အမြန်ဖွင့်လိုစိတ်၊ အိမ်ပြင်ဆင်မှု အချိန်မီ ပြီးလိုစိတ်တွေနဲ့ အလုပ်ရှုပ်နေရသည် ဖြစ်ရာ ညဘက်တွေမှာတောင် ကြာကြာစကားမပြောနိုင်။

နေ့ဘက်လည်း သုံးလေးရက်မှ တစ်ခါ တွေ့ဖြစ်တော့လေသည်။

ဒါပေမယ့် သူတို့ ရင်ထဲမှာ ဆူပွက်နေတဲ့၊နွေးထွေးနေတဲ့၊ပီတိဖြစ်နေတဲ့၊ကြည်နူးနေတဲ့ ပျော်ရွှင်ခြင်းများ အကြောင်းကိုတော့ သူတို့နှစ်ဦး အချင်းချင်းပြောစရာမလိုဘဲ





နားလည်နေကြသော ချစ်သူများလည်း ဖြစ်သည်။

သူတို့ ရင်ထဲက အပျော်တွေကတော့ တူညီစွာပင် တစ်နေ့တခြား ရှင်သန် ကြီးထွားဖွံ့ဖြိုးလာနေခဲ့ပါသည်။

ဆိုင်းဆိုင်သည် တကယ့်တကယ် သူ ကိုယ်တိုင် အရာရာမှာ စိတ်တိုင်းကျဦးစီးလုပ်ကိုင်ခွင့်တည်းဟူသော အခွင့်အရေးရသွားသော အခါတွင် သူသည် တော်တော့်ကို အရည်အချင်းရှိသော လူငယ်လေးတစ်ယောက်မှန်း မြတ်ကျေးညိုမှာ ကိုယ့်ချစ်သူ ကိုယ် အမှတ်ပေးနေမိရတော့လေသည်။

ဘာကြောင့်လည်း ဆိုရသော် စေ့စပ်ပွဲမတိုင်ခင်မှာပင် သူက သူ့ရဲ့ ကော်ဖီဆိုင်အသစ်ကို စတင်ဖွင့်ခဲ့နိုင်၍ပင်တည်း။အင်မတန်ကို မြန်ဆန်လှတဲ့ ရက်ပိုင်းအတွင်း ပြီးစီးသွားခဲ့သော သူ့ ဆိုင်မှာ ပလာဇာကြီးတစ်ခု၏ အောက်ဆုံးထပ်အခန်းကျယ်ကြီးမှာ ဝယ်ယူလိုက်သော နေရာကောင်း တစ်ခုလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းမှာ သူ ဝယ်ခါစက တကယ့်ကို အကြမ်းထည် သက်သက်ပင်။ဒါကို လေးပတ်ကျော်လေးအတွင်း ဘယ်လိုပြင်ဆင်မွမ်းမံလိုက်သည် မသိ။ဆိုင်မှာ ကြွေပြားလှလှ၊မီးပန်းဆိုင်းများနံရံတွင် တွယ်ချိတ်ထားသော ပန်းပွင့်ပုံစံမီးအိမ် လှလှများ၊ကော်ဖီဘားအပြင် စားပွဲဝိုင်းလှလှ၊ခုံလှလှလေးများ၊လတ်ဆတ်သော သစ်သီးရနံ့လိုလို အနံ့သင်းသင်းလေးက ဆိုင်တွင်းလွှမ်းခြုံထားခြင်းများဖြင့် အင်မတန်ကို သားနားထည်ဝါလှပါသည်။ဒါ့အပြင် ခပ် မနိမ့်မမြင့်စတိတ်စင်တစ်ခုလည်း ရှိပြန်သေး၏။

ထို စတိတ်စင်မှာ မီးအမှောင်ပေမယ့် သီဆိုမည့်အဆိုရှင် တက်လာခဲ့လျှင်တော့ သူ့ တစ်ဦးတည်းကို သပ်သပ် ဆလိုက်ထိုးပေးမည့် မီးမောင်းဆလိုက် နှစ်လုံးကတော့စင်မြင့်အောက်ခြေတွင် ရှိပါသည်။စတိတ်စင်ပေါ်မှာတော့မိုက်ကရိုဖုန်းနဲ့ စတန်းရှိသည်။ဟော်လို ဂစ်တာတစ်လုံး တွေ့ရက် တွေ့နိုင်မည်။

ဆိုင်မဖွင့်ခင် တစ်ရက်အလို ညနေမှာ ဆိုင်းဆိုင်က ချစ်သူကို ကြွားဖို့ ခေါ်သွားသည်။ဆိုင်းဆိုင်ရဲ့ ဒရိုင်ဘာကြီးကတော့ အလိုက်တသိ ကားထဲမှာ နေကျန်ရစ်ခဲ့သဖြင့် ဆိုင်





အတွင်းသို့ သူတို့နှစ်ဦးသာ အတူဝင်လာခဲ့သည်။

ဆိုင်းဆိုင်က ချစ်သူ လက်ကို တယုတယ ကိုင်ဆွဲပြီး သူ့ဆိုင်ကို ကျေနပ်စွာ လိုက်လံပြသနေလေသည်။

"ညို့ ကြိုက်လား"

"ညို့ သဘောကျလား"

"အဆင်ပြေရဲ့လား ညို့"

"ဒီလိုပုံစံက ခေတ်မီတယ်နော် ညို့"

"ညို့လဲ အိမ်မှာ ပျင်းလုပ်မနေနဲ့၊ကိုယ်နဲ့ အတူတူ ဆိုင်ကို ခဏခဏ လိုက်ပြီး ဘာလေး လိုတယ်ဆိုတာ အကြံပေးရမယ်နော်"

"ကိုယ်တော့ အခု သိပ်ပျော်တာပဲ၊တစ်ခါမှ ကိုယ့် စိတ်ကြိုက် လုပ်ခွင့်မရဖူးတော့ အရမ်းပျော်တယ်ညို့ရယ်"

ချစ်သူက အားတက်သရော တက်တက်ကြွကြွနဲ့ ညို့ရဲ့ စိတ်ကူးတွေလဲ တမေးမေး၊ညို့ရဲ့ သဘောတူညီမှုကိုလည်း တမေးမေး၊သူ့ရဲ့ စိတ်ကူးနဲ့ အပျော်တွေလဲ တပြောပြော...။

ညို့က ဒါကို တမင်တကာ ဂျိုကျချင်စိတ်ပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဂျိကျတော့လေသည်။

"ဟင်း…ကိုနော်၊ညို ရှင့်ကို ကြည့်ရင်း ကြည့်ရင်း တကယ် စိတ်တိုလာပြီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊စေ့စပ်ဖို့ကဖြင့် ဆယ်ရက်လောက်ပဲ လိုတော့တယ်၊ကိုက အဲဒါကို စိတ်တောင် မဝင်စားဘူး၊ဒီဆိုင်ပဲ တသသ ပြောနေ"

"ကိုယ် ပျော်လို့ပါ ညိုရယ်…"

"ဩော်…ဒါဖြင့်ညိုနဲ့ စေ့စပ်ရတာကျတော့ မပျော်တော့ဘူးပေါ့လေ"

"အဲဒီလိုလဲ မဟုတ်ပါဘူး၊ပျော်တာတော့ အကုန်လုံးကို ရောနှောပြီးပျော်နေတာပဲ၊ဘာကို ပျော်မှန်းပဲ မသိတာကွာ"

"တကယ်ဆို ညို့ထက် တခြား ဘာကိုမှ ပိုပြီး စိတ်ဝင်စားဖို့ မကောင်းဘူး"

"ညိုရယ်၊ကိုယ်တို့က အခုမှ ချစ်လှပါချည်ရဲ့ ကြိုက်လှပါချည်ရဲ့လို့ တဖွဖွပြောနေရမယ့် လူတွေလဲ မဟုတ်ဘူး၊သူငယ်ချင်းဘဝ၊ချစ်သူ ဘဝ၊ကြာ



မှကြာပဲ၊တစ်ယောက် ရင်ထဲကို တစ်ယောက်သိကြတာပဲ"

"သိတော့ သိတာပေါ့၊ကို့ကို ချစ်တယ်လို့ပြောခိုင်းနေတာမှ မဟုတ်တာ၊စေ့စပ်ပွဲကို အနည်းအကျဉ်းတောင်မှ စိတ်မဝင်စားဘဲ မမေးနိုင်လောက်အောင် ဖြစ်နေတာကို စိတ်တိုနေတာ သိလား၊ တကယ်ဆို ညို့ကိုလဲ နည်းနည်းတော့ စိတ်ဝင်စားဖို့ သင့်တယ်"

"ဟား…ဟား…ဟား…စိတ်ဝင်စားလို့ပဲ ရွေးလိုက်ပြီးပြီပဲ ညိုရယ်…"

"ကိုနော်··လိုက်ရယ်ပစ်မနေနဲ့၊ညို ပြောတာကို ရယ်ရင် ညို သိပ်စိတ်ဆိုးတာပဲ သိလား"

"ကဲပါ…ကဲပါ ညိုရယ်…၊လာပါ၊ဒီမှာ ထိုင်ပါဦး၊ညိုက ဘာကို စိတ်ဝင်စားစေချင်တာလဲ ပြောပါဦး"

ဆိုင်းဆိုင်သည် ညို့လက်ကိုဆွဲကာ ထောင့် စားပွဲခုံတွင် ဝင်ထိုင်လိုက်ပါသည်။အဲဒီ နားတွင် အလှမွေးငါးကန် အကြီးကြီး ရှိ၏။ထို ငါးကန်ထဲတွင် ရေအောက် ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



အလှအပများကိုလည်း ဆင်ယင်ထားသလို မီးအလင်းရောင်လည်းပေးထားရာ အလှမွေးငါးကလေးတွေကား အင်မတန်ကို ထိုင်ငေးနေချင်စရာ။ပြီးတော့ တစ်ဆိုင်လုံးကလည်း အေးစိမ့်စိမ့်ကလေးနဲ့မို့ နေရတာ တော်တော်ပဲ အဆင်ပြေနေတော့သည်။

"ညို...ကဲ...ပြောပါဦးကွာ၊ဘာလို့ ငါးတွေကို ငေးနေရပြန်တာလဲ"

ဆိုင်းဆိုင်က ညို့ မေးဖျားကလေးကို လက်ညှိုးနဲ့ လှမ်းတို့လျက် ထပ်ပြောလိုက်ပါသည်။

"ကိုက ညိုနဲ့ စေ့စပ်တာကို စိတ်ရောဝင်စားရဲ့လား"

"စိတ်ဝင်စားတာပေါ့ ညိုရယ်၊ကိုယ်လဲ စိတ်လှုပ်ရှားနေတာ ညိုမှ မသိတာကွာ၊မကြာခင် ရက်ပိုင်းအတွင်း ငါ့မှာ သက်ဆိုင်ရမယ့်သူ ရှိတော့မယ်၊ ငါနဲ့ သူ့ကို လူတွေက အသိအမှတ်ပြုခံရတဲ့ စုံတွဲလေးဖြစ်တော့မယ်၊ပြီး တစ်လလောက်ကြာရင် လက်ထပ်ရတော့မယ်၊နှစ်ယောက်တည်း အတူတူနေရတော့မယ်၊ပြီးတော့ ကိုယ့်ကို ညိုက အားကိုး



ရတော့မယ်၊ကိုယ်က ညိုကို ဦးဆောင်ရတော့မယ်၊ တွေ့လား...အဲဒါတွေကို ရင်ထဲမှာ ဘာနဲ့မှ မလဲနိုင်အောင် ပျော်နေတယ်ကွ"

"ဟင်း...ဒါပေမယ့် ကိုက ညို့ကို ညိုဘာရောင်လေး ဝတ်မှာလဲ၊ဘယ်သူနဲ့ အလှပြင်လဲ၊ပန်း ဘယ်စိတ်ကြိုက် မှာလို့ရရဲ့လား၊အဲဒါလေးတွေက ဂရုစိုက်မေးစေချင်တယ်၊ညို နားမလည်တတ် [illegible] ပြော်ချင်ပြော၊ညိုကတော့ ကိုက ညို့အပေါ် အသေးစိတ်ကအစ ဂရုစိုက်စေချင်တယ်၊သိလား"

ဆိုင်းဆိုင်ဟာ ဒီတော့မှ ချစ်သူဘာကို စိတ်ကောက်နေသလဲဆိုတာ ရိပ်မိလျက် 'ဩော်'ခနဲ အာမေဍိတ်သံ ပြုလိုက်ပါသည်။

ညို့ လက်ချောင်းကလေးများကို ဆိုင်းဆိုင်၏ အမူအရာလေးအတိုင်း ဆုပ်ကိုင်ဖျစ်ညှစ်ရင်း...

"ဆောရီး...ဆောရီးညိုရယ်...၊ကိုက အရင်ကလို ညို့အနားမှာ အချိန်ပြည့် မကပ်နိုင်တော့ အသေးအဖွဲလေးတွေမှာ ကိုယ့်ဘက်က လစ်ဟင်းရင်လဲ ခွင့်လွှတ်ပါ ညိုရယ်..."

www.burmeseclassic.com

www.burmeseclassic.com



ညိုသည် စိတ်ကောက်စရာမရှိ ရှာကြံကောက်၊ဂျီကျစရာမရှိ ရှာကြံ ဂျီကျသည်မို့ မျက်နှာခပ်စူစူလေးနဲ့ တမင်မူနွဲ့ကာ...

"ဒါဖြင့်...မေး"

"ဘာလဲ"

"ဟာ...ညို ဘာတွေဝယ်ထားလဲလို့"

"သြော်...သြော်...ကဲ...မေးပါပြီဗျာ၊မေးပါပြီ၊ပြောပါဦး ညိုက ဘယ်လိုလေး ဝတ်မှာလဲ၊အဖြူလား၊အဝါလား၊ပန်းရောင်လား..."

ညိုသည် ပြုံးစိစိ ပြုံးချင်ချင်နဲ့ မေးကလေး ထောက်လျက်...

"ညိုက ပုလဲရောင်"

"ပုလဲရောင်ဆိုတာ ဘာရောင်လဲ"

"ဟိုကွာ....အဖြူပေါ်မှာကွာ...ပန်းရောင်လဲ့လဲ့ အရမ်းဖျော့ပြီး ပါမွန်းတောင် မသိတဲ့ အရောင် ပုလဲလုံးလေးတွေမှာ တွေ့တဲ့အရောင်၊ကို့ကို ညို အင်္ကျီသွားရွေးတဲ့ နေ့ကျ ပြမယ်"

"ဟုတ်ပါပြီ၊ အဲဒီအရောင်က ဘာပုံ ဝတ်မှာလဲ၊ ပြောပါဦး"





"ပိတ်စက တစ်ကိုက်ကို တစ်သောင်းခွဲပေးရတဲ့ဇာလေ"

"ဟာ...အဲဒီလောက်တောင်..."

"ဟုတ်တယ်၊အဲဒါက လေးကိုက် ဝယ်ရတယ်"

"ဘုရား...ဘုရား"

ဆိုင်းဆိုင်သည် မျက်လုံးပြူးရင်ဖိလျက် တမင်ပင် ဘုရားတပြလျှင် ညိုက ရယ်လျက် သူ့ နားရွက်များကိုလိမ်ဆွဲမိလေသည်။

"ဦးကပ်စေး"

"ဦးကပ်စေး မိန်းမဖြစ်ပြီး အဲဒီလောက် ဝယ်ရင် ကျွန်တော်လဲ ဂစ်ဂစ်နဲ့ ဟက်ပြီး သေပါမယ်ခင်ဗျာ"

"ဝယ်မှာပဲ...ဝယ်မှာပဲ၊ကို့ အမေကလဲ သမီးကြိုက်တာ ဝယ်တဲ့၊ညို့ အမေကလဲ ဝယ်ချင်တာ ဝယ်တဲ့၊ဈေးတစ်ခါ ဝယ်ဖို့သွားရင် ဟိုအမေ ဒီအမေတွေကဝိုင်းပေးတဲ့ ဈေးဖိုးတင် နှစ်သိန်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ဟဲ...ဟဲ"

"အင်း..ပြောပါဦး၊အဲ့ဒီ တစ်ကိုက်တစ်သောင်း ခွဲတန် ပိတ်ကို ဘာချုပ်လဲ"

"ဒီဇိုင်နာကို ပုံစံလှလှလေးပေါ့၊သူ့ မျက်စိထဲ လှမယ် ထင်တာမျိုးပေါ့၊ချုပ်နိုင်းလိုက်တယ်၊ပုလဲ လုံးလေးတွေ တွဲလွဲချိတ်ထားတာပေါ့၊စီးကွင်းတွေ ဘော်ကြယ်တွေရော ပါတယ်၊အင်္ကျီနဲ့ လုံချည်ပေါ့၊ အဲဒါမျိုး ဝတ်မယ်၊ဘာဖြစ်လို့လဲဆိုတော့ မေမေက ပုဝါရှည်ကြီး ဇုံချစေချင်တယ်ဆိုလို့လေ၊ပဝါနဲ့ လိုက်အောင် မြန်မာဆန်ဆန်ဝတ်ရတယ်"

"အင်း..."

"ဆံထုံးကလဲ မိတ်ကပ် အောင်အောင်နဲ့ ပြင်မှာဆိုတော့ သူ့ ကြည့်စီစဥ်မယ်တဲ့"

"အင်း..."

"ပန်းကတော့ မကိုင်သေးဘူး၊လက်ကိုင်ပန်း လေ၊အဲဒါ မကိုင်သေးဘူးလို့ ပြောတာ၊လက်ကိုင် ပန်းက မင်္ဂလာဆောင်မှ ကိုင်ရတယ်ဆိုတော့ အခု ညီကြ လက်ကိုင်အိတ်အဖြူဆွတ်ဆွတ်လေး ကိုင်ရ



မယ်၊ဒေါက်မြင့် အဖြူပေါ့၊ဖန် အကြည်လေးနဲ့ သိပ်လှတာပဲ"

"အင်း..."

"ဟာ...ကိုကလဲ၊အိပ်ငိုက်နေတဲ့ အသံကြီးနဲ့ ကွာ...စိတ်ပြန်ကောက်မှာနော်"

"မငိုက်ပါဘူးကွာ၊ကိုယ်က ယောကျ်ားဆိုတော့ ညီ ပြောတာတွေ ခေါင်းထဲမှာ ပုံဖော်မရဘူးဖြစ် နေတယ်၊စေ့စပ်တဲ့နေ့ကျမှ ညီ့ အပြင်အဆင်ကို ကိုယ် မြင်ရတော့မှာပဲလို့ တွေးပြီး အင်းလိုက်နေ တာပါကွာ၊ကဲ...ညီကြ အဲဒါတွေဝတ်တော့ ကိုယ် က ကျတော့ ဟိုနေ့ကပဲ မေမေကိုယ်တိုင်က အင်္ကျီ လိုက်တိုင်းနိုင်းလို့ အတိုင်းခံလိုက်ရတယ်၊ဘာပုံချုပ် မှာလဲ"

"ညီကြ မြန်မာလို ဝတ်မှတော့ ကိုလဲ ပုဆိုးနဲ့ တိုက်ပုံပေါ့၊ဘာပုံဝတ်ချင်လို့တုံး"

"ဒါဖြင့် ပုဆိုးရော..."

"ကိုနော်...ကိုနော်...စိတ်တိုလာပြီ၊ပုဆိုးက ကို့အမေရဲ့ ပိုးထည်ကိုက်ကြီး တစ်ခုလုံး ရှိတဲ့ဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ကို့အမေကိုယ်တိုင်ရော ညီုရော စိတ်တိုင်းကျတာ ရွေးပြီး ချုပ်ပြီးနေပြီ၊အဲဒါတောင် မသိဘူးလား"

"အေးကွာ...မသိလို့ပါ အချစ်လေးရယ်၊ကိုယ့်ကို မေမေက ခေါင်းခေါက်ပြီးဆုံးမသလိုပဲ ဆုံးမ စမ်းပါ"

"ညီုက ဘယ်တော့မှ အဲဒီလိုလုပ်မှာမဟုတ်ဘူး၊ဘာပဲဖြစ်ဖြစ် ကိုက ညီု့ရဲ့ ခင်ပွန်းသည်ဖြစ်ရမယ့်သူ၊အသက်ကြီးသည် ငယ်သည် ရွယ်တူဖြစ်သည်ပဲ ထားပါ၊မိန်းမတစ်ယောက်အတွက် သူ့ရဲ့ ခင်ပွန်းသည် ယောကျာ်းကို ရိုသေသင့်သလောက် ရိုသေရမယ်၊လေးစားရမယ်၊အဲဒါမှ ကိုယ့်ရဲ့ ခင်ပွန်းသည်လဲ ဘုန်းကံမြင့်မယ်၊ဇနီးမယား တစ်ယောက်အနေနဲ့ ပါရမီ ဖြည့်ဖက်ကောင်းပီသမယ်"

"ကြည့်စမ်း...တော်လိုက်တာ၊လိမ္မာလိုက်တာ ညီုလေးရယ်"

"ညီုကလိမ္မာရင် ကိုလဲ လိမ္မာနော်"

"ပြောရမယ့်သူလား ညီုရယ်"

ဆိုင်းဆိုင်သည် ညီု့ ပခုံးလေးကို ထွေးပွေ့ရင်း ပြော



လိုက်ပါသည်။ညီုသည် ချစ်သူ၏ရင်ခွင်တွင် ခေါင်းမှီထားရင်း ဆက်၍ ချွဲနွဲ့စွာပြောလေသည်။

"ညီု့ကို အမြဲ ဂရုစိုက်ရမယ်နော်"

"အေးပါကွာ"

"ညီု့ကို အမြဲ ဘယ်သွားသွား အတူတူခေါ်ရင် ခေါ် တစ်ခါတလေ ညီု မလိုက်ဖြစ်ရင်လဲ သတိ ရရမယ်နော်"

"သတိရမှာပေါ့"

"တခြားကောင်မလေးတွေလှလို့ ကြည့်ချင်လဲ ကြည့်ပေါ့၊ဒါပေမယ့် ညီု့အပေါ်တော့ အချစ် လျော့မသွားရဘူး၊သစ္စာမဖောက်ရဘူး၊ညီု့ တစ်ယောက်တည်းကိုပဲ ချစ်ရမယ်နော်"

"သြော်...ကိုယ့်ကို ပြောနေရသေးလားညီုရယ်၊ကိုယ့် ဘဝမှာ ညီုတစ်ယောက်တည်း သီးသန့်ချစ်ထားတယ်"

"ညီု ကလေး အမေကြီးဖြစ်လို့ အခုလို လှတပတလေးမဟုတ်တော့ရင်ရော..."

"ချစ်မှာပေါ့၊ညီုမေမေကို ချစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''ညိုကလဲ ကို အဘိုးကြီးဖြစ်သွားရင်လဲ ချစ်နေဦးမှာပဲ''

မနက်ဖြန်မှာ အသစ်ဖွင့်ပွဲလုပ်မယ့် ကော်ဖီဆိုင်အသစ်လေးဟာ ဒီနေ့ညနေမှာတော့ ချစ်သူနှစ်ဦးရဲ့ ချစ်ခြင်းကတိတွေနဲ့ စတင်ဖွင့်လှစ်နေခဲ့တယ်။

## ဟာသအဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၂ )

စေ့စပ်ပွဲပြီးသောအခါ မနားရပြန်ပါ။နောက် တစ်လတွင် လက်ထပ်ရန်အတွက် မြရိပ်ညိုဟိုတယ်တွင် ရက်ချိန်းယူထားပြန်ရာ ဟိုဘက်ဒီဘက် မိသားစုတွေ အလုပ်ရှုပ်ကြရဆုံး အချိန်ကာလများပင်ဖြစ်နေလေသည်။

ဆိုင်းဆိုင်မှာ ကော်ဖီဆိုင်ကို ဖွင့်သာဖွင့်လိုက်ရသော်လည်း သူမှာ ဆိုင်ဘက် ပြေးရ၊အိမ်အတွက် ပြင်ဆင်မှုတွေမြန်မြန်အချောသတ်ရနှင့် အလုပ်ဆက်ရှုပ်ပြန်သည်။

ညို့ကို တွေ့တိုင်း(ဒါမှမဟုတ်)ဖုန်းပြောဖြစ်တိုင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဆိုင်ကကွာ တကယ်ဆို စပြီးဖွင့်ဖွင့်ချင်းဆိုတော့ ကိုယ် တစ်နေ့ကုန်နီးပါး ကြီးကြပ်သင့်ရင် ကြီးကြပ်ရမှာကွာ...ခုတော့ အိမ်ကလဲ စိတ်တိုင်းကို မကျနိုင်ဘူးဖြစ်နေတာ၊ဟိုနေရာ ပြန်လုပ်၊ဒီနေရာ ပြန်လုပ်နဲ့ ဖြစ်နေတယ်...

အဲဒီဘက်လဲ ကိုယ် စိတ်မချဘူးဖြစ်နေတယ်၊ ညို့ကိုလဲ ကိုယ် အားနာတယ်ကွာ၊ကိုယ်တို့ စေ့စပ်ပြီးမှ တစ်ပတ်လုံးလုံး မတွေ့ရတော့တဲ့ ရက်တွေတောင် ရှိလာတယ်၊ကိုယ့်ကို နားလည်တယ်မဟုတ်လား ညိုလေး"

ညိုသည် အမှန်တကယ်ဆိုလျှင် ချစ်သူနဲ့ အတူတူ တိုင်တိုင်ပင်ပင် ဝယ်ခြမ်းချင်ပေမယ့် သူ့ဘက်က အလုပ်များနေရသမျှဟာ ကိုယ်နဲ့ သူ အတူတူနေရဖို့ အိမ်ကလေးကို သူ့ စိတ်ကူးနဲ့ သူ လှပချင်တာက တစ်ကြောင်း၊ချစ်သူဟာ သူ အမျှော်လင့်ကြီးမျှော်လင့်ခဲ့တဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ လုပ်ငန်းငယ်ကလေးတစ်ခုကို ဦးစီးခွင့်ရတဲ့ အတွက် ပီတိနဲ့ အလုပ်ရှုပ်ရတာက တစ်ကြောင်း စသည်အကြောင်းကြောင်းတွေကိုနားလည်ခွင့်လွှတ်ပေးလိုက်ရပြန်သည်။



"ကိုကို နားလည်ပါတယ်၊ လက်ထပ်ပြီးရင် ညို နဲ့ အမြဲ အတူတူ ရှိနေတော့မှာပဲ၊ညို အခုလောက်လေး မတွေ့ရတာကို စိတ်မဆိုးတော့ပါဘူး"

"အေးပါကွာ...လက်ထပ်ပြီးရင်တော့ ညို့အနားမှာ ကိုယ်အမြဲ အတူတူရှိမယ်၊အဲဒီ့လိုပဲ ကိုယ်က ကိုယ့်ရဲ့ ကော်ဖီဆိုင်ကို သွားရင်လဲ ညိုက မညည်းမညူ အနားကနေ လိုက်ပေးရမယ်နော်"

"ဒါပေမယ့် ညို ညဘက်တွေဆို ကြောက်တက်မှန်း သိရက်နဲ့ ကိုက သရဲယောင်ခြောက်ပြီး မခြောက်ရဘူးနော်၊ညို့ကို ညဘက်တွေဆို တစ်ယောက်တည်း မထားခဲ့နဲ့နော်၊အပြင်ထွက် မသွားနဲ့နော်"

"ဟဲဟဲ...ဒါတော့ အာမမခံနိုင်ဘူး"

"ဘာ...ဘာရယ်...ညဘက်အပြင်ထွက်မယ်ပေါ့...ညိုကိုတစ်ယောက်တည်းထားခဲ့မယ်ပေါ့၊ အဲဒီ့လိုလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ ကိုယ်ကစ,စရာမရှိရင် ညို့ကိုပဲစမယ်၊ ခြောက်စရာကလဲညိုပဲရှိတာ၊ ညို့ကိုပဲပြန်ခြောက်ရမှာပေါ့၊ အဲဒါကိုပြောတာကွာ ညို့ကို အိမ်မှာတစ်ယောက်တည်းထားပြီးတော့ ညဘက်ကြီးအပြင်ထွက်မလည်ပါဘူးကွာ၊ မိဘလက်ထက်ကတည်းကတောင် မလည်တတ်တာ မိန်းမရမှ ပိုတောင်မလည်သင့်ပါဘူး"

"ကိုနော် ညိုလန့်ပြီးသတိမေ့အောင် ခြောက်တာမျိုးတော့မလုပ်ပါနဲ့"

ဒါပေမယ့် ဆိုင်းဆိုင်က တဟဲဟဲရယ်ကာ ကတိတော့မပေး။ ညိုကား ဒီဘက်မှာ နှုတ်ခမ်းကလေးကိုက်ကာ စိတ်ကောက်ပြီး မပြောမဆိုဖုန်းချသွားသည်။

သူတို့ချင်း မဆုံကြပေမဲ့ ဆိုင်းဆိုင်က မနက်တစ်ခေါက်၊ နေ့လယ်တစ်ခေါက်၊ ညတစ်ခေါက်တော့ ဖုန်းဆက်စမြဲ။

"ညို...နှင်းဆီပင်တွေအပြည့်စိုက်မယ်နော်၊ ညိုက နှင်းဆီကြိုက်တယ်မဟုတ်လား၊ ပြီးတော့ သစ်ခွစင်တွေလဲ လုပ်မယ်၊ အဲဒါကောင်းလား"



လို့ သူက တိုင်ပင်တတ်တဲ့ အကျင့်လေးတော့ရှိတယ်။

"ညို...ခြံထဲမှာ မြားနတ်မောင်ရုပ်လေးရုပ်တုထားမယ်၊ သူ့ရဲ့ မြားတံလေးက ရေပန်းထွက်တဲ့ပုံလုပ်ထားမယ်နော်"

ဟူ၍ ကြံကြံဖန်ဖန် စိတ်ကူးလေးတွေရတိုင်း ပြောပြတတ်တဲ့အကျင့်လည်းရှိတယ်။

"မြက်ခင်းတွေကတော့ စပါယ်ရှယ်ပဲညိုရေ၊ ဒါပေမယ့် မြက်ကတော့ မှန်မှန်လေးရိတ်ပေးရမယ်၊ ဒါမှ ညီပြီး လှနေမှာ၊ ပြီးတော့ ခြံစည်းရိုးပုဏ္ဏာရိက်ပင်တွေကလဲ အမြဲမှန်မှန်ညှပ်ရမယ်၊ အဲဒါတွေအတွက်လဲ မေမေတို့က သူတို့အိမ်မှာ လုပ်တိုင်း ကိုယ်တို့ဆီပါ ငှားတဲ့လူကို ပို့ပို့ပေးမယ်တဲ့၊ ကိုယ်တို့ ခေါင်းမရှုပ်ရဘူးပေါ့"

ဆိုပြီးတော့ တစ်မျိုးလဲပြောပြကတတ်တယ်။

"အိမ်က တစ်ထပ်ခွဲအပေါ်ထပ်၊ အောက်ထပ်လေးကွ၊ အပေါ်ထပ်မှာ အိပ်ခန်းကြီးပဲသုံးခန်း မိန်း Main အခန်းကျယ်ကြီးက ကိုယ်တို့အခန်းပေါ့၊ ကျန်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခန်းလက်လေးတွေက ကလေးတွေရလာရင် သူတို့နေဖို့စဉ်းစားထားတယ်၊ သားဆိုရင် အခန်းကို အပြာနုပေါ့၊ သမီးဆိုရင် ပန်းနုရောင်ပေါ့၊ ညီုကတော့ အစိမ်းရောင်ကြိုက်တဲ့ သူမို့ ကိုယ်တို့အခန်းကို အစိမ်းနုရောင် သုတ်ထားတယ်၊ ညီုကလဲကွာ တစ်ခါမှ လိုက်လဲကြည့်မဖော်မရဘူး"

ဟု တစ်ခါတစ်ရံရက်တွေမှာ ပြောတတ်တယ်၊ သူကလည်း သူ့စိတ်ကူးနဲ့သူ အိမ်အတွင်းအပြင်ပုံဖော်လျက် ကျေနပ်နေချိန်မှာ ညီုကလည်း မင်္ဂလာပွဲအတွက် စိတ်ကူးနဲ့ ပြင်ဆင်ထားသမျှတွေနဲ့ သူ့ကို ပြန်ပြောချင်တိုင်း ဖုန်းဆက်ပြီး ကမေ့တမော ဝမ်းသာကြည်နူးစွာပြောတတ်လေသည်။

"ညီုတို့က လက်ထပ်ဧည့်ခံပွဲမလုပ်ခင်မှာ တစ်ရက်အလိုမှာ လက်မှတ်ထိုးရမှာဆိုတော့ အဲဒီနေ့ကျရင်လဲ တစ်စုံဝတ်ရမယ်...ကိုရဲ့၊ အဲဒါကို မေမေကပဲ ညီုတို့ဝတ်ဖို့ ပိုးချိပ်တွေဒီဇိုင်းအသစ်တွဲ၊ ကြိုရက် ခိုင်းထားတာ ရရချင်း ညီု့ကို လာပြတာ ဆရာ၊ အရမ်းလှတာပဲကိုရယ်၊ သစ္စားရောင်လေး သိလား၊ လက်မှတ်ထိုးမှာကလည်း Hotel Nikko





မှာလုပ်မယ်ဆိုတော့ ဒီလောက်ဝတ်ရမှာတဲ့၊ လူကတော့ သိပ် မများလှပါဘူး၊ ဒါပေမယ့် ခတ်ပုံ၊ ဗီဒီယိုက ရိုက်ဦးမှာကိုး"

ဆိုင်းဆိုင်က ညီု့ရဲ့ မိန်းမပီပီ အခမ်းအနားဏ်ါ သည် ဝါတင့်တယ်ခြင်းတွေအပေါ် ခုံမင်နှစ်သက်နေမှုကို တပြုံးပြုံးနဲ့ နားလည်စွာနားထောင်ပါသည်။

"ဧည့်ခံပွဲနေ့ကျတော့ ညီုမကြိုက်တဲ့ အဝါရောင်ကြီးဝတ်ရမှာကွာ၊ လူကြီးတွေက မင်္ဂလာအရောင်ဒါပဲ၊ ဒါကိုပဲ ဝတ်ရမယ်တဲ့၊ ညီုတော့ သိပ်သဘောမကျပါဘူး"

လို့လဲ ညီုက သူမရဲ့မကျေနပ်မှုကလေးတွေကို လဲ အတင်းပြောတတ်တယ်။

"Dinner ကျရင် ကို့ကို ဟိုကောင်တွေ အရက်အတင်းတိုက်နေရင် သွားစမ်းပြီး မသောက်နဲ့နော်၊ ကိုက တစ်ခါမှလည်းသောက်ဖူးတာမဟုတ်ဘူး၊ တော်ကြာ အမူးလွန်ပြီး အန်ထွက်နေရင် ညီုပဲ အန်ဖတ်ကျုံးရမယ်"

"ကိုယ့် ယောက်ျားအန်ဖတ်ပဲကွာ၊ မင်းက နွံစ



www.burmeseclassic.com

www.burmeseclassic.com



ရာလား"

"ရှိတယ်၊ အန်ဖတ်နဲ့ကိုရရင်တောင် ညိုက အန်ချင်တာနော်"

ဟူ၍လည်း တစ်ချို့ရက်တွေမှာ ကြံဖန် ရန်လိုတတ်ပြန်တယ်။

"ကို့မေမေနဲ့ ညိုမေမေကလဲ ထွင်ပြန်ပြီကွာ၊ မင်္ဂလာဦးဆွမ်းကျွေးကို လုပ်ပေးဦးမယ်တဲ့၊ ညို တော့ပင်ပန်းလှပြီထင်ပြီး ပွဲတွေကို ရပ်ချင်နေတယ်၊ အဲဒါ သူတို့တိုင်ပင်နေကြပြန်ပြီကိုရေ၊ စိတ်ညစ်တယ်တော့"

"ဟုတ်လားကွာ၊ ကိုယ်က ပြီးရင် **Bangkok** ကိုနှစ်ပတ်လောက် ဟန်းနီးမွန်းသွားကြည့်ချင်နေလို့ ကျိတ်ပြီး ကြံစည်နေတာကွာ၊ ဒုက္ခပဲ"

"ဟယ်... ဟုတ်လား...ညိုလဲသွားချင်တယ်ကိုရယ်..."

"အမေတွေကလဲခက်တယ်၊ သူတို့လုပ်ချင်တာချည်းပဲ၊ ကလေးတွေစိတ်ကူးလေးဘာလေး မေးတာမဟုတ်ဘူး၊ ခုထိ ကိုယ်တို့စိတ်ကူးတွေ



ဘာမှမပါဘဲ သူတို့ပဲ စီစဉ်နေတယ်နော်"

"အင်းလေ...သူတို့ ဆွမ်းကျွေးမလုပ်ခင်မှာ ညိုတို့အရင်ထွက်ပြေးနှင့်ရင် ကောင်းမယ်"

"ဟဲဟဲဟဲ...လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ဦး **Bangkok** ကို လူကြီးမိဘတွေမသိအောင် တိတ်တဆိတ် ခိုးပြေးခြင်းပေါ့ကွာ..."

အဲဒီ့လိုမျိုးလေးတွေ ကြံဖန်ပြောပြီးတော့လဲ သူတို့နှစ်ဦး ကြည်နူးရွှင်ပျစွာရယ်မောကြတတ်တာမျိုးလဲရှိတယ်။

အဲဒီ့လိုနဲ့ သူတို့ရဲ့မင်္ဂလာပွဲရက်ကလေးဟာ တဖြည်းဖြည်းနဲ့ ရွေ့လျားရောက်ရှိလာခဲ့လေသည်။ ဆိုင်းဆိုင်၏ စိတ်ကူးနဲ့ပုံဖော်သော အိမ်နဲ့ခြံအပြင်အဆင်ကိုလည်း အပြီးသတ်ပြီးသောနေ့က ညို အပေါ်အဝင် သူငယ်ချင်းတွေတစ်ပြုံကြီး သွားရောက်ငေးမောကြရပါသည်။

ညိုက...ရင်သပ်ရှုမောဖြင့်...။

"သိပ်လှတာပဲ...ကိုရယ်..ညိုသိပ်သဘောကျတာပဲ"

လို့ ရေရွတ်တော့မှ ဆိုင်းဆိုင်ဟာ ရင်ထဲမှာ ရှိသမျှ စိတ်ကူးဆန္ဒတွေပြီးပြည့်စုံသွားသလိုခံစားရပြီး စိတ်အေးသွား

www.burmeseclassic.com

www.burmeseclassic.com



ရှသတဲ့။ ညို့ မျက်နှာတစ်ချက်ညိုခဲ့ရင်တောင် သူ စိတ်အေးနိုင်မည် မထင်။

သူက ညို့ကို အချစ်သည်းလှသူတည်း။

ညိုကရော..။မေးနေစရာလိုမယ်မထင်၊ ညို့ရဲ့ မျက်ဝန်းနက်နက်လဲ့လဲ့လေးတွေထဲမှာသူ့ကိုချစ်လွန်းလှတဲ့ အရိပ်တွေဟာ အစဉ်လွှမ်းမိုးနေပါရဲ့။

မင်္ဂလာလက်မှတ်ထိုးသောနေ့မှာ လက်ထပ်ဧည့်ခံပွဲမကျင်းပခင် တစ်ရက်အလိုတွင် ကျင်းပခြင်းဖြစ်သည်။

ထိုနေ့ နံနက်ခြောက်နာရီကတည်းက ညိုသည် အလှပြင်ခံရခြင်း၊ ဆံထုံးထုံးရခြင်း၊ သင့်တင့်သော လက်ဝတ်ရတနာများဆင်မြန်းရခြင်းတွေဖြင့် မိန်းမပီပီ အလုပ်ရှုပ်ရပါသည်။

ညို ပြင်ဆင်ပြီးသောအခါတွင် မနက်ရှစ်နာရီထိုးလေပြီ။ လက်မှတ်ထိုးမှာက မနက်ကိုးနာရီမှာဖြစ်သည်။



ညိုတို့မိသားစုက ကားတစ်စီး၊ အမျိုးအဆွေများက သူတို့၏ ကားအသီးသီးတွေဖြင့် Hotel Nikko ဆီ စတင်ထွက်လာရသော အခိုက်အတန့်လမ်းခရီးတစ်လျှောက်လုံးမှာတော့ ညိုဟာ မကြာခင် နာရီပိုင်းအတွင်းမှာ ပြောင်းလဲသွားရတော့မယ့် သူမရဲ့ဘဝရုပ်တည်မှုကို ကြည်နူး ရင်ခုန်လျက်တည်း။

ခန်းမသို့ ညိုရောက်ချိန်တွင် ဆိုင်းဆိုင်နှင့် သူ၏ မိဘဆွေမျိုးများ အသိုက်အဝန်းတချို့ အရင်ကြိုရောက်နှင့်နေသည်။

ဆိုင်းဆိုင်က ချစ်သူအနားပြေးကပ်ကာ၊ ညို့လက်ဖျားလေးတွေကို တယုတယဆွဲခေါ်လျက်...။

"သိပ်လှတာပဲ...ညိုရယ်"

"ကိုလဲ သိပ်ချောတာပဲ"

"ကိုယ်တို့ ဒီနေ့တကယ်ပျော်ရတာနော်၊ နှစ်ယောက်ပေါင်းတစ်ဘဝဆိုတာ ဒီနေ့စရမှာ"

"အံမယ်..မဟုတ်သေးပါဘူး၊ သဘက်ခါ ဧည့်ခံပွဲပြီးမှ ဘဝကစမှာ၊ ဒီနေ့ အိမ်မအပ်သေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ သန်ဘက်ခါတဲ့၊ မေမေတို့ ဗေဒင်တွက်ချက်ပြီး သန်ဘက်ခါမှ အိမ်အပ်တာပိုကောင်းတယ်တဲ့ရှင်…"

"ဟုတ်တယ်လေ၊ အဲဒါတော့ ကိုယ်သိပြီးသားပါ၊ ဒါပေမယ့် မနေ့ကနဲ့ဒီနေ့ဆိုတာ မထူးတော့ဘူးကွ၊ ဒီနေ့ဟာကိုယ့်ဘဝပြောင်းသွားတဲ့နေ့ပဲ၊ ညီ့ဘဝလဲ ပြောင်းသွားပြီး၊ ကိုယ်တို့က တရားဝင် လက်မှတ်ရေးထိုးလက်ထပ်ပြီးတဲ့ စုံတွဲအသစ်စက် စက်လေး ဖြစ်သွားပြီဆိုတာ တွေးပြီး ကိုယ် အရမ်း ပျော်တယ်၊ ပြီးတော့ ရင်ထဲမှာလဲ တစ်မျိုးကြီးပဲ…ဟဲဟဲ…"

သူတို့ချင်း အခုမှပင် သေသေချာချာ ဆုံရတော့တာမို့ နှစ်ယောက် သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် စကားပြောတ်ထိုးလို့မဆုံးဖြစ်နေကြသည်။

လူကြီးလူကောင်း တချို့လည်း ဖိတ်ထားသေးသည်ဖြစ်ရာ ခန်းမအတွင်း၌ လူကြီးစုံတွဲရှစ်ဆယ်ခန့်၊ အစုံအညီလည်း ရောက်ရှိနေလေသည်။

"အံမယ်…သတို့သားသတို့သမီးခများ အခုမှ





ပဲ ဘာတွေတိုးတိုးကြိတ်ကြိတ်တိုင်ပင်နေကြတာတုံး"

"ဟုတ်ပါရဲ့ တွေ့ကတည်းက သူတို့ခေါင်းချင်းဆိုင်ပြီး ပြောနေလိုက်ကြတာ၊ ဘာတွေ အခုမှ ကျိတ်တိုင်ပင်နေတာလဲ"

ဆွေမျိုးတစ်ချို့က နောက်ပြောင်တော့ ဆိုင်းဆိုင်က အမှန်အတိုင်းပင် ဝန်ခံလိုက်သည်။

"ကျွန်တော်တို့က မစေ့စပ်ခင်ကလည်း သိပ်မတွေ့ကြရသလောက်ပဲ၊ အလုပ်တွေရှုပ်နေကြတယ်၊ စေ့စပ်တဲ့နေ့ပဲ သေသေချာချာတွေ့ရပြီးနောက်တော့ ကော်ဖီဆိုင်ဖွင့်တာရယ်၊ အိမ်ကိုပြင်ရတာရယ်နဲ့ ကျွန်တော်တို့ တစ်ပတ်နေလို့ တစ်ခါဘောင်မျက်နှာချင်းဆိုင်မတွေ့ဖြစ်ကြဘူးလို့ ပြောရင် ယုံပါ့မလားတောင်မသိဘူး၊ ညီ့ကလဲ အင်္ကျီအဝတ်အစားကိစ္စဘာညာ၊ သူ့ဘာသာပဲ စီစဉ်ရတယ်၊ ကျွန်တော်ကလဲ အိမ်ကို စိတ်တိုင်းမကျတော့ ကိုယ်တိုင်ပဲ တစ်နေကုန်ထိုင်ပြီး ညွှန်ကြားနေရတဲ့နေ့တွေလဲရှိတယ်၊ ဒါကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ အသေအချာကိုမတွေ့ကြရတာ ကြာပြီ၊ ဖုန်းပဲ ပြောဖြစ်ကြတယ်၊ ဒီနေ့မှပဲ အသေအချာအကြာကြီး တွေ့ရလို့ ပြောစရာစကားတွေလဲ ပုံနေတယ်''

မြတ်ကျေးညိုကတော့ ရှက်စနိုးနဲ့ ခေါင်းငုံ့ပြုံးနေခဲ့သည်။

''အံမယ်လေး...အဖြစ်ကလဲသည်းတယ်၊ နောက်ဆိုရင် တစ်နေ့ကုန်မိုးလင်းက မိုးချုပ် ဒီလူ ဒီလူတွေပဲ တွေ့ရတော့မှာများတယ်''

''မမ..ရေ..မမသားက အဖြစ်သည်းတတ်တယ်နော်''

''မေမေ့သား မဟုတ်တော့ဘူးတဲ့''

ဆွေမျိုးတစ်သိုက်က ချစ်စနိုးပိုင်းနောက်ကြသ တွေကြားမှာ သူတို့လဲ ရယ်မောပျော်ရွှင်လို့တည်း။ ဘယ်သူ တွေ ဘယ်လောက်ပျော်ပျော်၊ သူတို့နှစ်ဦးရဲ့ရင်ထဲက အပျော် တွေကိုတော့ ဘယ်လိုမှ မမီနိုင်တာလဲအသေအချာတည်း။

မြတ်ကျေးညိုသည်ကာ ဆံထုံးပုံ့ပုံ့၊ ပဝါစုံချလျက် သန္တာရောင်ဖျော့ဖျော့လေးသမ်းသော ရင်ဖုံးလက်ရှည်အကျီ သန္တာရောင်ရင့်ရင့် ပိုးချိပ်ဆင်လုံချည်နှင့် တင့်တယ်လှ





နေသည်။

ဒါ့အပြင် သူမ၏ မေမေက ပတ္တမြားတစ်ဆင်စာကို ဆင်ယင်ပေးရုံမက ဆိုင်းဆိုင်၏မေမေကလည်း...။

''ဒါသမီးအတွက် မင်္ဂလာလက်ဖွဲ့''

ဟုဆိုကာ သူမကိုယ်တိုင် လာရောက်ဆင်ယင်ပေး လိုက်သော စိန်တစ်ဆင်စာတို့ကြောင့် လက်ဝတ်ရတနာအလှ အပမြိုးပြိုးပြက်ပြက်တွေထဲမှာ မြတ်ကျေးညိုက မင်းသမီး တစ်ပါးလို တင့်တယ်နေပြန်သည်။

လက်မှတ်ထိုးသောနေ့တွင် လူကြီးစုံရာများသာ ဖိတ် ကြားပေမယ့် အခင်ဆုံးသူငယ်ချင်းတွေကတော့ မပါမဖြစ် ပါရသည်ဖြစ်ရာ လှကေသီ၊ ဖြူသွေးနဲ့စိုးစိုး တို့ကတော့ မြတ်ကျေးညိုဘဝရဲ့ ကံကောင်းခြင်းတွေကို တသသပင် အားကျငေးမောနေခဲ့ရလေသည်။

''ကျေးညို...နင်က သူဌေးဖြစ်သွားပြီမို့ ငါ တို့ကို မေ့ဖို့ မစဉ်းစားနဲ့နော်၊ ငါတို့က အတင်း လိုက်ခေါ်မှာပဲ''

''ဟဲဟဲ..ငါက သာမန်လူပါဟယ်၊ ဘာမှမ ဟုတ်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် နင်သိပ်ကံကောင်းတယ်ဟ၊ အဲဒါကို နင်လက်ခံသင့်တယ်"

"ဟုတ်ပါတယ်၊ လက်ခံပါတယ် လက်ခံပါတယ်၊ ကဲ ကျေနပ်တော့"

"ကျေးညို နင်တို့အတွက် ဧည့်ခံပွဲသတင်းနဲ့ အတူ ပါအောင်ငါတို့အုပ်စုကလဲ မင်္ဂလာဆုတောင်းကို သတင်းစာထဲထည့်ထားတယ်သိလား"

"ကျေးဇူးတင်လိုက်ပါတယ်..စိုးရယ်"

အမှန်တော့ ဆိုင်းဆိုင်တို့နဲ့စာလျှင် မြတ်ကျေးညိုတို့ဟာ သာမန်သုံးနိုင်ဖွဲ့နိုင်လူတန်းစား နေနိုင်ရုံသာ ဖြစ်သော အခြေအနေ၊ အဆင့်အတန်း ရှိသူမို့ ဆိုင်းဆိုင်ကဲ့သို့ စိန်ထည်တိုက်၊ ပိုးထည်တိုက်၊ ပိုင်ရှင်၏ တစ်ဦးတည်းသောသားကို လက်ဆက်ခွင့်ရခြင်းသည် ဘေးပတ်ဝန်းကျင်ရှိ လူတိုင်းလူတိုင်း အတွက်တော့ မြတ်ကျေးညိုကံကောင်းလှသည်ဟု သုံးသပ်မှုတွေ ဟိုမှသည်မှ ကြားနေရသည်မှာ မဆန်းလှပါ။

တရားသူကြီးရုံးတွဲရောက်သောအခါ သူတို့ရဲ့လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးမှုကို စတင်ကြပါသည်။

တစ်ဖန် ဆိုင်းဆိုင်၏ မိခင်ကပင် စီစဉ်ထားနဲ့သော



စုလျားရစ်ပတ်မှုအခမ်းအနားကိုလဲ ယပ်မိကျင်းပပြန်သည်။

ဆိုင်းဆိုင်နဲ့မြတ်ကျေးညိုတို့၏ လက်ဖဝါးနှစ်ဘက်ကို ပိုးပဝါအဝါရင့်ရောင်ဖြင့် ချည်နှောင်ပြီး စုလျားလက်ထပ်ပေးခြင်းဖြစ်သည်။

"ကျွန်မတို့မိသားစုအစဉ်အဆက်မှာလဲ ဒီလိုလုပ်လေ့လုပ်ထရှိတယ်လေ"

"ကဲ...ကဲ ဒီအစီအစဉ်မှာတော့ လက်ထပ်လက်ခွပ်လဲတာမထည့်သေးပါဘူး...

ဧည့်ခံပွဲနေ့ကျမှ လက်ထပ်လက်စွပ်လဲပေးမှာမို့ သားနဲ့သမီးလက်မှတ်ထိုးတဲ့အခမ်းအနားကတော့ ပြီးပါပြီ"

"ဟုတ်ပါတယ်၊ ဒီတော့...ဧည့်ခံကျွေးမွေးသမျှ စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်ပါပြီ"

ဆိုင်းဆိုင်နဲ့မြတ်ကျေးညိုတို့ကတော့ လက်ထပ်စာ...ပ်လေးတွေ အသီးသီးငြင်ဝယ်ပိုက်လျက် အပြုံးတွေဆင့်...ပြုံးတွေဖလှယ်။

"ဈော...ညိုယူထားလိုက်၊စာချုပ်နှစ်ခုလုံးအမြဲ

www.burmeseclassic.com

www.burmeseclassic.com



တမ်း အတူတူထားရမယ်ညိုရဲ့၊ ညို့ကိုအပ်ရမယ်၊ ညိုက ကိုယ့်ကို ပိုင်သွားပြီးနော်''

''ညိုပျော်လိုက်တာ..''

မြတ်ကျေးညိုက ရင်ထဲမှ လာသော အသံဖြင့် ဝန်ခံလိုက်သောအခါ ဆိုင်းဆိုင်၏ ရင်ထဲမှာတော့ ငြိမ်းချမ်းသွားခဲ့ရလေသည်။



( ၁၃ )

လက်မှတ်ထိုးပြီးသော ညနေတွင် ဆိုင်းဆိုင်ရော မြတ်ကျေးညိုပါ ကိုယ့်မိဘအိမ်ကိုယ်ပြန်နားကြပြီး နောက်တစ်နေ့မနက်တွင် ဆိုင်းဆိုင်သည် သူ၏ကော်ဖီဆိုင်ကို သွားလိုသဖြင့် အရင်ဆုံး မေမေ့ကိုခွင့်တောင်းလိုက်သည်။

''ဟဲ့သားရယ် မနက်ဖြန်ပဲ ညည့်ခံပွဲလုပ်မယ့်ဟာ တစ်နေ့တစ်လေ အိမ်မှာ အငြိမ်နေပါလား''

''ခဏလေးသွားကြည့်မှာပါ မေမေ၊ မနက်ဖြန်ကလည်း တစ်နေကုန်ပိတ်မှာဆိုတော့...''



www.burmeseclassic.com

www.burmeseclassic.com



"အေး…ပိတ်တာက ပိတ်ပေါ့၊ မင်းဆိုင်က လဲ အပျော်သဘောဖွင့်တာပဲ၊ အဲဒီလောက်ဂရုစိုက်ဖို့ လိုသလား"

"မဟုတ်ဘူးမေမေ၊ ဒီနေ့ ကိုငှက်ကြီးက လာဆိုပေးမယ်လို့ ရက်ချိန်းပေးထားတယ်၊ သူ့ဆီက ဒီနေ့မှပဲ ရက်ချိန်းပေးလို့ပါ"

"ဘယ်သူ ကိုငှက်ကြီးဆိုတာဘယ်သူမို့လဲ"

"ဟို…အဆိုတော် ထူးအိမ်သင်ကိုပြောတာပါ၊ သူ့ကိုခင်မင်တဲ့အနေနဲ့ Nick name ခေါ်တာ မေမေ"

ဖေဖေက အခုမှ ကော်ဖီပိုင်းကို ဝင်ထိုင်လျက်…

"မင်း အဆိုတော်က ဘယ်အချိန်လာမှာမို့လို့လဲ"

"ညနေပိုင်းလေးပါဖေဖေ၊ လေးနာရီနဲ့ ငါးနာရီကြားလာမယ်တဲ့"

"ဖေဖေကတော့ မသွားစေချင်ဘူး…အေး… ဒါပေမယ့် အဆိုတော်ကြီးတစ်ယောက်လုံးကို ကိုယ်ကဖိတ်ထားပြီးဆိုင်ရှင်ကမရှိဘူးဆိုတာလဲ မသင့်



တော်ပါဘူး၊ သွားချင်ရင် ခဏတစ်ဖြုတ်သွားပေါ့"

"ခန့်မျိုးနဲ့ သူရအောင်လဲ လိုက်မှာပါ၊ သူတို့လဲ ထူးအိမ်သင်ကို လိုက်ကြည့်ချင်ကြတယ်"

"ဒါဖြင့် ဘယ်သူ့ကားနဲ့ သွားမှာလဲ"

"သူရအောင်ကားနဲ့ပါ၊သူလာခေါ်မယ်ဖေဖေ"

"အေး..ဒါဖြင့်လဲသွား၊ ညနေခြောက်နာရီခွဲလောက်တော့ အရောက်ပြန်"

မေမေက စိတ်မချသလိုအသံနဲ့…။

"သူရအောင်ကို ကားဂရုစိုက်မောင်းခိုင်း နော်သား၊ သတို့သားလောင်းဆိုတာ အစစ သတိထားရတယ်၊ဟဲ့ခြော်…မေ့လို့…မေ့လို့၊ ကျေးညို လေးကိုလဲ အသိပေးလိုက်ပါဦး၊ သူက အခုဆို သားရဲ့ ဇနီးသည်ဖြစ်နေပြီကွယ့်၊ ဘယ်သွားသွား ဘယ်လာလာ သူ့ကိုတိုင်ပင်သင့်တယ်၊ အသိပေးသင့်တယ်"

"ဟုတ်ကဲ့"

ဆိုင်းဆိုင်သည် ဇနီးသည်ဟူသော အသုံးအနှုန်းအခသစ်ကြောင့် ရင်ထဲမှာ နွေးနေကာ အရင်တုန်းက မခံစားရ

www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ ခံစားချက်အသစ်တစ်မျိုးကိုလဲ စာဖွဲ့၍ပင် မပြနိုင်တော့ချေ။

ဆိုင်းဆိုင်သည် ညို့ထံဖုန်းဆက်ခေါ်လျှင် ညိုက...

"ဟဲလို"

ဟုထူးသံကြားကြားချင်း ဆိုင်းဆိုင်သည်...။

"ဟဲလို...မိန်းမ၊ ကိုယ်ပါကွ၊ ညိုယောက်ျားပါ"

ညိုသည် ဒီဘက်တွင် နှုတ်ခမ်းလေးကိုက်ရင်း ပြုံးစေ့စေ့ဖြင့် ဖုန်းခွက်ကို ယောင်ပြီးတော့တောင် မျက်စောင်းထိုးမိသတဲ့။

"ဘယ်လိုဖြစ်ရပြန်တာလဲ၊ အိမ်ထောင်သက်ဖြင့် တစ်ရက်မပြည့်သေးဘူး၊ သူ့ကိုယ်သူ နှစ်ပေါင်းအစိတ်လောက် ပေါင်းသင်းလာတဲ့ လင်မယားလို့ထင်တဲ့ ရောဂါရနေပြန်ပြီ"

"ညိုက အဲဒီလို ခေါ်တာ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်၊ ကဲ...ပြော..ဘာကြောင့်ဖုန်းဆက်တာလဲ"

"ကိုယ်...ညို့ကိုခွင့်တောင်းမလို့"





"အံမယ်.."

"ညိုက ကိုယ့်မိန်းမလေ၊ မိန်းမခွင့်ပြုမိန့်ကျအောင် ခွင့်တောင်းရတာပေါ့"

"ကဲ...ပြောပါဦး၊ ဘာလဲ"

"ကိုယ် ညနေလေးနာရီကနေ ခြောက်နာရီအထိကွာ ဆိုင်ကိုခဏသွားရမယ်၊ ခန့်မိုးနဲ့သူရအောင်လဲပါပါတယ်၊ သူရအောင်ကားနဲ့သွားမယ်၊ အဲဒါညို့ကို အသိလဲပေးရင်း ခွင့်လဲတောင်းတာပါ"

"ဘာကိစ္စရှိလို့လဲ"

"ထူးအိမ်သင် ဆိုင်ကို လာဆိုပေးဖို့ ဖိတ်ထားတယ်ကွ၊ အဲဒါ ကိုယ်တို့လက်မှတ်မထိုးခင် ညကမှ သူက ဒီနေ့အားတယ် လာဆိုမယ်လို့ ရက်ချိန်းပေးတာနဲ့ကွာ၊ ညိုလဲနားလည်မှာပါ၊ ကိုယ့်ဆိုင်က ဘာမှနာမည်မထွက်ခင်မှာ နာမည်ကြီးအဆိုတော်တစ်ယောက်ကလာဆိုမယ်ဆိုတော့ ကိုယ်က တလေးတစားသွားစောင့်သင့်တယ်၊ သူပေးတဲ့ရက်ကို မငြင်းပဲ အထွန့်မတက်ပဲ ယူသင့်တယ်လေ၊ ဟုတ်တယ်နော်...ညို"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ...ဟုတ်တာပေါ့၊ သွားပါ၊ ညို တောင်လိုက်ကြည့်ချင်တယ်"

"ဟာ...ဒါဆို ကိုယ်ဝင်ခေါ်မယ်လေ၊ ညို ပိုပျော်စရာကောင်းတာပေါ့"

"ဒါပေမယ့် မေမေက ညို့ကို သတို့သမီး လောင်းတဲ့၊ ကူနွေ့ရရ အိမ်ထဲမှာနေရမယ်တဲ့၊ ဟို သွားဒီသွားမလုပ်ရဘူးတဲ့၊ မှာထားတယ်ကိုရယ်၊ အဲဒါကြောင့် လိုက်ရမှာမဟုတ်ဘူး"

"ဟာကွာ...."

"ကိုပဲ သွားလိုက်ပါ၊ နောက်ပိုင်းလဲ ဒီလို အခွင့်အရေးတွေ ခဏခဏရမှာပဲ၊ အဲဒီကျ ညို အမြဲ လိုက်လို့ရပါပြီ"

"ဟုတ်တယ်ကွာ၊ ကိုယ်က ညို့ကို ကိုယ်နဲ့အမြဲ တူတူအမြဲခေါ်သွားချင်နေတာ၊ ဒီတစ်နေ့တော့ အောင့်ထားလိုက်ပါ့မယ်"

"ကို...ဂရုတစိုက်သွားနော်၊ အိမ်ကို ခပ်စော စောပြန်နော်၊ ညကျညိုဆီဖုန်းဆက်ဖို့လဲမမေ့နဲ့ နော်၊ အေးအေးဆေးဆေးအနားယူထားနော်၊



မနက်ဖြန်က တစ်နေကုန်ပင်ပန်းမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ..."

ညိုက အသံသဲ့သဲ့ ရယ်ရင်းဖုန်းချလိုက်ပါသည်။ ကိုက ခုတစ်လောတွေမှာ ညို့ကိုပြန်ပြီး ဖုန်းထဲကနေ ခြောက်လှန့်တာမျိုးတွေလုပ်တတ်သဖြင့် ညိုသည် သိပ်ပြီးကြောက်လှတာမဟုတ်ပေမယ့် အမူပိုလျက် ဟန်ဆောင်ကြောက်ရွံ့ပြ တတ်ပါရဲ့ရှင်။ညနေလေးနာရီမထိုးခင်တွင် ဆိုင်းဆိုင်သည် အဖြစ်သည်းပြကာ သူ့ရဲ့ ဆယ်လူလာဖုန်းဖြင့်...။

"ညို...ကိုယ်အနုဆိုင်ကိုသွားနေပြီသိလား၊ သူရအောင် ကားပေါ်ကနေ လှမ်းဆက်လိုက်တာ ပြန်ရောက်ရင်လဲ ညို စိတ်အေးရအောင် ထပ်ပြီး ဆက်လိုက်ဦးမယ်"

လို့လည်း အသိပေးသွားခဲ့ပြန်သည်။

သူတို့ဆိုင်ကို ရောက်မဲ့အချိန်လောက်မှာ ညိုကတော့ သတို့သမီးအရံလုပ်မယ့် ဖြူသွေးနဲ့ စိုးစိုးဆီဖုန်းဆက်ခြင်း၊ ပန်းကြဲပေးမယ့် လှကေသီဆီဖုန်းဆက်ခြင်းတွေနဲ့ အလုပ်ရှုပ် နေရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ညနေ ၆း၂၅ နာရီအချိန်

မြတ်ကျေးညိုသည် ဖုန်းထဲက တစ်ဆင့်ကြားလိုက်ရသောသတင်းစကားတစ်ခုကြောင့် ဖုန်းခွက်ကို ကိုင်လျက်ငေးကြောင်နေလေသည်။

''ဟဲလို…ဟဲလို…သမီးကျေးညို နားထောင်နေသေးလားကွယ်''

တစ်ဘက်ကအသံမှာ ဆက်တိုက်ခေါ်နေသော်လည်း ညိုသည် ပြန်ထူးဖို့မေ့ကာ ဘာစကားမှ ပြောမထွက်တော့ချေ။



ညို့ရဲ့ဖြစ်အင်ကို သတိထားမိသွားသော မေမေကပြေးလာပြီး ညိုလက်ထဲမှ ဖုန်းခွက်ကို လှမ်းယူပြီး နားထောင်လိုက်သည်။

''အံမယ်လေး…ညိုရယ်…ဒုက္ခတော့ရောက်ပါပြီ…သမီးရယ်''

ဟု မေမေသည်ကား ပြောလည်းပြော ဖုန်းလည်းချ ညို့ကိုလည်း ဖက်၍ငိုလျှင် ညိုသည် ပျော့ခွေလဲကျသွားခဲ့လေပြီ။

ညို…သတိရသောအခါ ညို့ကို ငုံ့ကြည့်နေသော မိဘနှစ်ပါး၏မျက်နှာကို အရင်ဆုံးတွေ့ခွင့်ရလိုက်၏။

ညိုသည် သတိရရချင်း ရှိုက်ကြီးတငင်ငိုလျက်…။

''သူ…အခုဘယ်မှာလဲဟင်၊ သူ့ဆီသွားချင်တယ်၊ ညို့ကို လိုက်ပို့ပေးကြပါ၊ ညို…သူ့ကိုတွေ့ချင်တယ်''

လို့ ဗလုံးဗထွေးစပြီးပြောလိုက်သည်။

''သွားမှာပါ၊ မေမေတို့လဲ သမီးအရင်ဆုံးသတိရအောင် စောင့်နေရသေးလို့ ခုထိမသွားရသေးဘူး''

www.burmeseclassic.com



"အခု ဘယ်နှစ်နာရီလဲ"

"ရှစ်နာရီကျော်ပြီ သမီး"

ညိုသည် အဖြစ်အပျက်ကို မယုံကြည်နိုင်လောက်အောင် ပူကျုံးမရဖြစ်စွာ တွေးတောငေးမောလျက် ချစ်သူရှိရာဆီ ရောက်လာခဲ့လေသည်။

ဆေးရုံရောက်တော့ သူ့ရဲ့မိဘဆွေမျိုးအစုံအလင်၊ ခန့်မျိုး၊ သူရအောင်၊ လှကေသီ၊ ဖြူသွေးနဲ့စိုးစိုးတို့လည်း ဝမ်းနည်းကြေကွဲနေသော မျက်လုံးများဖြင့် ညိုကို ဝိုင်းကြိုဆိုခံရတော့တာဖြစ်သည်။

ညိုသည် ဘယ်သူ့ကိုမှ ဘာစကားမှလည်းမပြော၊ မေးလည်းမမေး၊ ကြည့်လည်းမကြည့်၊ သဟိုလည်းမပြုမိ။

ညို့အာရုံတွေဟာ ဆေးရုံရှိ ခုတင်ပေါ်တွင် လဲလျောင်းနေသော ချစ်သူ့ထံမှာသာ...။

ညိုသည် ကို့ရဲ့လက်ဖဝါးလေးတစ်ဖက်ကို အသာဆုပ်ကိုင်ပြီး ငေးကြည့်နေမိပါသည်။

ခန့်မျိုးက ညို့ကိုရင်မဆိုင်ရဲသလို အနားကပ်လာရင်း ခပ်ရှုံ့ရှုံ့အသံဖြင့်...။

"ငါတို့အပြစ်ပါကျေးညို"



ဟု စပြီး ခပ်တိုးတိုးပြောသည်။

"ဆိုင်မှာ သီချင်းဆိုပွဲက လေးနာရီခွဲကျော်မှာပြီးသွားတယ်၊ လူလဲတော်တော်စည်တယ်၊ ငါတို့လဲ အရမ်းပျော်ကြတယ်၊ အပျော်လွန်တော့ စိတ်က အေးအေးဆေးဆေးမနေချင်တော့ဘူး၊ ငယ်ငယ်တုန်းကရော ကျောင်းတုန်းကရော ငါတို့သုံးယောက်သိပ်ဝါသနာတူတဲ့အလုပ်တစ်ခုကို လုပ်ချင်စိတ်စပြီးဖြစ်လာတာငါပါ၊ ငါကပဲစပြီး ထုတ်ပြောမိတယ်"

"ခန့်မျိုးကထုတ်ပြောတော့ ငါကပါ ဝမ်းသာအားရထောက်ခံပြီး သဘောတူလိုက်တယ်၊ ငါ့အပြစ်က အဲဒါတင်မကဘူး၊ ဆိုင်းဆိုင်ကိုပါ ခေါ်မိလိုက်တာပဲ"

"သူရက ခေါ်တော့ ဆိုင်းဆိုင်က မလိုက်ချင်ပါဘူး...ကျေးညို၊ နင်မကြိုက်တဲ့ အလုပ်ကို မလုပ်တော့ပါဘူးတဲ့ သူပြောပါတယ်ဟာ.."

"ဒါပေမယ့်...ငါတို့ကဟာ...အရမ်းအပျော်လွန်နေတော့ တစ်ရက်တည်းပါကွာ၊ ဒီနေ့က

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် လွတ်လွတ်လပ်လပ်စိတ်လွတ်ကိုယ်လွတ် သွားခွင့်ရတာ နောက်ဆုံးပါလို့ ပြောလဲပြောမိတယ်၊ နောက်ဆုံးကျေးညိုဆိုတဲ့ သံယောဇဉ်အပြင် သံယောဇဉ် အဆွယ်အပွားတွေကလဲ ပါနေမှာမို့ မင်းဒီလိုတောင်လုပ်ဖို့စိတ်ကူးမယ် မထင်ဘူးဆိုပြီး သူ့ကို ဆွယ်မိတယ်···ကျေးညိုရယ်''

''တစ်မှတ်တိုင်လောက်ပဲကွာပေါ့၊ တွယ်စီးကြရအောင်ပေါ့၊ အတင်းခေါ်မိတဲ့သဘောလဲဖြစ်သွားတယ်၊ အဲဒီမှာသူလဲ စိတ်ပါလာပြီး ငါတို့နဲ့အတူတူ သုံးယောက်သား ကားမှတ်တိုင်ကို ချက်ချင်းထွက်ခဲ့ကြတယ်၊ မိုးလဲမချုပ်ချင်တာမို့ တွေ့တွေ့ချင်း လိုင်းကားကိုပဲ မရမက တိုးဝှေ့တွယ်စီးလိုက်ကြတယ်''

သူရအောင်က နောက်ဆုံးတော့ တိုးတိမ်သွားသောအသံဖြင့်····။

''အဲဒီမှာ မမျှော်လင့်ပဲ သူကပြုတ်ကျသွားခဲ့တယ် ကျေးညို၊ ကားကို တစ်မှတ်တိုင်ပြည့်အောင်တောင်မစီးရသေးခင် သူဘယ်လိုက ဘယ်လိုဖြစ်





တယ်မသိဘူး၊ လက်လွတ်ပြီး ပက်လက်လန်ကျသွားတယ်၊ ငါလိုက်ဆွဲပေမယ့် မမီလိုက်ဘူး''

မြတ်ကျေးညိုသည် သူတို့ပြောသမျှကို မျက်နှာအမူအရာပြောင်းလဲခြင်းကင်းစွာဖြင့် အငေးသား အကြောင်သားနားထောင်နေသည်။ ငြိမ်သက်လွန်းနေသည်။

''ညို···သမီး···စကားပြောလိုက်လေ၊ ဒါမှမဟုတ် ငိုရင်လဲငိုလိုက်လေ၊ အဲဒီလိုကြီး ငြိမ်မနေနဲ့ကွယ်၊ သားရယ် မင်းညို့ကို သိပ်ချစ်တယ်ဆိုမင်းသိပ်ချစ်ရတဲ့ချစ်သူဆီ အတူတူနေဖို့ ပြန်လာခဲ့ပါ သားရယ်''

ဆိုင်းဆိုင်၏ အမေသည် ညို့ကိုကိုင်လှုပ်ပြောရင်းသူမကား ထပ်မံ၍ သတိမေ့လဲတော့လေသည်။ ညိုကဘယ်သူ့ကို ဦးတည်မေးမှန်းမသိသော မေးခွန်းတစ်ခုကိုမေးလိုက်သည်။

''သူ···ဘာဖြစ်သွားတာလဲ''

''ခေါင်းထိသွားတယ်ညို၊ ဒါပေမယ့် ခေါင်းက မကွဲဘူး လူက သတိလုံးဝမေ့နေတယ်''

လှကေသီက ခပ်တိုးတိုးဝင်ဖြေစဉ်မှာပင် ဆရာနှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ညို့ကိုစိုက်ကြည့်ရင်းသေသေချာချာ ရှင်းပြပါသည်။

"ဦးခေါင်းခွံအတွင်းသွေးယိုစိမ့်မှု( Intracranial Haemorrage)တော့ ရှိနိုင်တယ်လို့ ယူဆကြတယ်၊ ဓာတ်မှန်ရိုက်တော့လဲ ဘယ်နေရာဆိုတာ တိကျကျမတွေ့ကြဘူး သမီး၊ ကားပေါ်က ပက်လက်လန် လဲကျတယ်ဆိုတော့ ဦးခေါင်းနောက်ဘက်မှာရှိနိုင်မယ်လို့ ယူဆထားတယ်၊ ဦးခေါင်းခွံကိုဖောက်ပြီး သွေးခဲတဲ့ နေရာတွေတော့ ရှာနိုင်ပေမယ့် မျှော်လင့်ချက်သိပ်နည်းနေပြီသမီး၊ ကာယကံရှင်တွေက လုပ်စေချင်ရင်တော့ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ပိုပြီး တော့အကျိုးမထူးဘူးပေါ့၊ အခုတောင် အသက်ရှူ စက်ကြောင့် သူ အသက်ရှူနေတယ်လို့ယူဆပါ သမီး၊ ဒီတော့ ကာယကံရှင်တွေ သဘောအတိုင်း ဖြစ်စေချင်တာကိုတော့ လုပ်ပေးမယ်...အားလုံး တိုင်ပင်ကြပါဦး"

မြတ်ကျေးညို့သည် ခန္ဓာကိုယ်တစ်ခုလုံးတွင် ပွန်းရာပဲ့ရာမျှပင်မတွေ့ရပဲ သွေးနဲ့တူတာဆိုလို့ ဘာမှမတွေ့ရပဲ၊

—

အကောင်းပကတိ အတိုင်း အိပ်ပျော်နေသလိုထင်ရသော ချစ်သူကို တွေတွေကလေး ငေးနေရုံအပြင် မပိုတော့ပြီ။ သူမတွင် ထပ်ပြောစရာစကားလုံးတွေ ချို့တဲ့နေခဲ့ပြီ။

ဩော်...ကိုရယ်။ ကို့ရဲ့ အသက်ရှူခြင်းတွေဟာ စက်ကရိယာတွေနဲ့ ဖန်တီးထားရပြီတဲ့လား။ ညို ဘယ်လိုလုပ် ယုံရတော့မလဲ။

မနက်ဖြန်မှာ လက်ထပ်ညှော်ခံပွဲကို ကျင်းပတော့မယ်လေကိုရဲ့။ မနက်ဖြန်မှာစပြီး နှစ်ယောက်အတူဘဝတစ်ဘဝကိုစပြီးတည်ဆောက်ရတော့မှာလေ။

တစ်သက်လုံး ကို့စိတ်တိုင်းကျ လုပ်ခွင့် မရခဲ့တဲ့ စိတ်ဆန္ဒမှန်သမျှချုပ်နှောင်ခံခြင်းတွေထဲမှာ နေခဲ့ရတဲ့ ကိုဟာ ခုတစ်လောလေးမှာမှ ထူးထူးဆန်းဆန်းရနေတဲ့ အခွင့်အရေးသစ်တွေထဲမှာ လွတ်လွတ်လပ်လပ်ပျော်ရမှာ။ အကြာကြီး ပျော်ရတော့မှာကို ဘာလို့ မိုက်မိုက်မဲမဲနဲ့ ခဏလေးပျော်ရတဲ့ အဖြစ်ကို ဖန်တီးရသလဲ။

ကို့ကို မိုက်တယ်လို့ အပြစ်မတင်ရက်တော့ပါဘူး။ ကံကြမ္မာကိုပဲ အပြစ်တင်ပါတော့မယ် ကိုရယ်...။

ကို...ညို့အနားမှာမရှိတော့ရင် ညိုရော ဘာအဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့မှာလဲ၊ ညို့ဘဝက ဘာများ ပျော်စရာကောင်းဦးတော့မလဲ။

မြတ်ကျေးညိုသည် ချစ်သူကို စိုက်ကြည့်လျက် ချစ်သူ၏ ရင်ဘတ်ပေါ်သို့ ခေါင်းမှောက်ထားလိုက်တော့လေသည်။ ချစ်သူရဲ့နှလုံးသားက ကြားအောင်ခပ်တိုးတိုးလေး တစ်ခွန်း မှာနေတယ်ဆိုတာ မည်သူမှ မသိစေလို။

မြတ်ကျေးညိုတစ်ယောက်ပဲ သိနေခံစားနေချင်သော အတ္ထုတစ်ခုနဲ့တည်း။

# မနက်ဖြန်တို့ရဲ့အဆုံးမဲ့ခရီးရှည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

မြတ်ကျေးညိုသည် ညဘက်တွေဆိုလျှင် တမင်တကာကို ထိုင်ပြီး မျှော်သော အလုပ်တစ်ခုယခုဆိုလျှင် ရလာခဲ့ပြီ။

လူမသိ၊ သူမသိ၊ အိမ်ကမိဘနဲ့ အစ်ကိုတွေလဲမသိ။ သူမ၏အခန်းထဲတွင် မီးတောင်မဖွင့်။ မီးကို အမှောင်ချကာ ပြတင်းပေါက်တံခါးကိုဖွင့်ကာ တစ်စုံတစ်ရာကို အမြဲပဲ မျှော်တလင့်လင့် စောင့်နေတတ်ပြီ။

အဝေးက၊ မနီးမဝေးက ဒါမှမဟုတ် အနီးအပါးက

www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံသဲ့သဲ့လေးကြားရရင် သူမမှာ စိတ်လှုပ်ရှားလျက် ကြံဖန်ပျော်တတ်လာပြီ။ အရင်ကလို တွေးပြီး ကြောက်တာ၊ မဆီမဆိုင် လန့်တတ်တာတွေမရှိတော့ပြီ။

ဒါ့အပြင် သူမ၏ အခန်းအတွင်း ဒါမှမဟုတ် အခန်းအပြင်ဘက် ပြတင်းပေါက်မှ အသံကလေးတချို့၊ ညရဲ့ အသံတချို့ သဲ့သဲ့လေးမကြားလိုက်နဲ့ ကြားလိုက်တာနဲ့ ဝမ်းသာအားရပင် . . .

"ကိုလားဟင် . . . ကို . . လာပြီလား . . ."

ဟု ခပ်တိုးတိုး လှမ်းမေးတတ်သည်။

ပြီးတော့ . . .။

"ညိုကို လာခေါ်တာလား . . . .ကို၊ လာ နှုတ်ဆက်တာတော့မလုပ်နဲ့နော်၊ နှုတ်ဆက်ပြီးရင် ကိုက အပြီးသွားမယ်ဆိုတာ ညိုသိနေတယ်၊ ညို့ကို နှုတ်မဆက်ပါနဲ့၊ ညို့အနားကို ခဏ လာတာပဲ လုပ်ပါ၊ ညို့ဆီဖုန်းဆက်ပါ၊ ညို့အိပ်မက်တွေထဲ မှာ လာစကား ပြောပါ၊ ညိုနဲ့အတူတူရှိနေပါနော်၊ ညို့ကို ထားမသွားပါနဲ့"

မြတ်ကျေးညိုသည် ဤကဲ့သို့ပင် ထင်ရာမြင်ရာတွေ



ကို တတွတ်တွတ် တိုးတိုးပြောနေတတ်ပါသည်။ ညဘက် ညဘက်တွေမှာ သူမ ဘယ်တော့မှ မအိပ်တော့ပဲ ချစ်သူအလာကို စောင့်မယ်ဆိုသည့်လွဲမှားသော စိတ်ကူးအသစ်တစ်ခုကို စွဲမြဲယုံကြည်နေတော့လေသည်။

"ငယ်ငယ်တုန်းက သူများကို ခေါ်တတ် လှန့်တတ်တဲ့ . . .ကိုက . .ညို့ကိုလဲအလွတ်မပေးဘူး၊- ခေါ်တာပဲနော်၊ ညိုအရင်က ကြောက်တယ်၊ အခု မကြောက်တော့ဘူးကိုရယ် . . .

ညို့ကိုလာတွေ့ပါ၊ လာစကားပြောပါ၊ ညို ကြောက်အောင်လုပ်ပါ၊ ကိုနဲ့တွေ့ခွင့်ပေးပါ၊ ကို့ရဲ့ နောက်ဆုံး အချိန်ထိ ညို ဘာစကားမှမပြောပဲကို ရင်ဘတ်မှာ ကပ်ပြီး စိတ်ထဲကနေမှာထားခဲ့တယ်လေ၊ ကို . .ညို့အနားမှာ အမြဲလာနေပါလို့ မှာထားတယ်၊ ကို . . .ညို့ကိုချစ်တယ်ဆိုရင် ညို ရှိတဲ့နေရာတိုင်းမှာ ကိုလဲ အမြဲရှိရမယ်နော်"

မြတ်ကျေးညိုသည်ကား စိတ် မူမမှန်တော့သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပြီ။ နေ့ဘက်တွေမှာတော့ မဂတိ လူကောင်းတစ်ယောက်ပေမယ့် ညဘက်လူခြေတိတ်

www.burmeseclassic.com

www.burmeseclassic.com



ချိန် လူတွေအားလုံးအိပ်ပျော်ချိန်မှာတော့ သူမဏ်ဘဝထဲမှာ မရှိတော့ပြီဖြစ်သော ချစ်သူကို တမ်းတခေါ်ငင်လျက် စကားတွေ တတွတ်တွတ် တစ်ညလုံးပင် မမောတမ်း ပြောနေတော့သတဲ့။

မြတ်ကျေးညိုကတော့ ယုံကြည်ထားဆဲပင်။ နှစ်ကာလအချိန်တွေဘယ်လောက်ပဲကြာသွားသည်ဖြစ်ပါစေ။ ချစ်သူကတော့ သူမအနား၌ တစ်သက်လုံး မခွဲမခွာရှိကိုရှိမှာပဲဟူ၍တည်း…။

မည်သူတစ်ဦးတစ်ယောက်ကမှ ရိပ်မိသေးခြင်းမရှိသော မြတ်ကျေးညိုရဲ့ စိတ်ကူးနဲ့ဖန်တီးလျက် စိတ်ဖြေသိမ့်ကျေနပ်နေခြင်းများ အယူအဆအတွေးအခေါ်လွဲချော်နေခြင်းများ…။

စသည်…စသည်သော နေ့ပေါင်းများစွာ၊ ညပေါင်းများစွာတွေ၊ မနက်ဖြန်ပေါင်းများစွာတည်းဟူသော အဆုံးမဲ့အနန္တခရီးရှည်ကြီးတစ်ခုထဲမှာ မြတ်ကျေးညိုကား မမောနိုင်မပန်းနိုင်အောင်ပင် ဖြတ်သန်းလို့ကောင်းနေဆဲ…။



BURMESE CLASSIC .com

# မနက်ဖြန်တို့ရဲ့အဆုံးမဲ့ခရီးရှည်

www.burmeseclassic.com


www.burmeseclassic.com





ဆိုင်းဆိုင် ဆိုတဲ့ကောင်လေးတစ်ယောက် အတွက်လဲ မနက်ဖြန်များစွာတွေမှာ အဆုံးမဲ့တဲ့ခရီးရှည်ကြီးကို ဖြတ်သန်းနေရမှာပါ။

မြတ်ကျေးညိုဆိုတဲ့ ကောင်မလေးတစ်ယောက်အတွက်လဲ အစွဲအလန်းတစ်ခုနဲ့ အဓိပ္ပာယ်ရှိမယ့် မနက်ဖြန်တွေကို အဆုံးမဲ့စွာ ဆက်လက်ဖြတ်သန်းနေရမှာပါ။



ရှင်မိုး

([illegible])

14th June,

wednesday,

2000.

www.burmeseclassic.com